# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောည့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏။ ပကိဏ္ဏကဝဂ်(ဓမ္မပဒ-၂၉၆)


၁၃၈၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၂၉၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ထားသည့် နယ်ပယ်အလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံပေးရန်လို

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး


*စာမျက်နှာ ၃ ကော်လံ ၁* ❖



**ယနေ့** *ဖတ် စ ရာ*

**စိတ်ကူးယဉ်နိုင်ငံရေးမှ နိုးထချိန်တန်ပြီ** *ဆောင်းပါး* စာ - ၁၀

**အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကန့်သတ်ချက်များအနက် တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးမည်** *နိုင်ငံတကာသတင်း* စာ - ၁၃

**အလုပ်သမားရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည့် ဥရောပဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ** *နိုင်ငံတကာရေးရာ* စာ - ၁၄

# မပျက်မကွက်၊ ဆက်ဆက်ထိုးနှံ

ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံမှုကို လူတိုင်းခံယူကြရန်လိုသည်။ တကယ်တမ်းတွင်မူ လူတိုင်းဟုဆိုရာ၌လည်း ဆေးထိုးခွင့်ရသူတို့သာ ထိုးနှံခံကြရဦးမှာဖြစ်သည်။ ကိုဗစ်–၁၉ ကပ်ရောဂါလှိုင်းတို့ တစ်ကြိမ်ပြီး တစ်ကြိမ် ရိုက်ခတ်၍ ရောဂါပိုးမျိုးဗီဇပြောင်းလဲခြင်းနှင့်အတူ ရောဂါကူးစက်ပြန့်ပွားမှု မြန်ဆန်ပြင်းထန်လာနေချိန်တွင်ပင် ကာကွယ်ဆေးကို ဆန့်ကျင်ငြင်းဆန်နေကြသူများ နိုင်ငံတကာတွင် ရှိနေကြသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံတွင်လည်း အိန္ဒိယနိုင်ငံမှ ရရှိသည့် ကိုဗစ်ရှီးလ် ကာကွယ်ဆေးထိုးနှံပေးချိန်တွင် ဆေးထိုးမခံခဲ့ကြသူများ ရှိခဲ့သည်။ ကိုဗစ်–၁၉ တတိယလှိုင်းဝင်လာချိန်တွင်မူ ကာကွယ်ဆေးထိုးထားသူများမှာ အလွယ်တကူဖြင့် ရောဂါကူးစက်မှုကို မခံစားခဲ့ကြရသလို ရောဂါကူးစက်ခံရသူများ ပြင်းထန်စွာ မခံစားကြရခြင်း၊ အသက်အန္တရာယ်ရင်ဆိုင်ရသည်ထိ မဖြစ်ခဲ့ခြင်း စသောအကျိုးရလဒ်များ ရရှိခဲ့ကြသည်။

ကာကွယ်ဆေး မထိုးလိုသူများတွင် အချို့က ကာကွယ်ဆေးထိုးနှံမှုခံယူပြီးနောက် ဖြစ်ပေါ်လာတတ်သည့် တုံ့ပြန်မှုများဖြစ်သော အနည်းငယ်ဖျားခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ ချမ်းတုန်ခြင်း၊ ယားယံခြင်း လက္ခဏာများကို မခံစားလို၍ဖြစ်ကြသည်။ သို့ရာတွင် အဆိုပါ တုံ့ပြန်မှုများမှာ လူတိုင်းတွင် ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ အများစုမှာ ပုံမှန်အတိုင်းသာ ရှိခဲ့သည်။ လူအချို့ကမူ ကိုဗစ်–၁၉ ကာကွယ်ဆေးနှင့် ပတ်သက်၍ လူမှုကွန်ရက်မှ သတင်းမှားများနှင့် သွေးထိုးလှုံ့ဆော်မှုများကို နားယောင်ခဲ့ကြခြင်းကြောင့်ဖြစ်သည်။ မည်သို့ဆိုစေ မြန်မာနိုင်ငံတွင် ထိုးနှံပြီး၊ ထိုးနှံဆဲနှင့် ဆက်လက်ထိုးနှံပေးသွားမည့် ကာကွယ်ဆေး အားလုံးတို့မှာ အခြားကမ္ဘာ့နိုင်ငံများစွာတို့တွင်လည်း ထိုးနှံလျက်ရှိသော၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသုံးပြုခွင့်ပေးထားသော ကာကွယ်ဆေးများဖြစ်ပြီး အာနိသင်ထိရောက်မှုရှိသော၊ လုံခြုံစိတ်ချရသော ကာကွယ်ဆေးများပင်ဖြစ်သည်။ ဤတွင် မည်သည့်နိုင်ငံက ထုတ်သော ကာကွယ်ဆေးက ကောင်း၍၊ မည်သည့်နိုင်ငံက ထုတ်သော ကာကွယ်ဆေးက ဆိုးသည် စသော အွန်လိုင်းပေါ်မှ အရေးအသားများအပေါ် ဆင်ခြင်စဉ်းစားကြရန်လည်း လိုအပ်သည်။ ကမ္ဘာ့ထိပ်တန်းနိုင်ငံကြီး၊ ကမ္ဘာပေါ်တွင် ကာကွယ်ဆေး အများဆုံးထုတ်လုပ်သော နိုင်ငံကြီးတို့တွင် ရောဂါကူးစက်မှုနှင့် သေဆုံးမှုတို့ အများဆုံးဖြစ်ပေါ်နေရာ ကာကွယ်ဆေး ကောင်းခြင်း၊ မကောင်းခြင်းနှင့် မဆိုင်ဘဲ နိုင်ငံသူနိုင်ငံသားတို့ နယူးနော်မယ်နှင့် မည်မျှနေခြင်း၊ မနေခြင်းနှင့်လည်း သက်ဆိုင်နေသည်ဟု ယူဆနိုင်သည်။ သို့ဖြစ်ရာ တစ်ဖက်တွင်လည်း ကာကွယ်ဆေးထိုး၊ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများနှင့်လည်း နေထိုင်သွားခြင်းဖြင့် ကိုဗစ်–၁၉ ကို ထိထိရောက်ရောက် ကာကွယ်ထိန်းချုပ်သွားနိုင်မည်ဖြစ်သည်။

ယခုအခါ တရုတ်နိုင်ငံက လှူဒါန်းသည့် ကာကွယ်ဆေးများ၊ မြန်မာနိုင်ငံက တရုတ်နိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများ၊ တစ်သုတ်ပြီး တစ်သုတ်ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ဒေသအနှံ့အပြားတွင် ကာကွယ်ဆေးထိုးလုပ်ငန်းများ ပြုလုပ်နေပြီဖြစ်သည်။ ဆက်လက်၍လည်း အိန္ဒိယနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများ၊ Covax Facility အစီအစဉ်မှ ရရှိမည့် ကာကွယ်ဆေးများ၊ ရုရှားနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများ ဆက်လက်၍ ရောက်ရှိလာမည်ဖြစ်ပြီး ဦးစားပေးအုပ်စုများအလိုက် ထိုးနှံပေးသွားမည်ဖြစ်ရာ အခွင့်အခါကျရောက်လာပါက မပျက်မကွက်ဆက်ဆက်ခံယူကြခြင်းဖြင့် ကပ်ရောဂါကူးစက်ခံရချိန်တွင် ဖြစ်ပေါ်ခံစားကြရမည့် အန္တရာယ်တို့မှ လွတ်ကင်းနိုင်ကြမည်ဖြစ်သည်။

ကိုဗစ်–၁၉ ကာကွယ်ဆေးကို သေဆုံးမှုလျှော့ချရေး၊ ရောဂါကူးစက်ပြန့်ပွားမှု တားဆီးရေး၊ နိုင်ငံစီးပွားရေး ထိခိုက်မှုဖြစ်ပွားစေနိုင်မည့် အခြေအနေများ မဖြစ်ပေါ်စေရေးတို့ကို ရည်ရွယ်၍ ဦးစားပေးအုပ်စုများ ခွဲခြားထိုးနှံပေးသွားမည်ဖြစ်ပြီး "ကာကွယ်ဆေးများ အချိန်မီ ထိုးနှံပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရန်၊ ၂၀၂၁ ခုနှစ်အတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ထိုးနှံပေးနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိသော်လည်း ၇၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ထိုးနှံနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း တိုက်တွန်းပြောကြားထားသည်။ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု လျင်လျင်မြန်မြန်နှင့် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံနိုင်သည်နှင့်အမျှ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး အပါအဝင် ကဏ္ဍအသီးသီးတို့ လျင်လျင်မြန်မြန် ပြန်လည်သက်ဝင်လာနိုင်မည် ဖြစ်သည့်အလျောက် အမျိုးသားရေးအသွင်ဖြင့် လူတိုင်း၊ အဖွဲ့အစည်းတိုင်းက ကျရာကဏ္ဍများမှ ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း။ ။

# ကိုဗစ်ရောဂါ ကာကွယ်ဖို့ ကာကွယ်ဆေးထိုးကြပါစို့

၁။ ကိုဗစ် – ၁၉ ရောဂါ ဖြစ်ပွားမှုလှိုင်းတွေ အဆင့်လိုက်၊ အဆင့်လိုက် ဖြစ်နေရာမှာ ကိုရိုနာဗိုင်းရပ်စ်ရောဂါကို ကမ္ဘာတစ်ဝန်းလုံးမှာ ထိန်းချုပ်နိုင်ဖို့ အရေးကြီးဆုံး သော့ချက်နဲ့ တစ်ခုတည်းသော ထွက်ပေါက်လို့လည်း ပြောလို့ရတာက ကာကွယ်ဆေးဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများမှာ ကာကွယ်ဆေးထိုး လုပ်ငန်းတွေကို အားစိုက်ပြီး ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လျက် ရှိပါတယ်။

၂။ ကိုဗစ် – ၁၉ ရောဂါကာကွယ်ဆေးအနေနဲ့ ခန္ဓာကိုယ်ထဲရှိတဲ့ ခုခံအားစနစ်ကို တုံ့ပြန်မှု အားကောင်းအောင် ဆောင်ရွက်ပေးပါတယ်။ ဗိုင်းရပ်စ်တွေက ခန္ဓာကိုယ်မှာရှိတဲ့ ဆဲလ်တွေထဲကိုဝင်ပြီး ပွားများလာရင် ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ် ပြန်လည်တုံ့ပြန်ပါတယ်။ ဒီလိုတုံ့ပြန်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်မှာ **ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရင် ရောဂါပိုးကို ပြန်လည်တုံ့ပြန် ထိန်းချုပ်ချေဖျက်နိုင်မှုက ကာကွယ်ဆေးအပေါ်မှာ မူတည်ပြီး ရောဂါကူးစက်မှုကို ၈၀ ရာခိုင်နှုန်းအထက် အကာအကွယ်ပေးနိုင်ပါတယ်။ ရောဂါဝေဒနာ ပြင်းပြင်းထန်ထန် ခံစားရမှုကို ၉၅ ရာခိုင်နှုန်း အထက်အထိ ကာကွယ်ပေးနိုင်ပါတယ်။**

၃။ ဒါကြောင့် ကာကွယ်ဆေးက အဓိကဖြစ်ပါတယ်၊ ကာကွယ်ရေး နည်းလမ်းတွေထဲမှာ ပါးစပ် နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ ခပ်ခွာခွာနေပါ၊ ဒါတွေက တတ်နိုင်သမျှ ကိုယ့်ခန္ဓာကိုယ်ထဲကို ရောဂါပိုး မဝင်နိုင်အောင် လုပ်တာပါ။ ဒီကြားထဲကမှထပ်ပြီး ပိုးက ဝင်လာရင် ကာကွယ်ဆေးထိုးထားတဲ့အခါ ခန္ဓာကိုယ်ထဲမှာ အသင့်ရှိနေတဲ့ ပဋိပစ္စည်းတွေက ဝင်လာတဲ့ ဗိုင်းရပ်စ်ကို ဖမ်းပြီးတားဆီးလိုက်တဲ့အတွက် ရောဂါရဲ့ နောက်ဆက်တွဲဖြစ်တဲ့ ခန္ဓာကိုယ်ရဲ့ ခုခံအားစနစ်တွေ ပရမ်းပတာဖြစ်ပြီး ရောဂါကြောင့် သေဆုံးမှုနှုန်း ကျသွားပါတယ်။ ဒါက ကာကွယ်ရေးမှာ ကောင်းတဲ့အချက်ဖြစ်ပါတယ်။

၄။ နောက်တစ်ခုက မိသားစုထဲမှာ ဘယ်လိုကောင်းကျိုးတွေ ရမလဲဆိုရင် ဗိုင်းရပ်စ်က နှာခေါင်း၊ ပါးစပ်က ဝင်လာတဲ့အခါ ပဋိပစ္စည်းတွေ ချေဖျက်လိုက်တဲ့အတွက် မတော်တဆ ပိုးဝင်သွားရင်တောင်မှ ဗိုင်းရပ်စ်က သူ့ခန္ဓာကိုယ်ထဲမှာ မရေတွက်နိုင်အောင် အကောင်တွေ အများကြီးပွားလို့ မရတော့ဘူး။ သူ့နှာခေါင်း၊ ပါးစပ်ကနေ ထွက်တာလျော့သွားမယ်။ လျော့သွားရင် သူ့မိသားစု၊ သူနဲ့ထိတွေ့တဲ့သူတွေ ကူးစက်နိုင်ဖို့အတွက် တော်တော်အခွင့်အလမ်းနည်းသွားပါတယ်။ ဒါကြောင့် ကာကွယ်ဆေးတွေသည် ရောဂါကူးစက်မှုကို လျော့ကျစေပါတယ်။ ရောဂါ ပြင်းပြင်းထန်ထန်ဖြစ်ပွားမှုကိုလည်း အတော့်ကိုလျော့ကျသွားစေတယ်။ အလွန်ကောင်းကျိုးရှိတဲ့ကိစ္စပါ။

၅။ ဒါကြောင့် ကမ္ဘာ့နိုင်ငံကြီးတွေအနေနဲ့ ကိုဗစ်ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းမှရရှိလာတဲ့ အကျိုးကျေးဇူးတွေကို သိရှိတဲ့အတွက် သူတို့နိုင်ငံအတွင်းမှာ အရေးတကြီး ထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးထိုးခြင်းရဲ့ ကောင်းကျိုး နောက်တစ်ခုအနေနဲ့ မကြာခင်က အင်္ဂလန်နိုင်ငံမှာ ကျင်းပခဲ့တဲ့ ယူရို ၂၀၂၁ ဘောလုံးပြိုင်ပွဲကို တက်ရောက်အားပေးကြတဲ့ ပရိသတ်တွေအနေနဲ့ မည်သည့် အကာအကွယ်မှ ဝတ်ဆင်စရာမလိုဘဲ ဘောလုံးကွင်းထဲမှာ လွတ်လပ်ပေါ့ပါးစွာနဲ့ ပါဝင်အားပေးနိုင်ကြတာကို တွေ့ရပါတယ်။

၆။ ဒီအတွက် မကြာမီ နိုင်ငံတစ်ဝန်းမှာ ထိုးနှံပေးမည့် ကာကွယ်ဆေးထိုးအစီအစဉ်တွေမှာ မိမိနဲ့ မိမိ မိသားစုအတွက် ရရှိလာမယ့် အခွင့်အရေးကို လက်လွတ်မခံဘဲ ပါဝင်ထိုးနှံပေးကြဖို့ လိုအပ်ပါတယ်။ မိမိတို့ နေထိုင်ရာ ဒေသ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ် တစ်ခုလုံး ကာကွယ်ဆေးထိုးနှံပြီးပါက မိမိတို့ရဲ့ နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စတွေကို ကိုဗစ်ဘေးကင်းဝေးပြီး စိတ်ချယုံကြည်စွာနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

၇။ ကိုဗစ် ကူးစက်နိုင်မှုကင်းစင်သော ရပ်ရွာအဖြစ် ရှင်သန်နိုင်ဖို့အတွက် အားလုံးကဦးစားပေး အစီအစဉ်အလိုက် ကာကွယ်ဆေးထိုးလုပ်ငန်းတွေမှာ ပါဝင်ကြပါလို့ တိုက်တွန်းလိုက်ပါတယ်။

# အသိပေးကြေညာခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် COVID–19 ရောဂါကူးစက်မှုကို ထိရောက်စွာ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ဇူလိုင်လ ၂၆ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် ကြေညာခဲ့ပါသည်။ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အတွင်း COVID–19 ရောဂါ ကာကွယ်ကုသမှုဆိုင်ရာ ဆေးဝါး/ဆက်စပ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်း တင်သွင်းခြင်းကိစ္စရပ်များအား (ရေကြောင်း/လေကြောင်း/နယ်စပ်) လမ်းကြောင်းများမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ အခက်အခဲမရှိ တင်သွင်းနိုင်ရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ပိတ်ရက်မရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

# မန္တလေး မြန်မာ့စီးပွားရေးဘဏ် (၂) တွင် ဇူလိုင်လအတွက် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၆**

မန္တလေး အောင်မြေသာစံမြို့နယ် ၈၃ လမ်းနှင့် ၂၄ လမ်းရှိ မြန်မာ့စီးပွားရေးဘဏ် (၂) တွင် ဇူလိုင်လအတွက် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို စနစ်တကျ ထုတ်ပေးလျက်ရှိသည်။

ပင်စင်လစာငွေများ ထုတ်ပေးရာတွင် အငြိမ်းစားဝန်ထမ်းများ စောင့်ဆိုင်းရာ၌ အဆင်ပြေစေရန် အမိုးများမိုးပေးထားပြီး ခြောက်ပေကွာ ထိုင်နိုင်ရန် ထိုင်ခုံများစနစ်တကျ ထားရှိပေးသည်။ လာရောက်ထုတ်ယူသူများကလည်း နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်ထားကြပြီး ဘဏ်ဝန်ထမ်းများကလည်း စိတ်ရှည်စွာ လုပ်ဆောင်ပေးသည်။

ကိုဗစ်–၁၉ နှင့် အသွားအလာ ကန့်သတ်ထားမှုကြောင့် စပေးသည့်နေ့တွင် ယခင်လများထက် ထုတ်ယူသူ နည်းပါးသည်ကို တွေ့ရှိရသည်။ **ခင်ခင်ဝင်း (ပညာရေး)**

# မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ပင်စင်စား မိဘပြည်သူများသို့ ပန်ကြားချက်

မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတော်မှ သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ကာလများအတွင်း နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို Stay at Home သတ်မှတ်ထားသည့်နယ်မြေများအပါအဝင် မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် ထုတ်ပေးရေး ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

သို့ပါ၍ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လစာငွေများ ထုတ်ယူနေကြသော မိဘပင်စင်စားများသည် COVID–19 ရောဂါ ကူးစက်မှုမှ ကာကွယ်နိုင်ရေးအတွက် ၂၆–၇–၂၀၂၁ ရက်နေ့အပါအဝင် ဘဏ်ဖွင့်ရက်များတွင် ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာညွှန်ကြားချက်များနှင့်အညီ ဘဏ်လုပ်ငန်းချိန်အတွင်း ထုတ်ယူနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

❖ *ရှေ့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။




ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပဉ္စမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်စဉ်။

- ❑ ဇူလိုင်လအတွင်း ရက်အလိုက် ကြည့်မည်ဆိုပါက ကူးစက်ဖြစ်ပွားမှု လျော့ကျလာသည်ဆိုသော်လည်း သွားလာမှုများကို ကန့်သတ်ထိန်းချုပ်ထားနိုင်မှသာလျှင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းနှင့် မလိုအပ်ဘဲ သွားလာမှုများ မပြုလုပ်ကြရန် လိုအပ်
- ❑ ရောက်ရှိလာသည့် ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်
- ❑ မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေမှုများကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်

## အမြန်ဆုံးထိုးနှံပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ ဆုံးဖြတ်ချက်များကို သွက်လက်မြန်ဆန်စွာချမှတ်ပြီး ကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေး၊ လိုအပ်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးများကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၂၅ ရက်အထိ ကမ္ဘာတစ်ဝန်းလုံးတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူပေါင်း ၁၉၄ သန်း ကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံ၌ ၂၆၀၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ဇူလိုင်လအတွင်း ရက်အလိုက် ကြည့်မည်ဆိုပါက ကူးစက်ဖြစ်ပွားမှု လျော့ကျလာသည်ဆိုသော်လည်း သွားလာမှုများကို ကန့်သတ်ထိန်းချုပ်ထားနိုင်မှသာလျှင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းနှင့် မလိုအပ်ဘဲ သွားလာမှုများ မပြုလုပ်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောက်ရှိလာသည့် ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေး ထိရောက်မြန်ဆန်စွာ ဆောင်ရွက်ရန် ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်နေမှုများကို အမြန်ဆုံးအကောင်အထည်ဖော်ပြီး ကာကွယ်ဆေး ထုတ်လုပ်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

## အလေးထား ဆောင်ရွက်

ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးပစ္စည်းများနှင့်အခြားအိမ်သုံးအခြေခံ ဆေးပစ္စည်းများရောင်းချသည့် အချို့သောဆေးပစ္စည်းဆိုင်များသည် ဈေးနှုန်းတင် ရောင်းချခြင်း၊ သိုလှောင်ပြီး ပစ္စည်းပြတ်လပ်မှုများ ဖြစ်ပေါ်စေရန် ဆိုင်ပိတ်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင် ဆေးပစ္စည်းရောင်းချမှုများနှင့် ပတ်သက်၍ စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ကြပ်မတ်ပေးရန်လိုကြောင်း၊ အစိုးရအနေဖြင့် လိုအပ်နေသည့် ဆေးပစ္စည်းများကို ပြည်ပမှတစ်ဆင့် တင်သွင်းခွင့်ပြုပေးထား၍ ဆေးဝါးတင်သွင်းမှုနှင့် ပတ်သက်လာပါက မည်သည့်ကန့်သတ်ချက်မျှပေးထားခြင်းမရှိကြောင်း၊ တိုက်ရိုက်စီမံခန့်ခွဲသူများ၏ ကိုယ်ပိုင်စဉ်းစားတွေးခေါ်မှုများဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန် လိုအပ်သောကြောင့် သက်ဆိုင်ရာနယ်မြေအသီးသီးရှိ တာဝန်ရှိသူများအနေဖြင့်လည်း မျက်ခြည်မပြတ် စောင့်ကြည့်၍ အလေးထား ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ဆေးပစ္စည်းများနှင့် ပတ်သက်လာပါက ပြည်သူ့လက်ဝယ်သို့ မြန်မြန်ဆန်ဆန် ရောက်ရှိရမည်ဖြစ်ကြောင်း၊ ဆေးပစ္စည်းတင်သွင်းမှု ထိရောက်မြန်ဆန်စေရေး One-stop-service များလည်း ပြုလုပ်ပေးထားပြီးဖြစ်သဖြင့် ဆေးပစ္စည်းများနှင့် ပတ်သက်လာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်ဥက္ကဋ္ဌများ၊ ဝန်ကြီးဌာနများက အထူးအလေးထား ကြပ်မတ်ဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း။

## စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်

ဆေးရုံ၊ ဆေးခန်းများသို့ လာရောက်ပြသသောသူများကို ၎င်းတို့၏ ကျန်းမာရေးအခြေအနေ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဆေးရုံတက်ကုသမှုခံယူရန် လိုအပ်မှု ရှိ၊ မရှိ ဆုံးဖြတ်ကြရပြီး ယင်းသို့ဆုံးဖြတ်ရာတွင် စီမံခန့်ခွဲမှုနည်းလမ်းအရ ကူညီဆောင်ရွက်နိုင်ရေးနှင့် မှန်ကန်မှုရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကုသမှုပေးရန် လိုအပ်နေသည့်သူများကို မဖြစ်မနေကုသမှု လုပ်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို ကျန်းမာရေးဝန်ထမ်းများသာမက အခြားဌာနဆိုင်ရာများမှလည်း ဝိုင်းဝန်းကူညီဆောင်ရွက်နိုင်ရေး တိုင်းဒေသကြီးနှင့်ပြည်နယ်ကောင်စီအသီးသီးက သင့်တော်သလို တာဝန်ခွဲဝေဆောင်ရွက်ပေးရန်လိုကြောင်း၊ စီမံခန့်ခွဲမှု ကောင်းမွန်ခြင်းအပေါ် မူတည်၍ လုပ်ငန်းအောင်မြင်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင် လိုအပ်ချက်များရှိသည်ဟု ထွက်ပေါ်နေခြင်းနှင့် ပတ်သက်၍ လိုအပ်သည့်နေရာများကို စနစ်တကျဖြန့်ခွဲပေးရန် စီမံခန့်ခွဲမှုအပိုင်း အားနည်းခြင်းများ ရှိနိုင်သဖြင့် အောက်ဆီဂျင် ထုတ်လုပ်မှု၊ မှာယူတင်သွင်းမှု၊ ဖြန့်ခွဲမှုတို့ကို စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကိုဗစ်– ၁၉ ရောဂါဖြစ်ပွားမှုကြောင့် တစ်ကမ္ဘာလုံးတွင် အခက်အခဲများ ရင်ဆိုင်ရလျက်ရှိပြီး ကုန်ထုတ်လုပ်မှုကိစ္စရပ်များနှင့် ပတ်သက်၍ စား၍ကုန်သည့် ပစ္စည်း၊ သုံး၍ကုန်သည့် ပစ္စည်း၊ သောက်၍ကုန်သည့် ပစ္စည်း စသည့်စားသောက်သုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကန့်သတ်မှုများ ပြုလုပ်မထားကြောင်း၊ စားရေးသည် အဓိကဖြစ်၍ အခက်အခဲမရှိအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ individual လုပ်ကိုင်သည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဆက်မပြတ် လုပ်ကိုင်ကြရန်လိုကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့် ပတ်သက်သည့် လိုက်နာရမည့် အသိပေးချက်၊ သတိပေးချက်များကိုလည်း ပြည်သူများ သိရှိစေရန်၊ လိုက်နာစေရန် မကြာခဏ ပြောဆိုသတိပေးနေရန် လိုအပ်မည်ဖြစ်ကြောင်း။

## ကြိုတင်မျှော်တွေး ပြင်ဆင်

လက်ရှိမိုးရာသီတွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှု အားကောင်းလျက်ရှိပြီး တစ်ဖက်က စိုက်ပျိုးရေးလုပ်ငန်းအားကောင်းနိုင်သကဲ့သို့ တစ်ဖက်ကလည်း မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်မျှော်တွေး ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် ဝယ်ယူထားရှိသည့်ပစ္စည်းများကို လက်တွေ့ကျကျ အသုံးချကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

## အသိစိတ်ဓာတ်ရှိရှိ လုပ်ပေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ကာကွယ်ဆေးထိုးနှံရေး၊ စိုးရိမ်ကြောင့်ကြမှုများကို ဖြေလျှော့ရန် စီမံဆောင်ရွက်ပေးနိုင်ရေး၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ပြင်ဆင်ကာကွယ်နိုင်ရေးစသည့် အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် **“အဓိကကတော့ ဖြစ်ပွားမှုနှုန်းက အရေအတွက်အားဖြင့် လျော့တာပေါ့။ သို့သော်လည်း ဒါစိတ်ချရတဲ့အနေအထား မရှိသေးဘူးဆိုတာ ကျွန်တော် ပြောလိုပါတယ်၊ ဒါနံပါတ် တစ်အချက်ပေါ့။ နံပါတ်(၂) အချက်ကတော့ ကာကွယ်ဆေးနဲ့ ပတ်သက်လို့ ထိုးဖို့အတွက်က မြန်မြန်ဆန်ဆန်ထိုးဖို့ လိုပါတယ်။ ဒီဆေးထိုးရေးကို တာဝန်ပေးမယ့်ပုဂ္ဂိုလ်များကိုလည်း သူတို့ ဆောင်ရွက်နိုင်အောင် ကူညီပေးဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ ဆေးများနဲ့ ပတ်သက်ပြီး စိုးရွံ့ကြောင့်ကြမှု ရှိပြီးတော့မှ ဆေးဆိုင်တွေမှာ ထိန်းသိမ်းထားတာတွေ ပိတ်ထားတာတွေ ဒါမျိုးမဖြစ်အောင်လို့လည်း စီမံခန့်ခွဲမှုလမ်းကြောင်းကနေပြီးတော့ သူတို့ကိုလည်း ဆေးဆိုင်တွေ ဖွင့်ရောင်းဖို့ရယ် ထိုက်သင့်တဲ့တန်ဖိုးနဲ့ ရောင်းဖို့ရယ် ဒါတွေကို အသိစိတ်ဓာတ်ရှိရှိ လုပ်ပေးဖို့ပဲ ပြောလိုတယ်။ နောက်ဆုံးကတော့ ဒီသဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်လို့ဆိုရင်တော့ သဘာဝဘေးအန္တရာယ်တွေကို ဒါကြိုတင် တွက်ပြီးတော့လည်း လုပ်ပါ။ ဖြစ်မှလုပ်ပါမဟုတ်ဘူး ကြိုတင်ပြီးတော့ စဉ်းစားပြီးတော့မှ ဒီနေရာတွေ ဒီနေရာတွေတော့ အရင်ဖြစ်ခဲ့ဖူးတဲ့ သာဓကတွေရှိတယ်၊ ဒီနေရာ ဒီနေရာကတော့ ဖြစ်တတ်တဲ့ သာဓကတွေရှိတယ်၊ ဒါကြောင့် စီမံခန့်ခွဲရေးနည်းလမ်းနဲ့ ကြိုတင်ပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင်တော့ ဖြစ်ပွားမယ် အချိန်မှာ ကျွန်တော်တို့ ခံရမယ့်ဒဏ်ကတော့ လျော့သွားတာပေါ့။ ဒါကြီးက ကျွန်တော်တို့ တားလို့ဆီးလို့လည်း ရတာမဟုတ် ပါဘူး။ တားလို့ဆီးလို့ မရတာကြောင့် ဖြစ်ပွားမယ့်ဟာကတော့ အပျက်အစီး ပိုနည်းသွားမယ့် သဘောရှိတယ် ဒါကိုလည်း ကြိုတင်စဉ်းစားပြီး ဆောင်ရွက်သွားကြပါလို့ ကျွန်တော် အဖွင့်အနေနဲ့ ပြောလိုပါတယ်”**ဟု ပြောသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ကောင်စီအဖွဲ့ဝင်များ၊

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေများနှင့် မြန်မာနိုင်ငံအတွင်း ကူးစက်ပြန့်ပွားမှုအခြေအနေ၊ Test Center များ တိုးချဲ့ဖွင့်လှစ်၍ ယနေ့မှစတင်ကာ လူစုလူဝေးဖြစ်ပွားမှု မရှိစေရေး စနစ်တကျကြပ်မတ်၍ စစ်ဆေး ဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ ထွက်ပေါ်လာသည့် စစ်ဆေးချက်အဖြေများအပေါ်မူတည်၍ သက်ဆိုင်ရာ Center အသီးသီးသို့ လူနာတင်ယာဉ်များနှင့် ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေ၊ စစ်ဆေးမှုများ ပိုမိုပြုလုပ်နိုင်ခြင်းကြောင့် အတည်ပြုလူနာများ ပိုမိုများပြားလာနိုင်ပြီး ၎င်းတို့အား ထားရှိရန်အတွက် Center များ တိုးချဲ့တည်ဆောက်ခြင်း၊ အောက်ဆီဂျင် လိုအပ်ချက်ဖြစ်ပေါ်မှု မရှိစေရေးအတွက် ဆောက်ရွက်လျက်ရှိသည့်အခြေအနေ၊ ရောက်ရှိလာသည့် ကာကွယ်ဆေးများကို ယနေ့တွင် စတင်ထိုးနှံပေးနေမှုအခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်၊ ရဟတ်ယာဉ်၊ လေယာဉ်များဖြင့် ပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ကာကွယ်ဆေး ထိုးနှံရေးအတွက် နယ်ပယ် ၁၂ ခု သတ်မှတ်ထားပြီး နယ်ပယ်များအလိုက် ဦးစားပေးထိုးနှံနိုင်ရေး ဆောင်ရွက်ထားရှိသည့်အခြေအနေ၊ ကာကွယ်ဆေးထိုးနှံရန်အတွက် SOP များ ရေးဆွဲ၍ စနစ်တကျထိုးနှံရေး၊ မှတ်တမ်းတင်ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆေးဝါးများ၊ အောက်ဆီဂျင်များနှင့် အထောက်အကူပြုဆေးပစ္စည်းများကို အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ဆက်လက်၍ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်းမှတစ်ဆင့် ထပ်မံဝင်ရောက်လာမည့်အခြေအနေ၊ အများပြည်သူ ရုံးပိတ်ရက်ကာလအတွင်း ဘဏ်များဖွင့်လှစ်၍ ပင်စင်လစာနှင့် လစာငွေများ လွယ်ကူချောမွေ့စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ယနေ့မှစ၍ Stock Exchange ရောင်းချမှုအား Online မှတစ်ဆင့် ဆောင်ရွက်နေသည့် အခြေအနေ၊ ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ သတင်းများထုတ်လွှင့်မှု၊ အသိပညာပေးအစီအစဉ်များကို တိုင်းရင်းသား ဘာသာများဖြင့်ပါ ကျယ်ပြန့်စွာ ဆောင်ရွက်နေမှုအခြေအနေ၊ ဆိပ်ကမ်းအသီးသီးတွင် ထုတ်ယူရန် ကျန်ရှိသည့် ဆေးဝါးများနှင့် ပတ်သက်၍ အမြန်ဆုံးလာရောက် ထုတ်ယူ၍ ပြည်သူလူထုအတွင်းသို့ ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်သွားမည့်အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

❍ **လက်ရှိမိုးရာသီတွင် တစ်နိုင်ငံလုံး မိုးရွာသွန်းမှု အားကောင်းလျက်ရှိပြီး တစ်ဖက်က စိုက်ပျိုးရေးလုပ်ငန်း အားကောင်းနိုင်သကဲ့သို့ တစ်ဖက်ကလည်း မိုးရွာသွန်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေကြီးရေလျှံမှုများအတွက် ကြိုတင်မျှော်တွေး ပြင်ဆင်ထားကြရန် လိုအပ်**

❍ **တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ လူမှုအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်း၍ ဆောင်ရွက်ကြရမည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍လည်း ဆောင်ရွက်**

❍ **သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးအတွက် ဝယ်ယူထားရှိသည့်ပစ္စည်းများကို လက်တွေ့ကျကျ အသုံးချကြရန်လို**

### ဂရုပြုစောင့်ကြည့်သွားရန် လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လူနေထူထပ်သည့် ဒေသနှင့် မြို့နယ်များကိုလည်း အလေးထား၍ ဂရုပြုစောင့်ကြည့်သွားရန် လိုအပ်ကြောင်း၊ အောက်ဆီဂျင် လိုအပ်ချက် ဖြစ်ပေါ်လာမှု မရှိစေရေးအတွက် မျက်ခြည်မပြတ် စောင့်ကြည့်၍ လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေး ဌာနများအလိုက် ချိတ်ဆက်ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ အောက်ဆီဂျင်ရနိုင်သည့် အရင်းအမြစ်နေရာများမှ နီးစပ်သည့်ဒေသအသီးသီးသို့ လျင်မြန်စွာပို့ဆောင်ပေးနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေးများ ထိုးနှံရာတွင် လိုအပ်လျက်ရှိသည့် တပ်ဘက်၊ အရပ်ဘက် ကျန်းမာရေးဆိုင်ရာဝန်ထမ်းများအား ချိတ်ဆက်၍ ဖြည့်ဆည်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ထားသည့် နယ်ပယ်အလိုက် ဦးစားပေးအဆင့်အတိုင်း အချိန်မီထိုးနှံပေးရန် လိုအပ်ကြောင်း၊ အိန္ဒိယနိုင်ငံမှ မှာယူထားသည့် ကာကွယ်ဆေးများကို လျင်မြန်စွာရရှိရေး ချိတ်ဆက် ဆောင်ရွက်သွားရန်လိုအပ်ပြီး အခြားပြည်ပနိုင်ငံများမှ မှာယူမှုများကိုလည်း စဉ်ဆက်မပြတ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေး ထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများအား ဖြန့်ခွဲ၍ တာဝန်ပေးအပ်သွားရန်နှင့် စနစ်တကျစာရင်းပြုစုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဆိပ်ကမ်းများနှင့် လေဆိပ်များသို့ ရောက်ရှိနေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးပစ္စည်းနှင့် အခြားအခြေခံအိမ်သုံးဆေးဝါးများအား အမြန်ဆုံးထုတ်ယူစေ၍ ပြည်သူလူထုလက်ဝယ်သို့ သင့်လျော်သည့်ဈေးနှုန်းဖြင့် ဖြန့်ဖြူးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုများကို လျှော့ချပေးနိုင်ရေးအတွက် Center များကို အဆင့်မြှင့်တင်ကုသနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်လျက်ရှိသည့်ဝန်ထမ်းများ၏ စားသောက်နေထိုင်ရေး လိုအပ်သည့် ကိစ္စရပ်များကိုလည်း ကောင်စီများအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လက်ရှိကာလအတွင်း အောက်ဆီဂျင် လိုအပ်မှုကို အဆက်မပြတ်ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်မီးပြတ်တောက်မှု မရှိစေရေး တာဝန်ရှိသူများက မျက်ခြည်မပြတ်စောင့်ကြည့်၍ ဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

### ချက်ချင်းအရေးယူ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ဖြည့်စွက်ပြောကြားရာတွင် **"အထူးသဖြင့် ကျွန်တော်ပြောချင်တာက ရန်ကုန်တိုင်းပါပဲ၊ ရန်ကုန်တိုင်းက အခု သေဆုံးမှုကလည်း အများဆုံးဖြစ်ပါတယ်။ လူဦးရေလည်း အများဆုံးဖြစ်တယ်၊ သိပ်သည်းမှုလည်း များတယ်၊ ဒါမနေ့ကအထိ ကျွန်တော်တို့ စာရင်းရထားတာ၊ ဒါအများဆုံး။ ဒုတိယကတော့ မန္တလေးတိုင်း၊ အများဆုံးဖြစ်တယ်။ သို့သော် ဒီလိုပြောလို့ စိတ်ပူစရာတော့မဟုတ်ပါဘူး၊ စိတ်ပူဖို့ ပြောတာလည်း မဟုတ်ဘူး၊ သို့သော် နည်းနည်းပိုဂရုစိုက်ဖို့ လိုတယ်။ အဲဒီတော့ အောက်ဆီဂျင်လိုလို့ရှိရင်လည်း အောက်ဆီဂျင်ကို Density များတဲ့အတွက်ကြောင့် သူက များများ ပေးဖို့လိုတယ် ဖြည့်ဆည်းပေးဖို့ လိုတာပေ့ါနော်။ အဲဒီတော့ ဆေးရုံတွေဆို လူကျပ်တယ်လို့ ပြောတာပေ့ါ၊ ဥပမာ - ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော် ဆေးရုံကြီး ဒါလူတွေကျပ်တယ်လို့ ပြောတယ်။ အဲဒီတော့ ကျွန်တော်တို့က ဆေးရုံမှာ လက်မခံနိုင်ဘူးဆိုရင် ဆေးရုံကဲ့သို့ လုပ်နိုင်တဲ့နေရာမျိုးရအောင် ဖန်တီးပေးဖို့ ကြားမှာယာယီဖန်တီးပေးရမယ်၊ ကျွန်တော်တို့ Quarantine စင်တာတွေ လုပ်ပေးထားတာတွေ ရှိတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ စင်တာဖွင့်ရုံနဲ့ မရဘူး ကျန်းမာရေးဆိုင်ရာဝန်ထမ်းတွေ ထားရမယ့်ဟာတွေ ရှိတယ်။ Quarantine စင်တာရယ် နောက်တစ်ခါ Positive လူနာတွေထားမယ့်နေရာရယ် ကုသရေးစင်တာထားမယ့် နေရာ၊ ကုသရေးစင်တာကတော့ ဒါမဖြစ်မနေ ဆရာဝန်တွေ ထားရမှာပေ့ါ။ အမြင့်ဆုံးကတော့ ကုသရေးစင်တာပဲ အဓိက Density များတဲ့ ရန်ကုန်တိုင်းလို မန္တလေးတိုင်းလိုဟာမျိုးမှာ ဒီကုသရေးနဲ့ ပတ်သက်ပြီးတော့ စင်တာနဲ့ ပတ်သက်ပြီးတော့ ဒီထက် တိုးချဲ့လို့ရမယ်ဆိုရင် တိုးချဲ့မယ်။ တစ်ဖက်ကလည်း လူထပ်ပေးဖို့လိုလို့ရှိရင် ထပ်ပြီးမှုရမယ့် သဘောရှိတယ် အဲဒါကို Realtime လုပ်ပါ။ ဟိုတင်ပြ ဒီတင်ပြတာတွေက ကြာပါတယ်။ ချက်ချင်းဆုံးဖြတ်ပြီး ချက်ချင်းအရေးယူ ဆောင်ရွက်တာ ကောင်းပါတယ်၊ အဲဒါလေးလုပ်ပေးပါလို့ ကျွန်တော်ကတော့ အကြံပြုလိုပါတယ်"** ဟု ပြောကြားသည်။

### ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ လွန်ခဲ့သည့် ရက်ပိုင်းအတွင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိရန်ရှိသည်ဟု သတင်းများ ရရှိခဲ့ကြောင်း၊ ပြည်ပသို့ရောက်ရှိပြီး အခက်အခဲများ ဖြစ်ပေါ်နေသည့် မိမိတို့နိုင်ငံသားများအား မည်သို့ပင် အခက်အခဲရှိသည်ဖြစ်စေ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

### စွမ်းရည်မြင့်သည့်ဆေးဝါးများ ထုတ်လုပ်

ဆေးဝါးတင်သွင်းနေရမှုများနှင့် ပတ်သက်၍ ပြည်တွင်း၌ လိုအပ်သည့် အခြေခံအိမ်သုံးဆေးဝါးများကို မိမိတို့ ပြည်တွင်း၌ပင် ထုတ်လုပ်သုံးစွဲနိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေမျိုးတွင် အများသုံးဆေးဝါးများကို ပြည်ပမှ တင်သွင်းနေရမှုများကို သင်ခန်းစာယူ၍ မိမိတို့နိုင်ငံရှိ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများတွင် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုများကိုလည်း အားပေးကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး စွမ်းရည်မြင့်သည့် ဆေးဝါးများကို ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း။

စားသောက်ကုန်နှင့်ပတ်သက်ပြီး ကုန်ဈေးနှုန်းတက်ခြင်းများကို တစ်ကမ္ဘာလုံး တွင်တွေ့ကြုံရလျက်ရှိသည်မှာ သဘာဝပင်ဖြစ်သော်လည်း သဘာဝမကျသည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ ဖြစ်လာ၍မရကြောင်း၊ Supply နှင့် Demand မမျှပါက ကုန်ဈေးနှုန်းတက်မည်ဖြစ်ပြီး ကုန်ကြမ်းများ ဈေးမတက်စေရေး၊ သယ်ယူပို့ဆောင်ရေးစရိတ်များ မကြီးမြင့်စေရေး လုပ်ဆောင်ပေးရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ အစာဈေးနှုန်းကြီးမြင့်မှု မရှိအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

### အင်တိုက်အားတိုက် လုပ်ဆောင်

သွားလာမှုနှင့် ပတ်သက်၍ ကန့်သတ်ချက်များ လုပ်ဆောင်ထားသည်ဖြစ်သော်လည်း မဖြစ်မနေ သွားလာရန် လိုအပ်သည်များကို ခွင့်ပြုပေးထားကြောင်း၊ တစ်မြို့နှင့်တစ်မြို့ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှုနှင့် ရောင်းဝယ်ဖောက်ကားမှုများ မပြတ်တောက်အောင်လုပ်ဆောင်ကြရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အင်တိုက်အားတိုက် လုပ်ဆောင်နေကြသည်ဖြစ်သော်လည်း ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးနှင့် ပတ်သက်၍ လုပ်ဆောင်နိုင်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **လွန်ခဲ့သည့်ရက်ပိုင်းအတွင်း တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မိမိတို့မြန်မာနိုင်ငံသားများ ပြန်လည်ရောက်ရှိရန် ရှိသည်ဟု သတင်းများရရှိခဲ့**

❖ **ပြည်ပသို့ရောက်ရှိပြီး အခက်အခဲများဖြစ်ပေါ်နေသည့် မိမိတို့နိုင်ငံသားများအား မည်သို့ပင် အခက်အခဲရှိသည်ဖြစ်စေ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်ပေးရမည်**

❖ **လေကြောင်း၊ ရေကြောင်း၊ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ လက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့၏ နေရပ်ဒေသအသီးသီးသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးကြရမည်**

# ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ရန်လိုအပ်

ပြည်သူလူထုအနေဖြင့်လည်း ရောဂါကူးစက်မှုနှင့် ပတ်သက်၍ သံသယရှိလာပါက မိမိတို့အိမ်တွင် ဆေးမီးတိုဖြင့်ကြိတ်၍ ကုသခြင်းများ ဆောင်ရွက်ခြင်းမပြုဘဲ သက်ဆိုင်ရာမြို့နယ်များအလိုက် ဖွင့်လှစ်ထားသည့် ဒေသန္တရ ကျန်းမာရေးဌာနများသို့ သွားရောက်အစစ်ဆေးခံရန်လိုအပ်ကြောင်း၊ ဆေးရုံသို့ တိုက်ရိုက်ချက်ချင်းသွားရောက်ရန် မလိုအပ်သေးဘဲ သက်ဆိုင်ရာ ဒေသန္တရ ကျန်းမာရေးအရာရှိမှစစ်ဆေးပြီး လိုအပ်ချက်ရှိပါက ဆေးရုံသို့ လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ဒေသန္တရ ကျန်းမာရေးဌာနများ၏ စစ်ဆေးမှုများသည်လည်း ထိရောက်မှုရှိကြောင်း၊ ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် သတင်းပို့ဆက်သွယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ရောဂါကူးစက်မှုခံရသူများအနေဖြင့် သတ်မှတ်ထားသည့် ကျန်းမာရေးနှင့် လျော်ညီသည့်နေရာတစ်ခုတွင် သီးသန့်နေထိုင်ရန်လိုအပ်ကြောင်း၊ အားလုံး ကျန်းမာရေးအသိဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၂-၇-၂၀၂၁ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊တုံ့ပြန်ရေးလုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များဖော်ထုတ်ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင် ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များဖော်ထုတ်ဆွေးနွေးခြင်းကို ယနေ့ နံနက်ပိုင်းက Online ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြေပြင်တွင် လက်တွေ့ဆောင်ရွက်ပေးလျက်ရှိသည့် စေတနာ့ဝန်ထမ်း၊ ပရဟိတအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ Virtual ဖြင့် တက်ရောက်ခဲ့ကြသည်။



ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသော စေတနာ့ဝန်ထမ်းများ၏ လိုအပ်ချက်များ ဖော်ထုတ်ဆွေးနွေးခြင်းကို Online ဖြင့် ကျင်းပစဉ်။

## ကူညီစောင့်ရှောက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် လူဦးရေထူထပ်များပြား၍ သွားလာရေးခက်ခဲမှုများရှိပါကြောင်း၊ ပရဟိတအဖွဲ့များအနေဖြင့် မိမိတို့ အသက်အန္တရာယ်ကိုရင်းပြီး ပြည်သူလူထုကျန်းမာရေးကို ကူညီစောင့်ရှောက်နေကြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ အဓိကအားဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်များအတွင်း မည်သို့ လုပ်ဆောင်နေရာ မည်သည့်အခက်အခဲများ ကြုံတွေ့နေကြရသည်ကို မိမိတို့အနေဖြင့် သိရှိမှတ်တမ်းတင်ကာ သက်ဆိုင်ရာအဆင့်ဆင့်သို့တင်ပြ၍ အမြန်ကူညီပံ့ပိုးမှုများ ဆောင်ရွက်သွားလိုသည့်အတွက် ပရဟိတအဖွဲ့များ၏ လက်ရှိဆောင်ရွက်နေမှု မြေပြင်အခြေအနေများကို သိရှိလိုကြောင်း ပြောကြားသည်။

## ပါဝင်ထိုးနှံနိုင်ရေးစည်းရုံး

ဆက်လက်ပြီး ဒုတိယဝန်ကြီးက ပရဟိတအဖွဲ့များသည် ပြည်သူလူထုနှင့် ထိတွေ့နေသူများ ဖြစ်သဖြင့် မကြာမီဆောင်ရွက်မည့် ကာကွယ်ဆေးထိုးခြင်း အစီအစဉ်များတွင်လည်း ပြည်သူလူထုမှ ပါဝင်ထိုးနှံနိုင်ရေး စည်းရုံးပေးစေလိုပါကြောင်း၊ ယုံယုံကြည်ကြည်ဖြင့် ထိုးနှံကြပါရန်နှင့် ဥစ္စာကံစောင့်၊ အသက်ဉာဏ်စောင့်ဆိုသကဲ့သို့ မိမိတို့အားလုံး မတူကွဲပြားမှုများကိုခံစား၊ အလေးမထားဘဲ ကပ်ရောဂါကို အတူပူးပေါင်းကာကွယ်တုံ့ပြန်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မှုရှိစေရန် ကွန်ရက်ချိတ်ဆက် ဖွဲ့စည်းဆောင်ရွက်စေလိုပါကြောင်း၊ ပရဟိတကိုယ်စားလှယ်များမှ တင်ပြသည်များကို မိမိတို့ သေချာမှတ်သားပြီး အထက်သို့ တင်ပြပြီး ပံ့ပိုးကူညီသွားမှာဖြစ်ပါကြောင်း ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ထို့နောက် ပရဟိတအဖွဲ့များအလိုက် ဆွေးနွေးတင်ပြကြရာတွင် စေတနာ့ဝန်ထမ်းများ လိုအပ်မှု၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများလိုအပ်မှု၊ စေတနာ့ဝန်ထမ်း စိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ရေး၊ Quarantine Center များတွင် တာဝန်ထမ်းဆောင်သည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များအတွက် နားနေရန်နေရာအခက်အခဲရှိမှု၊ ရုံးခန်းနေရာ ကွပ်ကဲရေးစင်တာ လိုအပ်မှု၊ PPE ဝတ်စုံများ၊ အစားအသောက်နှင့် စက်သုံးဆီလိုအပ်မှုများ၊ လူနာတင်ယာဉ်များ သွားလာရေး၊ သယ်ယူရေးဆိုင်ရာကိစ္စများ၊ လူနာတင်ယာဉ်များတွင် အောက်ဆီဂျင်အိုး လိုအပ်မှုနှင့်၊ (Positive Center) ကြီးများတွင် အောက်ဆီဂျင်အရည် Liquid ကားများထားရှိပေးနိုင်ရေး၊ ဆရာဝန်နှင့် သူနာပြုများလိုအပ်မှု၊ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် ပရဟိတအဖွဲ့များနှင့် တာဝန်ရှိသူများအကြား ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်၊ Network ဖွဲ့စည်းဆောင်ရွက်သွားစေလိုမှုနှင့် မြေပြင်တွင် အဖွဲ့အလိုက် ဆောင်ရွက်လျက်ရှိရာတွင် ကြုံတွေ့နေရသည့် အခြေအနေများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြကြသည်။

## စီမံဆောင်ရွက်လျက်ရှိ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇူလိုင် ၂ ရက်နှင့် ၂၁ ရက်များတွင် ပရဟိတအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ဆွေးနွေးခဲ့မှုများအရလည်း ယခုတင်ပြမှုအချက်များမှာ များစွာတူညီနေသည်ကို တွေ့ရှိရပါကြောင်း၊ လိုအပ်ချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကော်မတီများသို့ တင်ပြလမ်းညွှန်မှုခံယူပြီး ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အဆင့်အနေဖြင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဦးဆောင်၍ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက ဦးဆောင်ပါကြောင်း၊ ယခုတင်ပြချက်များအနက် ကုသရေးဆိုင်ရာအပိုင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက Focal အဖြစ် ဆောင်ရွက်လျက်ရှိကာ စေတနာ့ဝန်ထမ်း ပရဟိတများ၏ အသံနားထောင်ပြီး လိုအပ်ချက်များ တင်ပြဖြည့်ဆည်းပေါင်းစပ်ပေးရေးကို မိမိတို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြေပြင်အခြေအနေလုံခြုံရေး၊ လိုအပ်သော ခွင့်ပြုချက်များ၊ ရိက္ခာ၊ PPE ကျန်းမာရေးကာကွယ်ပစ္စည်းများ၊ စက်သုံးဆီ၊ စိစစ်ရေးကတ်များနှင့် ပတ်သက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပရဟိတ မောင်နှမများအနေဖြင့် မိမိတို့သက်ဆိုင်ရာ ဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ယဉ်ကျေးပျူငှာ မြန်မာပြည်မှာ အကြမ်းဖက်ဝါဒ မရှိစေချင်ပါ

*စာချစ်သူ*

**၁၉၇၀ ပြည့်နှစ်အတွင်းက အမေရိကန်နိုင်ငံ ရာဇဝတ်မှုသမိုင်းတွင် အရက်စက်ဆုံး လူသတ်မှုကြီးတစ်ခုဖြစ်ပွားခဲ့သည်။ အသတ်ခံရသူများမှာ ပြည်သူ့အချစ်တော် ရုပ်ရှင်မင်းသမီး ရှာရွန်တိတ်နှင့် အိမ်သား ခြောက်ဦးဖြစ်သည်။ ရှာရွန်တိတ်မှာ ကိုယ်ဝန်ရှစ်လနှင့် ဖြစ်သည်။ သတ်သူများမှာ လမ်းသရဲခေါင်းဆောင် ချားလ်မေဆင်နှင့် အပေါင်းအပါများ ဖြစ်သည်။ ဇိမ်ခံနေသော လူချမ်းသာများအား မုန်းတီးသဖြင့် အကြောင်းမဲ့ ခုတ်ထစ် သတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်ဟု ဆို၏။**

လူသတ်မှုသတင်းကို ထိုစဉ်က သမ္မတ နစ်ဆင် ဖတ်လိုက်ရသောအခါ စိတ်ထိခိုက်သွားသည်။ ထို့နောက် အမေရိကန်ပြည်ကြီးတွင် လူတွေစိတ်မိုက်ရိုင်းတွေဝင်ပြီး ပျက်စီးနေကြပါပေါ့လားဟု နစ်ဆင်က ငြီးတွားလေတော့သည်။

ထိုခေတ် မြန်မာပြည်၏ အခြေအနေမှာမူ ရုပ်ဝတ္ထုပစ္စည်းများ အလျှံအပယ်ပေါကြွယ်ဝမှု မရှိသော်လည်း လူတိုင်းလူတိုင်း ဘဝကို အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းနေထိုင်နိုင်ခဲ့ကြသည်။ အထူးသဖြင့် လုံခြုံစိတ်ချရသော ဝန်းကျင်ကောင်းကို ထိုစဉ်က ထူထောင်နိုင်ခဲ့သည်။

အမေရိကန်သမ္မတ ရီဂင်သည် သူငယ်စဉ်က အမေရိကားတွင် ကားလိုင်စင်မလိုဘဲ မည်သူမဆို ကားတက်မောင်းနှင်နိုင်သည့် လွတ်လပ်မှုမျိုးကို ပြန်ပြောင်းလွမ်းဆွတ်တမ်းတခဲ့သလို ကျွန်တော်သည်လည်း ထိုခေတ်ကာလ ကလေးဘဝက ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ အချင်းချင်း စည်းလုံးမှု၊ ချစ်ခင်မှု၊ အပြန်အလှန်တန်ဖိုးထားလေးစားမှု၊ လူကြီးသူမတို့အပေါ် ရိုသေကိုင်းရှိုင်းမှု၊ ရိုးသားဖြူစင်မှုတို့ကို အမြဲပြန်ပြောင်း အမှတ်ရနေမိပါ၏။

၁၉၇၀ ပြည့်နှစ်ကျော် ကျွန်တော်တို့ ခြောက်နှစ်၊ ခုနစ်နှစ်သားအရွယ်တွင်မူ နိုင်ငံရေးလှုပ်ရှားမှုအချို့ ပေါ်ပေါက်လာသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအပေါ် မလိုလား မနှစ်မြို့ကြသူအချို့၏ ဆန္ဒပြပွဲအချို့ ပေါ်ပေါက်လာသည်။ ဆန္ဒပြမှုများကို လုံခြုံရေးအဖွဲ့က နှိမ်နင်းမှုများလည်း ရှိလာသည်။ သို့သော် ကိစ္စမရှိ။ မြန်မာ့လူမှုဝန်းကျင် တစ်ခုလုံးအပေါ် သက်ရောက်မှုမရှိ၍ အသွားအလာအနေအထိုင် မပျက်ယွင်းခဲ့ကြ။

ထို့နောက်ပိုင်းကာလရောက်တော့ "ပြည်ထောင်စုနေ့အခမ်းအနားပျော်ပွဲရွှင်ပွဲ ကျင်းပရာ ကျိုက္ကဆံကွင်းမှာ ဗုံးပေါက်လို့တဲ့" လူကြီးသူမများ၏ ပြောဆိုသံများကို စတင် ကြားလာရသည်။ သို့တစေ ကလေးအရွယ်လူမမည် ကျွန်တော့်မှာ နားမလည်နိုင်ခဲ့ပါ။ သို့ကြောင့် . . .

"ဘာလို့ဖောက်တာလဲ၊ ဘယ်သူက ဖောက်တာလဲ"

"ပြည်ပြေးတွေက ဖောက်တာတဲ့"

"ပြည်ပြေးဆိုတာ ဘယ်သူတွေလဲ"

"သူပုန်တွေပေါ့ဟဲ့"

အမေ ရှင်းပြသည်များကလည်း အလွယ်တကူ နားမရှင်းပါ။ အရွယ်ရောက်လာတော့မှ ပြည်ပြေးဆိုသည်မှာ ပါလီမန်ဒီမိုကရေစီခေတ်မှ နိုင်ငံရေးသမားဟောင်းကြီးများဖြင့် ဖွဲ့စည်းထားသော ပြည်ပအခြေစိုက် ပါလီမန်ဒီမိုကရေစီပါတီဟူ၍ သိရပါသည်။

သို့ရာတွင် ထိုကဲ့သို့ ဗုံးထောင် ဗုံးခွဲအကြမ်းဖက်လုပ်ရပ်များမှာ ဆယ်ခါရံတစ်ခါ အနည်းအကျဉ်းမျှသာ။ တိုက်ပွဲလမ်းကြောင်း ပုံသဏ္ဌာန်ထက် နိုင်ငံရေးနည်းလမ်းအရသာအားပြုခဲ့၍ မြန်မာ့လူ့အဖွဲ့အစည်းကို ထိတ်လန့်ရုံမျှသာဖြစ်ခဲ့ပါသည်။

ထို့နောက်ပိုင်း ထိုပါလီမန်ဒီမိုကရေစီပါတီမှ နိုင်ငံရေးသမားဟောင်းကြီးများသည် ၁၉၈၀ ပြည့်နှစ်တွင် ထိုစဉ်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကြောင့် ပြည်တော်ပြန်ဝင်လာကြသည့်အဆုံးဝယ် မြန်မာပြည်သည် တစ်နိုင်ငံလုံးနီးနီး အေးချမ်းသာယာခဲ့ပါ၏။

၁၉၈၃ ခုနှစ် အောက်တိုဘာ ၁၀ ရက်။ ထိုနေ့ ထိုရက်တွင် မြန်မာ့မြေပေါ်၌ အကြမ်းဖက် ဗုံးပေါက်ကွဲမှုဖြစ်စဉ်တစ်ခု ဖြစ်ပွားခဲ့သည်။ တစ်ကမ္ဘာလုံးကို တုန်လှုပ်သွားစေခဲ့သည်။ ထိုအကြမ်းဖက်မှု ဖြစ်စဉ်ကား အာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုရီးယား) သမ္မတ ချွန်ဒူးဝှမ်နှင့် ဝန်ကြီးများ အာဇာနည်ဗိမာန်၌လာရောက် ဂါရဝပြုကြစဉ် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ (မြောက်ကိုရီးယား)က စေလွှတ်ထားသော အကြမ်းဖက်သမားသုံးဦးက အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။

မြောက်ကိုရီးယားတို့၏ အဓိကပစ်မှတ် တောင်ကိုရီးယားသမ္မတကြီး ချွန်ဒူးဝှမ်မှာ မိနစ်အနည်းငယ် နောက်ကျရောက်ရှိ၍ အသက်ဘေးမှလွတ်ကင်းခဲ့သော်လည်း အစိုးရအဖွဲ့ဝင် ဝန်ကြီး လေးဦး၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးအပါအဝင် ၁၇ ဦး သေဆုံးကာ ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြသည်။ မြန်မာနိုင်ငံဘက်မှ လေးဦး သေဆုံးကာ ၃၂ ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ထိုနေ့ မွန်းလွဲပိုင်းခန့်တွင် ကျွန်တော်သည် သူငယ်ချင်းအိမ်တွင် ဆော့ကစားနေခိုက် မြန်မာ့အသံမှ အထူးသတင်းတစ်ရပ်ကို ကြေညာပါတော့မည်ဟူသည့်သတင်း ထုတ်လွှင့်မှုကိုကြားရ၍ ဘာရယ်မဟုတ် နားစွင့်ကြည့်ရင်း သိလိုက်ရသည်။

ဗုံးပေါက်ကွဲမှုဖြစ်စဉ်အပြီး နောက်တစ်ရက်တွင် အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဇင်မိုအား ပုဇွန်တောင်ချောင်းအတွင်း ပုန်းအောင်းနေခိုက် အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သည်။ အောက်တိုဘာ ၁၂ ရက်တွင်လည်း ကော့မှူးမြို့နယ် သခွပ်ပင်ကျေးရွာ၌ အဖွဲ့ဝင် ကင်မင်ချူးနှင့် ဆင်ကီချူးတို့ကို တပ်မတော်က အရှင်ဖမ်းမိရန် လက်ဗလာနှင့် လုံးထွေးဖမ်းဆီးစဉ် အကြမ်းဖက်သမားနှစ်ဦးက လက်ပစ်ဗုံးနှင့်ပစ်ပေါက်ရာ လက်ထဲမှာပင် ပေါက်ကွဲ၍ ဆင်ကီချူးကို အသေ၊ ကင်မင်ချူးကို ဒဏ်ရာများနှင့် ဖမ်းဆီးရမိခဲ့သည်။ အဆိုပါဖြစ်စဉ်အတွင်း တပ်မတော်သားသုံးဦး နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ကြရသည်။

အကြမ်းဖက်တရားခံများဖြစ်ကြသည့် ဇင်မိုနှင့် ကင်မင်ချူးတို့ကို နောက်ပိုင်း ရုံးထုတ်စစ်ဆေးခဲ့သည့် သတင်းများကိုလည်း ထိုစဉ်က နိုင်ငံပိုင်သတင်းစာများတွင် အဆက်မပြတ် ဖော်ပြပေးခဲ့လေသည်။

သို့တစေ ထိုအာဇာနည်ကုန်း ဗုံးပေါက်ကွဲမှုဖြစ်စဉ်မှာလည်း တောင်၊ မြောက်ကိုရီးယား နှစ်နိုင်ငံ၏ နိုင်ငံရေး၊ ဝါဒရေးကွဲပြဲမှုများမှ တစ်ဆင့် မြန်မာ့မြေပေါ်တွင် လာရောက်အဖျားခတ်ခြင်းမျှသာဖြစ်၍ မြန်မာ့လူ့အဖွဲ့အစည်းအပေါ် ထူးထူးခြားခြား သက်ရောက်မှုမရှိခဲ့ပါချေ။

"ပုဇွန်တောင်စာတိုက်ဘူတာမှာ ရန်ကုန်-မန္တလေး အမြန်ရထားပေါ် ဗုံးကွဲလို့တဲ့"။ မှတ်မှတ်ရရ ၁၉၈၈ ခုနှစ် နှစ်ဦးကာလကို ထိုအနိဋ္ဌာရုံ အသံ၊ အနိဋ္ဌာရုံ မြင်ကွင်းတို့ဖြင့် စတင်ခဲ့သည်ဟုဆိုရပေမည်။

ကညွတ်ကွင်းဘူတာမှ လိုက်ပါလာခဲ့သော ကေအင်န်ယူအဖွဲ့ဝင် အကြမ်းဖက်သမားတစ်ဦး ထောင်ထားခဲ့သော အချိန်ကိုက်ဗုံးဖြစ်ကြောင်း ထိုစဉ်က နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ခဲ့သည်။ ချိန်ကိုက်ဗုံးကို ရန်ကုန်ဘူတာကြီးတွင် ပေါက်ကွဲစေရန် အချိန်ကိုက်စီစဉ်ထားခြင်းဖြစ်သော်လည်း ရထားအဝင်နောက်ကျ၍ ပုဇွန်တောင်စာတိုက်ဘူတာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ခရီးသည်အချို့ သေကျေဒဏ်ရာရခဲ့ ကြသည်။

၈-၈-၁၉၈၈။ တစ်ပါတီစနစ်နှင့် စီးပွားရေးကျပ်တည်းမှုများအပေါ် ငြီးငွေ့နေကြသော ပြည်သူအများစု၏ ၈၈ လူထုအရေးတော်ပုံ နောက်ပိုင်းကာလများတွင် ပေါ်ပေါက်လာသော နိုင်ငံပိုင်အဆောက်အဦများ မီးရှို့ဖျက်ဆီးမှု၊ ရဲစခန်းများအား ဝင်ရောက်စီးနင်းမှု၊ ဆင်းရဲနွမ်းပါးသူများအား သူလျှိုဒလန်များ၊ ရေတွင်းရေကန်များတွင် အဆိပ်ခပ်သူများဟု မဟုတ်တမ်းတရားစွပ်စွဲ၍ လူပုံအလယ်တွင် ခေါင်းဖြတ်သတ်မှုများက မြန်မာ့လူ့အဖွဲ့အစည်းကို ကြီးစွာ ထိတ်လန့်တုန်လှုပ်စေသည်။

သို့တစေ ထိုစဉ်က ခေတ်ပျက်ကာလသည် ကာလမကြာရှည်ခဲ့ပါ။ ၁၈-၉-၁၉၈၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်၏တာဝန်ကို လွှဲပြောင်းရယူပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရတစ်ရပ် ထူထောင်ဖွဲ့စည်း၍ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေးတို့ကို အင်တိုက်အားတိုက်ဆောင်ရွက်ခဲ့၍ မြန်မာ့လူ့အဖွဲ့အစည်းသည် အချိန်တိုကာလအတွင်းမှာပင် ပုံမှန်ပြန်လည်ပတ်သွားလေသည်။

**❑ ခေတ်အလိုက်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကို ကျွမ်းကျင်သူပညာရှင်အချို့က သောင်းကျန်းမှုနှင့်ဆက်နွှယ်သည့် အကြမ်းဖက်မှုနှင့် နိုင်ငံရေးနှင့်ပတ်သက်သည့် အကြမ်းဖက်မှုအဖြစ် ရှုမြင်သုံးသပ်ခဲ့**

**❑ သောင်းကျန်းသူများက အစိုးရအဖွဲ့အတွင်း မတည်မငြိမ်ဖြစ်စေရန်၊ တပ်မတော်က ဆင်နွှဲနေသည့် စစ်ဆင်ရေးများ အာရုံပြောင်းသွားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး အစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်၍ ဆန့်ကျင်သည့်အဖွဲ့အစည်းများကမူ နိုင်ငံရေးအရ ရည်ရွယ်လုပ်ဆောင်သော အကြမ်းဖက်လုပ်ရပ်များဟု ယေဘုယျရှုမြင်သုံးသပ်ခဲ့**

၁၉၈၉ ခုနှစ်တွင်မူ အကြမ်းဖက်သမားတို့၏ အကြမ်းဖက်ဗုံးဖောက်ခွဲမှုဖြစ်စဉ်အချို့ ပေါ်ပေါက်လာခဲ့ပြန်သည်။ ရန်ကုန်မြို့တော်ခန်းမသို့ပါ ပါဆယ်ဗုံးပေးပို့ဖောက်ခွဲခဲ့ရာတွင် ပါဆယ်ကို ဖွင့်ဖောက်သူ ဝန်ထမ်းအချို့ သေကျေဒဏ်ရာရခဲ့သည့်ဖြစ်စဉ်များ၊ သန်လျင်ရေနံချက်စက်ရုံ ဗုံးဖောက်ခွဲမှုဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

ထို့နောက်ပိုင်းမှာလည်း မှတ်မိသမျှ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်အပူဇော်ခံထားရှိသည့် ဗုဒ္ဓစွယ်တော်မြတ်အနီး ဗုံးပေါက်ကွဲမှု၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး နေအိမ်အတွင်း ပါဆယ်ဗုံးပေါက်ကွဲမှု၊ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ စီးပွားရေးဗဟိုဌာနအဆောက်အအုံ ဗုံးပေါက်ကွဲမှုများ ကြိုးကြားကြိုးကြားဖြစ်ပေါ်လာပြန်သည်။

သို့ရာတွင် ထိုအကြမ်းဖက်ဗုံးပေါက်ကွဲမှုဖြစ်စဉ်များသည် မြန်မာ့လူ့အဖွဲ့အစည်းကို ကြီးစွာသော ခြိမ်းခြောက်မှုအသွင်မဆောင်ခဲ့။ လူမှုစီးပွားဘဝများအပေါ် ကြီးစွာမသက်ရောက်ခဲ့။ ပုံမှန်လူမှုစီးပွားဘဝများကို ရပ်တန့်အောင် မစွမ်းဆောင်နိုင်ခဲ့ဟုဆိုရ ပါမည်။

အဆိုပါ ခေတ်အလိုက်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များကို ကျွမ်းကျင်သူပညာရှင်အချို့က သောင်းကျန်းမှုနှင့်ဆက်နွှယ်သည့် အကြမ်းဖက်မှုနှင့် နိုင်ငံရေးနှင့် ပတ်သက်သည့် အကြမ်းဖက်မှုအဖြစ် ရှုမြင်သုံးသပ်ခဲ့ကြသည်။ သောင်းကျန်းသူများက အစိုးရအဖွဲ့အတွင်း မတည်မငြိမ်ဖြစ်စေရန်၊ တပ်မတော်က ဆင်နွှဲနေသည့် စစ်ဆင်ရေးများ အာရုံပြောင်းသွားစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ပြီး အစိုးရနှင့် သဘောထားချင်း မတိုက်ဆိုင်၍ ဆန့်ကျင်သည့်အဖွဲ့အစည်းများကမူ နိုင်ငံရေးအရ ရည်ရွယ်လုပ်ဆောင်သော အကြမ်းဖက်လုပ်ရပ်များဟု ယေဘုယျရှုမြင်သုံးသပ်ခဲ့ကြသည်။

*စာမျက်နှာ ၇ သို့*

# နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင် ခုတင် ၃၀၀ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၂၆**

နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ပုဗ္ဗသီရိမြို့နယ် ခုတင်(၃၀၀) ပြည်သူ့ဆေးရုံ အတွင်းရှိ အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နေပြည်တော်တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများ၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ပုဗ္ဗသီရိမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ(ဝဲပုံ) ခုတင်-၃၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် ဆောက်လုပ်ရေး အထူးအဖွဲ့(၄)မှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အိသက်မွန်တို့က အောက်ဆီဂျင် စက်ရုံတည်ဆောက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူထားသည့် အဆောက်အဦပိုင်းဆိုင်ရာလုပ်ငန်းများ ၈၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး သုံးရက်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူထားသည့်စက်ပစ္စည်း တပ်ဆင်ရေးအပိုင်းမှာ ဇူလိုင် ၂၈ ရက်မှစတင်ကာ ဆောင်ရွက်သွားမည်ဖြစ်၍ ဩဂုတ်လပထမပတ်အတွင်း အောက်ဆီဂျင်ထုတ်ယူရရှိရေး ဆောင်ရွက်သွားမည်ဖြစ်သည်။ စက်ရုံတည်ဆောက် ပြီးစီးပါက တစ်နေ့လျှင် အောက်ဆီဂျင် လီတာ ၄၀ ဆံ့ အိုး ၁၄၄၀ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ**
**(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း စားဝတ်နေရေးအခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် သက်ကြီးဂီတပညာရှင်များကို ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၂၆**

ပြည်သူများကို ရုပ်ရှင်၊ ဂီတ၊ အနုသုခမပညာရပ်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး နိုင်ငံတော်၏ အနုပညာကဏ္ဍတိုးတက်အောင် လုပ်ဆောင်နေကြသည့် အနုပညာရှင်များအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း အလုပ်အကိုင်ရှားပါးလျက်ရှိသဖြင့် စားဝတ်နေရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည့် သက်ကြီးအနုပညာရှင်များကို ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်လျက်ရှိသည်။



ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကိုဗစ်- ၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် သက်ကြီးဂီတပညာရှင် ၃၁ ဦးတို့အတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ၊ ကြက်ဥ၊ တပ်မတော်စက်ရုံထုတ် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဂီတပညာရှင် တစ်ဦးချင်းစီ၏ လက်ဝယ်အရောက် သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ရာ သက်ကြီး ဂီတပညာရှင်များက ဝမ်းပန်းတသာ လက်ခံရယူပြီး **(အပေါ်ပုံ)** ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြသည်။

အဆိုပါ သက်ကြီးဂီတပညာရှင်များအတွက် ထောက်ပံ့ပေးအပ်ခဲ့သည့် ထောက်ပံ့ငွေနှင့် စားသောက်ကုန်ပစ္စည်းများ၏ တန်ဖိုးမှာ စုစုပေါင်းငွေကျပ် ၃၃၅ သိန်းကျော် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်မြို့ ခုတင် ၅၀၀ ဆေးရုံကြီးဝင်းအတွင်း၌ တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်မည်

**ပြည် ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခုတင် ၅၀၀ အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း၌ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံတည်ဆောက်မည့်မြေနေရာ၌ ယနေ့နံနက်ပိုင်းက ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီးတိုးလှိုင်၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစည်သူအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦး၊ တာဝန်ခံဆေးရုံအုပ်ကြီး ဒေါက်တာသီတာစိုးနှင့် မြို့မိမြို့ဖ ဦးမောင်မောင်တို့က ယနေ့နံနက် ၉ နာရီတိတိတွင် သတ်မှတ်နေရာများ၌ ပန္နက်တင်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ **(အောက်ပုံ)**

အဆိုပါစက်ရုံကို ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏စီမံမှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်းသိရပြီး ယခုလ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ထောက်ပံ့ပေးအပ်သည့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ပစ္စည်းများနှင့် စက်ရုံသုံးဆက်စပ်ပစ္စည်းများ ရောက်ရှိမည်ဖြစ်ကြောင်း၊ ခန့်မှန်းကုန်ကျ ငွေကျပ်သိန်း ၃၀၀ ခန့်ကုန်ကျမည့် ပေ(၄၀ x ၆၀) အဆောက်အအုံအား မြို့မိမြို့ဖ၊ အလှူရှင်များနှင့်တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း၊ စက်ရုံအားအမြန်ဆုံး တည်ဆောက်မည်ဖြစ်ကြောင်းနှင့် စက်ရုံတည်ဆောက်ပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ အောက်ဆီဂျင်အိုးကြီးအလုံး ၂၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်၍ ဆေးရုံကြီးလူနာများ၏ အောက်ဆီဂျင်လိုအပ်ချက်အတွက် စိတ်ချရမည်ဖြစ်သည်။ လက်ရှိ ပြည်ဆေးရုံကြီးတွင် တစ်ရက် အောက်ဆီဂျင်အိုးကြီး အလုံး ၇၀ ထုတ်လုပ်သည့် စက်ရုံတစ်ရုံရှိပြီးဖြစ်ကာ ဆေးရုံကြီးအနေဖြင့် လက်ရှိအခြေအနေတွင် တစ်ရက်လျှင် အောက်ဆီဂျင်အိုးကြီး အလုံး ၂၀၀ နှင့် ၂၅၀ အကြား အသုံးပြုနေရပြီး လိုအပ်လျက်ရှိနေသေးကြောင်း တာဝန်ခံဆေးရုံအုပ်ကြီးထံမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



*စာမျက်နှာ ၆ မှ*

ပစ္စက္ခ ဖေဖော်ဝါရီ ၁ ရက် မြန်မာ့နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်နောက်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်လုပ်ရပ်များကမူ မြန်မာ့လူ့အဖွဲ့အစည်းကို ကြီးစွာသော ခြိမ်းခြောက်မှုများဖြစ်ပေါ်စေခဲ့သည်။ ယခင်ခေတ်ကာလများကဲ့သို့ ကြိုးကြားကြိုးကြား ကျူးလွန်ခြင်းမျိုးမဟုတ်တော့။ အကြမ်းဖက်မှု အကြိမ်အရေအတွက်မှာလည်း ရေတွက် မှတ်သားရန်ပင် မစွမ်းသာတော့ပေ။

အကြမ်းဖက်သမားတို့၏ ပစ်မှတ်များကလည်း မည်သည့်ခေတ်ကာလကမှ မကြုံဖူးသည့် အများပြည်သူတို့နှင့် သက်ဆိုင်သော စာသင်ကျောင်းများ၊ မီတာရုံးများ၊ စူပါမားကတ်များ၊ ရုံးအဆောက်အအုံများကို ဗုံးခွဲဖျက်ဆီးမီးရှို့ခြင်းများ၊ အပြစ်မဲ့ပြည်သူများကို သေနတ်ဖြင့် ချောင်းမြောင်းလုပ်ကြံပစ်ခတ်သတ်ဖြတ်မှုများ၊ အရှင်လတ်လတ် တာယာကွင်းစွပ် မီးရှို့သတ်ဖြတ်မှုများဖြစ်လေသည်။

လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ အုပ်ချုပ်ရေးယန္တရားများ ရပ်တန့်စေရန် ရည်ရွယ်၍ အကြမ်းဖက်ဝါဒီခေါင်းဆောင်များက မသိနားမလည်သော လူငယ်အချို့ကို မြှောက်ပင့်သွေးထိုးလှုံ့ဆော်စေခိုင်းခြင်းဖြစ်သော်လည်း ထိုအကြမ်းဖက်လုပ်ရပ်များသည် ပြည်သူတို့၏ နိစ္စဓူဝ လူမှုဘဝကို ဆိုးရွားစွာ ထိခိုက်လာသည်။

မြန်မာ့လူမှုဝန်းကျင်အတွင်း အကြောက်တရားများလည်း ပျံ့နှံ့လာသည်။ ထိုအကြောက်တရားများကြောင့် မယုံသင်္ကာစိတ်များ၊ သံသယစိတ်များ ပေါ်ပေါက်လာပြီး စည်းလုံးညီညွတ်မှုများကို ထိခိုက်လာသည်။ ရှေးအခါကကဲ့သို့ မိသားစုစိတ်ဓာတ်ဖြင့် ထိန်းကျောင်းနိုင်ခြင်းငှာလည်း မတတ်သာတော့ပြီ။

ထိုသောအခါ ကျွန်တော်သည် တစ်ချိန်က သမ္မတနစ်ဆင် ငြီးတွားခဲ့သကဲ့သို့ပင် **“မြန်မာပြည်ကြီးမှာ လူတွေစိတ်မိုက်ရိုင်းတွေဝင်ပြီး ပျက်စီးနေကြပါပေါ့လား”**ဟု ငြီးတွားချင်စိတ် ပေါက်လာသည်။ ရီဂင်ကြီးကဲ့သို့လည်း ကျွန်တော်တို့ငယ်စဉ်က ပျော်ရွှင်မှု၊ လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ လုံခြုံမှု၊ စည်းလုံးညီညွတ်မှု၊ အပြန်အလှန်လေးစားတန်ဖိုးထားမှု၊ လူကြီးသူမတို့အပေါ် ရိုသေကိုင်းရှိုင်းမှု၊ ရိုးသားဖြူစင်မှုတို့ကို ပြန်ပြောင်းအောက်မေ့ သတိရလာသည်။ ယဉ်ကျေးပျူငှာသော မြန်မာပြည်မှာ အကြမ်းဖက်ဝါဒ မရှိစေချင်တော့ပါ။ ။

○ *ကျော်ဖုံးမှ*

ဆေးလာရောက်ထိုးနှံသူ ဌာနဆိုင်ရာဝန်ထမ်းတစ်ဦးက“အခုလို ကိုဗစ် – ၁၉ ကပ်ရောဂါဖြစ်ပွားမှုများပြားနေတဲ့အချိန်မှာ ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံပေးတဲ့အတွက် များစွာဝမ်းမြောက်မိပါတယ်။ ကာကွယ်ဆေး မထိုးရသေးတဲ့ သူတွေကိုလည်း ဆေးထိုးနှံဖို့ တိုက်တွန်းချင်ပါတယ်။ မိမိကနေစပြီး မိသားစုကိုရောတိုင်းပြည်ကိုပါ ကာကွယ်ချင်ရင် ကာကွယ်ဆေးထိုးနှံဖို့ လိုအပ်ပါတယ်။ ဒီရောဂါကြီး လျော့နည်းပပျောက်သွားမှ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ တိုးတက်အောင် ပြန်လည်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကို ကိုဗစ် –၁၉ ရောဂါ ကာကွယ်ဆေးတွေ ပိုပြီး မြန်မြန်ဆန်ဆန်နဲ့ ထပ်မံရောက်လာပါစေလို့လည်း မျှော်လင့်မိပါတယ်” ဟု ပြောသည်။

ဆေးလာရောက် ထိုးနှံသူ ဒေါ်ဆွေဝင်းကလည်း “ ကျွန်မတို့ကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးမယ်လို့ စကြားကတည်းက ဝမ်းသာနေမိတာပါ။ ကိုယ့်ပတ်ဝန်းကျင်က ဝန်ထမ်းတွေကိုလည်း ကာကွယ်ဆေး မပျက်မကွက် ထိုးနှံကြဖို့ကိုလည်း သတိပေးတယ်။ ဒီနေ့ကာကွယ်ဆေး စထိုးတော့လည်း အကုန်လုံးကိုခေါ်ပြီး လာထိုးတာပါ။ အိမ်ကမိသားစုကိုလည်း ကာကွယ်ဆေး မြန်မြန်ထိုးနှံနိုင်ဖို့ မျှော်လင့်နေမိပါတယ်။ အမြန်ဆုံးထိုးနှံနိုင်မယ်လို့လည်း ယုံကြည်ပါတယ်။ ကပ်ရောဂါကြီး ကင်းစင်ပြီး ကမ္ဘာကြီးနေပြန်ကောင်းလာတဲ့တစ်နေ့ မိသားစုနဲ့ ခရီးတွေထွက်မယ်လို့လည်း စိတ်ကူးထားပါတယ်။ ဒီနေ့ကာကွယ်ဆေး ထိုးနှံလိုက်ရတာဟာ ကျွန်မစိတ်ကူးထားတဲ့ အတွေးအတွက် ခြေလှမ်းတစ်လှမ်းလို့ ထင်မြင်မိပါတယ်။





နေပြည်တော်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်–၁၉ ကာကွယ်ဆေး ထိုးနှံပေးစဉ်။

ပြည်သူတွေ အကုန်လုံးလည်း ကာကွယ်ဆေးထိုးခွင့်ရပြီ ဆိုတာနဲ့ မပျက်မကွက်ထိုးနှံကြဖို့ တိုက်တွန်းလိုပါတယ်” ဟု ပြောသည်။

ကိုဗစ် – ၁၉ ကာကွယ်ဆေး (Sinopharm) ထိုးနှံခြင်းမပြုမီ ကျန်းမာရေး ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးအတွင်း အောက်ဆီဂျင်ပါဝင်မှုပမာဏ တိုင်းတာပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးခြင်း ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယခုကဲ့သို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကိုဗစ် – ၁၉ ကာကွယ်ဆေးအောင်မြင်စွာ ထိုးနှံနိုင်ရေးအတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများ ပူးပေါင်း၍ လိုအပ်သည်များပြင်ဆင် ဆောင်ရွက်ခြင်း၊ ကျောင်းတွင်းတစ်လျှောက် သန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကိုလည်း ကြိုတင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

**သတင်း – အောင်သန့်**

**ဓာတ်ပုံ – ကိုကိုအေး**

# ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ရုံးပိတ်ရက်များတွင်လည်း ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

နိုင်ငံတော်အတွင်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အရေးတကြီးလိုအပ်လျက်ရှိသည့် အောက်ဆီဂျင်အရည်၊ အောက်ဆီဂျင်ဓာတ်ငွေ့၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို အများပြည်သူရုံး ပိတ်ရက်များတွင် ပြတ်လပ်မှုမရှိစေရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ပင်လယ်ရေကြောင်းဆိပ်ကမ်းများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆက်မပြတ် တင်သွင်းခွင့် ပြုလျက်ရှိသည်။

တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှစ၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့်ဆက်စပ်ပစ္စည်းများကို ဦးစားပေး တင်သွင်းခွင့်ပြုပေးလျက်ရှိရာ အများပြည်သူ အလုပ်ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ထားသည့် ကာလအတွင်း အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများသည် ညှိနှိုင်းထားသည့် SOP များနှင့်အညီ လွယ်ကူမြန်ဆန်နိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက် ပေးလျက်ရှိသည်။



ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ မြဝတီနယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်လာစဉ်။





ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်လာစဉ်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Oxygen Concentrator ၃၁၈၂ လုံး၊ Test Kit ၅၀၀၀ တို့ အပါအဝင် မြဝတီ၊ ချင်းရွှေဟော်၊ ကော့သောင်း၊ တာချီလိတ် ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည် (Bowser) ယာဉ် (၁)စီးဖြင့် တန် ၂၀၊ အောက်ဆီဂျင်အရည် (အိုးဖြင့်) ၄၅ တန်၊ အိမ်သုံးအောက်ဆီဂျင်စက် (Oxygen Concentrator) ၄၂၀၅ ခု၊ Test Kit ၅၀၀၀၊ နှာခေါင်းစည်း (Mask) ၂၈ တန်၊ PPE ဝတ်စုံ ၁၀၃၄၀ တင်သွင်းနိုင်ခဲ့သည်။ အထက်ပါပစ္စည်းများအား ကုမ္ပဏီ ၂၇ ခုမှ ယာဉ်စီးရေ ၃၉ စီးဖြင့် တင်သွင်းလာခြင်း ဖြစ်ကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု စတင်မြင့်တက်လာသည့် ဇူလိုင် ၁၂ ရက်မှ ယနေ့အထိ ယာဉ်စီးရေ ၄၆၄ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser)ယာဉ်ဖြင့် ၅၅၃ တန်၊ အောက်ဆီဂျင်အရည်(အိုးဖြင့်) တန် ၄၃၀၊ အောက်ဆီဂျင်ဓာတ်ငွေ့ (အိုးဖြင့်) ၁၀၄တန်၊ အိမ်သုံးအောက်ဆီဂျင်စက် ၃၅၀၈၇ ခု၊ Test Kit ၂၅၀၈၆၈ ခု၊ နှာခေါင်းစည်း (Mask) ၆၉၄ တန် ၊ Oxygen Plant ၄ ခု၊ Oxygen Generator ၉ ခု တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

အများပြည်သူ ရုံးပိတ်ရက်များအဖြစ် သတ်မှတ်ကြေငြာထားသည့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၁ ရက်အထိ ရုံးပိတ်ရက်များတွင်လည်း ပို့ကုန် သွင်းကုန်လိုင်စင်လျှောက်ထားမှုများကို ကုန်သွယ်ရေးဦးစီးဌာန (ရုံးချုပ်) ပို့ကုန် သွင်းကုန်လုပ်ငန်းဌာနခွဲနှင့် ပို့ကုန် သွင်းကုန်ရုံး (ရန်ကုန်)တို့မှ အွန်လိုင်းစနစ်ဖြင့် ပုံမှန်အတိုင်း ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပို့ကုန် သွင်းကုန်နှင့် ပတ်သက်သည့်သတင်းလွှာ (၁၂/၂၀၂၁) ဖြင့် ဇူလိုင် ၁၂ ရက်မှစ၍ သွင်းကုန်လိုင်စင်လျှောက်ထားရယူရန် မလိုအပ်ဘဲ (၃) လယာယီဖြေလျော့၍ တင်သွင်းခွင့်ပြုကြောင်း အသိပေးထုတ်ပြန်ထားသော ကုန်စည်များတင်သွင်းရာတွင် လုပ်ငန်းရှင်များ လွယ်ကူအဆင်ပြေစေရေးအတွက် 2017 Customs Tariff of Myanmar အရ ၎င်းကုန်စည်များနှင့် သက်ဆိုင်သော HS Code လိုင်းများကို ပို့ကုန် သွင်းကုန်နှင့် ပတ်သက်သည့်သတင်းလွှာ (၁၃/၂၀၂၁) ကို ဇူလိုင် ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ် ကုသရေးပစ္စည်းများ တင်သွင်းရာတွင် လွယ်ကူမြန်ဆန်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသလို အကူအညီလိုအပ်ပါကလည်း သက်ဆိုင်ရာတာဝန်ရှိသူများထံ တိုက်ရိုက် ဆက်သွယ်နိုင်ရေးအတွက် ဌာနများအလိုက် ဆက်သွယ်မေးမြန်းနိုင်သည့် တာဝန်ခံ (Contact Person)များနှင့် အသိပေးကြေညာချက်များကိုလည်း ဝန်ကြီးဌာန Website ဖြစ်သည့် Commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်ကို ခုတုံးလုပ်လာနိုင်တဲ့ နိုင်ငံရေး အမြတ်ထုတ်မှုတွေကို သိမြင်ရှောင်ရှား

**မိုးဟန်ဆွေဝင်း**

**❂ ထောင်ဆူမယ်၊ သံပုံးတီးမယ်၊ အကြမ်းဖက်မယ်၊ မြို့သိမ်းတိုက်ပွဲလုပ်မယ်၊ ပြည်တွင်းစစ်ဖြစ်စေရမယ်ဆိုတဲ့ အကြမ်းဖက်ဝါဒီတစ်စုရဲ့ အကြံတွေဟာ ပြည်သူ့အကျိုးတစ်ခုမှ မပါ။ NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့တွေနဲ့ ထောက်ခံတဲ့ မသမာသူတွေက အစိုးရကို ဦးတည်ပြီး ပြည်သူကို တိုက်ခိုက်နေဆဲပါ။ မဆိုသင့်စကား ဆိုပါရစေ။ အကယ်၍ မြို့သိမ်းတိုက်ပွဲအတွက် မြို့သိမ်းမယ့် အဖွဲ့တွေနဲ့ တပ်မတော်နဲ့ ထိပ်တိုက်တွေ့ကြပါပြီ ဆိုပါစို့။ မြို့ထဲက ပြည်သူက မြို့ထဲမှာ ဇာတ်ပွဲလို၊ အရပ်ပွဲလို အေးဆေးကြည့်နေလို့ ရလိမ့်မယ်မထင်။ အိုးပစ် အိမ်ပစ် ပြေးကြရမှာပါ။ ပြည်သူအနေနဲ့ ထောက်ခံချင်စရာ အကြောင်းတစ်ခုမှ မရှိပါ**

မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိပတ်ဝန်းကျင်အပေါ်မှာ ကျေးဇူးပြုဖို့ ကြိုးစားရာမှာ မှန်ကန်တဲ့ ရွေးချယ်မှုဖြစ်ဖို့ လိုအပ်ပါတယ်။

အမှန်၊ အရှိ ဖြစ်တည်မှုမဟုတ်ဘဲ စိတ်ကူးယဉ်မျှော်လင့်မှုတွေနဲ့ တည်ဆောက်ထားတဲ့ စိတ်ကူးယဉ်နိုင်ငံရေးကို ယုံကြည်ပြီး အသိမှား၊ အမြင်မှား မဖြစ်ဖို့ လိုအပ်ပါတယ်။ အပြုနဲ့ အဖျက်ကို သိရှိကြရမှာ ဖြစ်ပါတယ်။ သို့အတွက် မှန်ကန်တဲ့ အသိဉာဏ်၊ ကောင်းမွန်တဲ့ ဆုံးဖြတ်ချက်တွေ ရှိရမှာဖြစ်ပါတယ်။ အသိမှား၊ အမြင်မှား ရှိနေရင် ဆုံးဖြတ်ချက်မှားနေမှာ ဖြစ်ပါတယ်။

### လိုရာဆွဲ ပုံမဖော်သင့်

ပြဿနာတစ်ခုကို ချဉ်းကပ်ရာမှာ အမှန်တရားကို ရှုမြင်တတ်ပြီး အသိပညာ၊ အတွေ့အကြုံ၊ လေ့လာဆင်ခြင်မှု စတာတွေပါ ပေါင်းစပ်သုံးသပ်မှသာ ဖြေရှင်းနိုင်မယ့် အဖြေကို ရရှိမှာဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ဖြေရှင်းရာမှာလည်း မျှမျှတတ မှန်မှန်ကန်ကန်ရှိရမှာပါ။ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ လိုရာဆွဲ ပုံမဖော်သင့်ပါ။

အခုလို ကိုဗစ်-၁၉ ကြောင့် ကိုယ့်နိုင်ငံတင် မဟုတ်ဘဲ တစ်ကမ္ဘာလုံး အတိုင်းအတာနဲ့ စိန်ခေါ်မှုတွေ ရှိနေချိန်မှာ ပြည်သူ့ကျန်းမာရေးသည်သာ အဓိကဖြစ်နေတဲ့ အချိန်။ ဒီအချိန်မှာ ပြည်သူတွေ ပိုခက်ခဲစေမယ့် အကြမ်းဖက်လုပ်ရပ်တွေ၊ နိုင်ငံရေး ဆူပူမှုတွေနဲ့ အခွင့်ကောင်းမယူသင့်တဲ့အချိန်။ ကူးစက်မြန် ကိုဗစ်ကြောင့် မိဘ၊ ဆွေမျိုး၊ မိတ်ဆွေ စသည်ဖြင့် ဆုံးရှုံးမှုတွေ ရှိနေတာကြောင့် ပူပန်စိုးရိမ်မှုတွေ ရှိနေတဲ့ ပြည်သူတွေကြားမှာ ကောလာဟလပေါင်းစုံဖြန့်ဝေပြီး မသမာသူတွေက နိုင်ငံရေး အမြတ်ထုတ်နိုင်ဖို့ ကြိုးပမ်းနေကြဆဲ။

ပြည်သူတွေကြား ကောလာဟလ ဖြန့်ရသည်မှာလည်း လွယ်ကူနေသည်က အမြတ်ထုတ်လိုသူတွေအတွက် အခွင့်အလမ်းတစ်ခု ဖြစ်နေပါတယ်။ ဒါကြောင့် လူမှုကွန်ရက်က မချိမဆန့်လော်နေတာတွေကိုလည်း သတိပြုရမယ့် အချိန်ပါ။ ဖေ့စ်ဘွတ်ပေါ်ကနေ လော်နေတဲ့ နိုင်ငံရေးသမားတစ်ဦး တင်ထားတဲ့ ပို့စ်က မျက်လုံးပြူးစရာပါ။ ကိုဗစ်ကပ်ရောဂါ ဖြစ်နေတာ မှန်ပေမယ့် တော်လှန်ရေးလုပ်ကြဖို့ သူရဲ့ပြောဆို လှုံ့ဆော်မှုတွေဟာ ကိုဗစ်ကို လျှော့တွက်တာလား၊ ပြည်သူတွေကို သူပြောတိုင်း လုပ်မယ်ထင်နေတာလား ဆိုတာတော့ သေချာမသိပါ။ ကိုဗစ် ကူးစက်မှု လျင်မြန်လွန်းလို့ မလိုအပ်ဘဲ အပြင်မထွက်ရမယ့်အချိန်မှာ နိုင်ငံရေးအတွက် ပြည်သူကိုအသုံးချဖို့ အမျိုးမျိုးစဉ်းစားနေတဲ့ နိုင်ငံရေးသမားတွေရဲ့ အကြံက ကြောက်စရာပါ။

### နိုင်ငံရေးကို ခုတုံးလုပ်

ဒါ့အပြင် နိုင်ငံရေးကို ခုတုံးလုပ်ပြီး ပြည်တွင်း ပြည်ပ အလှူငွေနဲ့ ထောက်ပံ့ကြေးတွေ တောင်းနေတဲ့ ကိုယ်ကျိုးရှာ ဝိသမလောဘသမားတွေရဲ့ အဖျက်ပယောဂတွေကိုလည်း သတိထားရမှာဖြစ်ပါတယ်။ အမှန်တော့ အခုအချိန်ဟာ ကိုဗစ်ကြောင့် ပြည်သူ့ကျန်းမာရေး အလေးပေးရမယ့် အချိန်အခါဆိုရင်လည်း မမှား။ ကျန်းမာရေးက အရေးကြီးဆုံးဖြစ်နေပြီး ကျန်းမာရေးအသိ၊ သတိရှိရမယ့် အခြေအနေဖြစ်ပါတယ်။ သို့သော်လည်း မသမာသူတွေက ရှိနေဆဲမို့ ပျက်စီးရာ ပျက်စီးကြောင်းတွေ ကြံနေကြဆဲ။ တစ်နေ့က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာမြို့နယ် မြောက်ဥက္ကလာ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံက ကိုဗစ်လူနာတွေထားတဲ့ အထူးကြပ်မတ်ကုသဆောင်ကို ပေးပို့ထားတဲ့ အောက်ဆီဂျင် ပိုက်လိုင်းနဲ့ ကာရံထားတဲ့ အုတ်ခုံကို မသမာသူတချို့က ထုရိုက်ဖျက်ဆီးခဲ့ပါတယ်။

ဒီလိုဖျက်ဆီးခဲ့တဲ့အတွက် လူနာတွေအတွက် အောက်ဆီဂျင်ပေးဝေမှု ၂၅ ရာခိုင်နှုန်းသာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အပြစ်မဲ့ပြည်သူတချို့ရဲ့ အသက်ကို ထိခိုက်စေခဲ့ပါတယ်။ ဖျက်ဆီးမှုတွေကြောင့် ပိုက်လိုင်းအသစ်ကို အမြန်ဆုံးဆောင်ရွက်ပြီး လူနာတွေ ထပ်မံမဆုံးရှုံးအောင် ဆောင်ရွက်ခဲ့ရပါတယ်။ ကိုဗစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုရှိနေချိန်မှာ မသမာသူတွေရဲ့ လုပ်ရပ်တွေဟာ တစ်ပူပေါ် တစ်ပူဆင့်ဖြစ်နေစေပါတယ်။

ဒါတွေဟာ ဒီနေရာမှာပဲ ရပ်တန့်ပြီလားဆိုရင် မရပ်တန့်သေးပါ။ ပြည်ပက ကြိုးကိုင်လှုပ်ရှားမှုတွေနဲ့ ပြည်တွင်းက ဖျက်လိုဖျက်ဆီးလုပ်လိုသူတွေ ပူးပေါင်းကာ အဖျက်အမှောင့်လုပ်ရပ်တွေ ကျူးလွန်ဖို့အတွက် စိုင်းပြင်းနေကြပါတယ်။ နိုင်ငံတကာနဲ့ အပေးအယူမျှတယ်ဆိုတဲ့ ဝါဒမှိုင်းကိုလည်း ဖြန့်ကြပါတယ်။ တကယ်တော့ လက်ဆုပ်လက်ကိုင် ဘာမှမရှိတဲ့ လေလှိုင်းပေါ်က အစိုးရအတွက် မျက်နှာသာပေးတဲ့ အပေးအယူ၊ အကူအညီတွေဟာ တစ်ချိန်မှာ ပြည်သူတွေကို ချည်လာနိုင်တဲ့ ကြိုးတွေ မဖြစ်ဖို့ သတိပြုရမှာဖြစ်ပါတယ်။

**ထောင်ဆူမယ်၊ သံပုံးတီးမယ်၊ အကြမ်းဖက်မယ်၊ မြို့သိမ်းတိုက်ပွဲလုပ်မယ်၊ ပြည်တွင်းစစ် ဖြစ်စေရမယ်ဆိုတဲ့ အကြမ်းဖက်ဝါဒီတစ်စုရဲ့ အကြံတွေဟာ ပြည်သူ့အကျိုး တစ်ခုမှ မပါ။ NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့တွေနဲ့ ထောက်ခံတဲ့ မသမာသူတွေက အစိုးရကို ဦးတည်ပြီး ပြည်သူကို တိုက်ခိုက်နေဆဲပါ။ မဆိုသင့်စကား ဆိုပါရစေ။ အကယ်၍ မြို့သိမ်းတိုက်ပွဲအတွက် မြို့သိမ်းမယ့် အဖွဲ့တွေနဲ့ တပ်မတော်နဲ့ ထိပ်တိုက်တွေ့ကြပါပြီ ဆိုပါစို့။ မြို့ထဲက ပြည်သူက မြို့ထဲမှာ ဇာတ်ပွဲလို၊ အရပ်ပွဲလို အေးဆေးကြည့်နေလို့ ရလိမ့်မယ် မထင်။ အိုးပစ် အိမ်ပစ် ပြေးကြရမှာပါ။ ပြည်သူအနေနဲ့ ထောက်ခံချင်စရာ အကြောင်းတစ်ခုမှ မရှိပါ။**

### မဟုတ်မမှန် သတင်းလွှင့်

အမှန်တရားက ဖိနပ်စီးနေချိန်မှာ အမှားက ကမ္ဘာတစ်ပတ် ပတ်ပြီးပြီ ဆိုသလို၊ အမှန်တရားအတွက် ရှင်းလင်းပြောဆိုပေမယ့် သတင်းအမှားတွေကတော့ ပြည်သူကြားမှာ ပလူပျံနေဆဲပါ။ လတ်တလော အင်းစိန်ထောင်ဖြစ်စဉ်က သာဓကပေါ့။ အင်းစိန်ထောင်နဲ့ ပတ်သက်ပြီး တစ်ဖက်က ကိုဗစ်ကို အကြောင်းပြပြီး ထောင်ဆူအောင်လှုံ့ဆော်ဖန်တီးကြသလို တစ်ဖက်က ထောင်တွင်းမှာ လူမျိုးတုံး သတ်ဖြတ်ခြင်းဖြစ် နေတယ်လို့ မဟုတ်မမှန် သတင်းလွှင့်ကြပါတယ်။ ဖြစ်စဉ်မှန်ကိုတော့ သက်ဆိုင်ရာ တာဝန်ရှိသူတွေက ပြန်လည်ဖြေရှင်းပြီး ဖြစ်ပါတယ်။ အမှန်တရားဆိုသည်မှာ ဆိတ်ကွယ်ရိုး ထုံးစံမရှိပါ။

ဗုဒ္ဓဘာသာမှာဆိုရင် မြတ်စွာဘုရားက လက်ခံကျင့်သုံးအပ်သော အမှန်တရား ဓမ္မကို ဆယ်ချက်နဲ့ စိစစ်ဆုံးဖြတ်ဖို့ ဟောကြားဆုံးမထားပါတယ်။ ရှေးစကားဖြစ်ရုံနဲ့ အယူဝါဒတစ်ခုကို လက်မခံပါနဲ့။ ဓလေ့ထုံးစံဖြစ်ရုံနဲ့ အားလုံးကို အမှန်လို့ လက်မခံပါနဲ့။ လူအများ ပြောနေကြရုံနဲ့ မဆင်ခြင်ဘဲ အယူဝါဒကို လက်မခံပါနဲ့။ ရှေးဟောင်းစာပေကျမ်းဂန်တွေမှာ ပါတိုင်းလည်း လက်မခံပါနဲ့။ ကိုယ်ဉာဏ်ရှိသမျှတွေးခေါ်ကြံဆတဲ့ အယူဝါဒဆိုတိုင်း မှန်တယ်လို့ လက်မခံပါနဲ့။ အဲဒီအယူဝါဒမှာ ထောက်ပံ့အမှီပြုနိုင်တဲ့ နည်းလမ်းရှိတယ်ဆိုတိုင်း အလွယ်တကူလက်မခံပါနဲ့။ ကိုယ်တိုင်တွေးတော ကြံစည်မိတိုင်း ဟုတ်တယ်ဆိုပြီး လက်မခံပါနဲ့။ ဒီအယူဝါဒတွေဟာ ကိုယ်တိုင်တွေးတောတာနဲ့ တူတယ်ဆိုပြီး လက်မခံပါနဲ့။ အများက ရိုသေလေးစားသူစကားမို့ဆိုကာလည်း လက်မခံပါနဲ့။ လေးစားချစ်ခင်တဲ့ ဆရာစကားမို့ဆိုကာလည်း လက်မခံပါနဲ့လို့ ကာလာမသုတ္တန်မှာ မြတ်စွာဘုရားက ဟောကြားထားပါတယ်။

### အမှန်တရားကတော့ ရှိပြီးသား

ဘယ်သို့ ဘယ်ပုံ၊ အမျိုးမျိုးအဖုံဖုံ ထင်ရာမြင်ရာတွေက ပြောဆိုနေကြပေမယ့် အမှန်တရားကတော့ ရှိပြီးသားပါ။ အမှန်တရားကို ရှုမြင်တတ်ဖို့ပဲ လိုအပ်ပါတယ်။ အမှန်ဘက်လိုက်လို့ လူမုန်းများလည်း တစ်ခဏပါ။ လက်တွေ့မှာတော့ NUG၊ CRPH အပါအဝင် အကြမ်းဖက်အဖွဲ့တွေရဲ့ သွားလမ်းဟာ ပြည်သူနဲ့ ဆန့်ကျင်ဘက်သို့ ဦးတည်နေပြီဖြစ်ပါတယ်။ တော်လှန်ရေးအမည်နဲ့ အကြမ်းဖက်လုပ်ရပ်တွေရဲ့ လားရာဟာ ဆုံးရှုံးနစ်နာမှုတွေပဲ ရနိုင်တယ်ဆိုတာကို သိမြင်ရမယ့် အချိန်ဖြစ်ပါတယ်။ ဒါကြောင့် ကပ်ရောဂါကာလမှာ ကိုဗစ်ကို ခုတုံးလုပ်ပြီး ပြုလုပ်လာနိုင်တဲ့ နိုင်ငံရေး အမြတ်ထုတ်မှုတွေကို သိမြင်ရှောင်ရှားနိုင်ကြပါစေ။ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအတွက် အေးချမ်းစွာ ချဉ်းကပ်အဖြေရှာခြင်းနဲ့သာ လျှောက်လှမ်းသွားစေလိုတာကို ပြည်သူတစ်ဦးအနေနဲ့ ရေးသားတင်ပြလိုက်ပါတယ်။ ။

## ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရေးအစည်းအဝေးပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဆောင်ရွက်နေသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအစည်းအဝေးကို ဇူလိုင် ၂၅ ရက်နှင့် ယနေ့တွင် လားရှိုးမြို့ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမနှင့် တိုင်းအစည်းအဝေးခန်းမတို့၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ လားရှိုးခရိုင်/ မြို့နယ်အဆင့်စီမံအုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အဖွင့်အမှာစကားများ ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ဆောင်ရွက်နေသည့် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စိတ်ကူးယဉ်နိုင်ငံရေးမှ နိုးထချိန်တန်ပြီ

မျိုးငြိမ်းငယ်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး ကိုယ့်မင်းကိုယ့်ချင်း အုပ်ချုပ်လာခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်အတွင်းမှာ ခိုင်မာတဲ့နိုင်ငံရေးစနစ်တစ်ရပ်ကို တည်ဆောက်ဖို့ ဒီနေ့အထိ ခက်ခက်ခဲခဲ ကြိုးစားနေရတုန်း အခြေအနေပါ။

မြန်မာနိုင်ငံနဲ့ကိုက်ညီမယ့် နိုင်ငံရေးစနစ်တစ်ရပ် မတည်ဆောက်နိုင်ရတဲ့ အကြောင်းရင်းများစွာထဲမှာ ကိုယ့်နိုင်ငံရဲ့အခြေအနေကို ခြေခြေမြစ်မြစ်မသိခြင်း၊ နားမလည်ခြင်းဟာလည်း အကြောင်းရင်းတစ်ရပ်အနေနဲ့ ပါဝင်ပါတယ်။ ခြေခြေမြစ်မြစ် မသိနားမလည်ခြင်းဆိုရာမှာ အခြေအနေအမှန်ကို အပေါ်ယံသာသုံးသပ်ခြင်း၊ လိုရာဆွဲသုံးသပ်ခြင်း၊ အားလုံး၏အမြင်သဘောထားမရယူခြင်း၊ မိမိတို့ဆန္ဒကိုသာ ဦးစားပေးနေခြင်း၊ အတ္တများ လွှမ်းမိုးနေခြင်းတွေက နိုင်ငံရေးစနစ်တစ်ရပ် ခိုင်ခိုင်မာမာ မတည်ဆောက်နိုင်ခြင်းနဲ့ နိုင်ငံမတည်ငြိမ်ခြင်း အကျိုးဆက်တွေကိုဖြစ်စေတဲ့ အရင်းခံအကြောင်းတရားတွေအဖြစ် တွေ့မြင်နိုင်ပါတယ်။

**ကိုယ်စီးတဲ့မြင်း အထီးလား၊ အမလား သိရန်လို**

ခိုင်မာတဲ့နိုင်ငံရေးစနစ် တည်ဆောက်ဖို့၊ ခိုင်မာဖို့ဆိုရင် ကိုယ်စီးတဲ့မြင်း အထီးလား၊ အမလားသိဖို့ ဦးစွာလိုပါတယ်။ မျှော်မှန်းချက်တွေ၊ အယူအဆတွေ၊ စနစ်တွေ၊ မဟာဗျူဟာတွေ ဘယ်လောက်ကောင်းကောင်း၊ ကိုယ်စီးတဲ့မြင်း အထီးလား၊ အမလား မသိသလိုဘဲ ကိုယ့်နိုင်ငံရဲ့ အခြေအနေအမှန်ကို နားမလည်နိုင်သရွေ့ ဒါမှမဟုတ် မျက်ကွယ်ပြုနေသရွေ့တော့ နိုင်ငံရေး မုန့်လုံးစက္ကူကပ် ဖြစ်နေပါလိမ့်ဦးမယ်။

**အခြေအနေနှင့်ကိုက်ညီဖို့**

နိုင်ငံတစ်နိုင်ငံနဲ့တစ်နိုင်ငံ နိုင်ငံရေးသမိုင်းကြောင်း၊ ပြည်တွင်းအခြေအနေ၊ နိုင်ငံရေးဓလေ့တွေဆိုတာက မတူညီတတ်ကြပါဘူး။ ဒီတော့ တစ်မျိုးတစ်ဘာသာစီ ကွဲပြားနေကြတဲ့အခြေအနေမှာ နိုင်ငံရေးစနစ်တွေကို မိမိနိုင်ငံနဲ့ကိုက်ညီအောင်၊ နိုင်ငံတကာစံနှုန်းတွေနဲ့ တတ်နိုင်သမျှ ဘောင်ဝင်အောင် လိုက်လျောညီထွေတည်ဆောက်မှပဲ အဲဒီ နိုင်ငံရေးစနစ်ဟာ ကိုယ့်နိုင်ငံမှာခိုင်မြဲနေပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေနိုင်မှာပါ။

အထူးသဖြင့် ကိုယ့်နိုင်ငံရဲ့အခြေအနေကို ခရေစေ့တွင်းကျ၊ သမာသမတ်ရှိရှိ သိရှိနားလည်ထားမှ နိုင်ငံနဲ့စနစ် စရွေးကိုက်ပါလိမ့်မယ်။ ဥပမာအားဖြင့် ဒီမိုကရေစီစနစ်ဟာ ဒီနေ့ကမ္ဘာမှာ အကောင်းဆုံးစနစ်ဖြစ်တယ်လို့ ဆိုပါတယ်။ ဖရန့်စစ်ဖူကူးယားမားက လစ်ဘရယ်ဒီမိုကရေစီဟာ လူသားတို့ရဲ့အတွေးအခေါ်ဆိုင်ရာ ဆင့်ကဲပြောင်းလဲမှုရဲ့ နောက်ဆုံးနဲ့ အုပ်ချုပ်မှုဆိုင်ရာ နောက်ဆုံးပုံစံလို့ ရေးသားခဲ့ဖူးပါတယ်။

> **❐ နိုင်ငံတစ်နိုင်ငံပြုပြင်ပြောင်းလဲဖို့၊ တည်ဆောက်ဖို့ဆိုတာ နိုင်ငံရဲ့အခြေအနေနဲ့ကိုက်ညီမှသာ နိုင်ငံရေးစနစ်တည်ငြိမ်ပြီး နိုင်ငံရဲ့အကျိုးစီးပွားကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံကို ပြုပြင်ပြောင်းလဲဖို့အတွက် ပြည်တွင်းအားတွေအပြင် ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာအကူအညီတွေ လိုအပ်တာမှန်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာ အကူအညီဆိုတာနဲ့ ပြည်တွင်းရေး ဝင်ရောက်ခြယ်လှယ်တာ၊ အချုပ်အခြာအာဏာထိပါးတာ မတူပါဘူး။ ဥပမာအားဖြင့် အီရတ်နိုင်ငံကို ကြည့်ပါ။ အီရတ်နိုင်ငံကို ပြည်ပနိုင်ငံတွေနဲ့ နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ခဲ့တာ အခုအချိန်အထိ နာလန်မထူနိုင်သေးပါဘူး။ ပေးဆပ်ခဲ့ရတဲ့ တန်ဖိုးများလှပါတယ်။ အီရတ်နိုင်ငံနဲ့ အီရတ်ပြည်သူတွေရဲ့ အကျိုးစီးပွားဆိုတာထက် နောက်ဆုံးဝင်ရောက်စွက်ဖက်တဲ့ ပြည်ပနိုင်ငံတွေက သူတို့အကျိုးစီးပွားကိုပဲ ဖော်ဆောင်သွားခဲ့ကြတာပါ**

ဒါပေမယ့် ဒီမိုကရေစီစနစ်ဆိုရာမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ထပ်တူကျ ကူးယူတည်ဆောက်လို့ မရနိုင်ပါဘူး။ နိုင်ငံတည်ဆောက်လိုတဲ့ မျှော်မှန်းချက်နဲ့အတူ ကိုယ့်နိုင်ငံရဲ့ နောက်ခံအခြေအနေ၊ လက်ရှိအခြေအနေ၊ နိုင်ငံတကာနိုင်ငံရေးရေချိန်၊ အချိန်ကာလ လိုအပ်ချက်တွေကအစ ပညာရေး၊ လူထုရဲ့ နိုင်ငံရေးယဉ်ကျေးမှုတွေအဆုံး ကိုက်ညီမှုရှိအောင် မဖြစ်မနေထည့်သွင်းစဉ်းစားတွက်ချက်ကြရမှာပါ။

နိုင်ငံရေးလက်တွေ့ကျဖို့ ဂျာမန်ခေါင်းဆောင်ကြီး အောတိုဘွန်ဗစ်စမတ်က Politics is the art of the possible. လို့ ဆိုပါတယ်။ ဒီတော့ ဖြစ်သင့်တာလုပ်ဖို့ဆိုတာ လက်ရှိဖြစ်ပျက်နေဆဲ အခြေအနေတွေနဲ့ ကိုက်ညီရပါလိမ့်မယ်။ ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာကို မှန်မှန်ကန်ကန်ရွေးချယ်ဆုံးဖြတ်နိုင်ခြင်းဟာ ထက်မြက်တဲ့ နိုင်ငံရေးအရည်အသွေးတစ်ခုဖြစ်ပါတယ်။

**ကိုယ့်နိုင်ငံအကျိုးစီးပွားကို အလေးထားဖို့လို**

နိုင်ငံတစ်နိုင်ငံပြုပြင်ပြောင်းလဲဖို့၊ တည်ဆောက်ဖို့ဆိုတာ နိုင်ငံရဲ့အခြေအနေနဲ့ကိုက်ညီမှသာ နိုင်ငံရေးစနစ်တည်ငြိမ်ပြီး နိုင်ငံရဲ့အကျိုးစီးပွားကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတစ်နိုင်ငံကို ပြုပြင်ပြောင်းလဲဖို့အတွက် ပြည်တွင်းအားတွေအပြင် ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာအကူအညီတွေ လိုအပ်တာမှန်ပါတယ်။ ဒါပေမယ့် နိုင်ငံတကာအကူအညီဆိုတာနဲ့ ပြည်တွင်းရေး ဝင်ရောက်ခြယ်လှယ်တာ၊ အချုပ်အခြာအာဏာ ထိပါးတာ မတူပါဘူး။ ဥပမာအားဖြင့် အီရတ်နိုင်ငံကို ကြည့်ပါ။ အီရတ်နိုင်ငံကို ပြည်ပနိုင်ငံတွေနဲ့ နိုင်ငံတကာက ဝင်ရောက်စွက်ဖက်ခဲ့တာ အခုအချိန်အထိ နာလန်မထူနိုင်သေးပါဘူး။ ပေးဆပ်ခဲ့ရတဲ့တန်ဖိုး များလှပါတယ်။ အီရတ်နိုင်ငံနဲ့ အီရတ်ပြည်သူတွေရဲ့ အကျိုးစီးပွားဆိုတာထက် နောက်ဆုံး ဝင်ရောက်စွက်ဖက်တဲ့ ပြည်ပနိုင်ငံတွေက သူတို့အကျိုးစီးပွား ကိုပဲ ဖော်ဆောင်သွားခဲ့ကြတာပါ။

အာဖဂန်နစ္စတန်နိုင်ငံမှာလည်း ဒီလိုပါပဲ။ အာဖဂန်အတွင်းမှာ တပ်စွဲထားတဲ့ အမေရိကန်တပ်တွေဟာ သူတို့အကျိုးစီးပွားထိခိုက်လာတဲ့အခါမှာ သတ်မှတ်ရက်မတိုင်မီမှာပဲ အာဖဂန်မှ ထွက်ခွာသွားခဲ့ကြပါတယ်။ အာဖဂန်နိုင်ငံကတော့ ပြည်ပကျောထောက်နောက်ခံအစိုးရကတစ်ဖက်၊ တာလီဘန်တွေကတစ်ဖက်နဲ့ ကျန်ခဲ့ပါပြီ။ အဲဒါတွေဟာ ကိုယ့်နိုင်ငံ ပြုပြင်ပြောင်းလဲရာမှာ ဒါမှမဟုတ် တည်ဆောက်ရာမှာ နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားကို မျက်ခြည်မပြတ်ဖို့ သင်ခန်းစာတွေပဲ ဖြစ်ပါတယ်။ နိုင်ငံတကာကနေ နှောင်ကြိုးမဲ့ကူညီတာတွေရှိကြပေမယ့် အားလုံးတော့မဟုတ်ပါဘူး။ နိုင်ငံတကာအကူအညီတွေဆိုတာ အများအားဖြင့် သူတို့အကျိုးစီးပွားနဲ့ ယှဉ်ပြီးမှ ကူညီကြ၊ ပေးကြတာပါ။

မြန်မာ့ပြည်တွင်းရေးမှာလည်း ကိုယ့်နိုင်ငံရဲ့ နိုင်ငံရေးအကျပ်အတည်းကို လက်တွေ့ကျကျ ပြည်တွင်းမှာ အဖြေရှာဖို့ထက် ပြည်ပနဲ့နိုင်ငံတကာကို မျက်စိစုံမှိတ်အားကိုးနေခြင်းဟာ စိတ်ကူးယဉ်မျှော်မှန်းချက်လား၊ နိုင်ငံအတွက် လက်တွေ့အဖြေလား စဉ်းစားကြဖို့ လိုအပ်နေပါပြီ။

**နိုင်ငံရေးသံသရာကထွက်ဖို့ဆိုရင်**

မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၇၀ ကျော်တဲ့အထိ နိုင်ငံရေးဝဲကပ်ပါထဲမှာ သံသရာလည်နေတာ ဒီနေ့အထိပါပဲ။ ဒီဝဲဂယက်က မထွက်နိုင်သေးပါဘူး။ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ် ၁၄ နှစ်ကျင့်သုံးခဲ့ဖူးပါတယ်။ ၂၀၁၁ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်အထိ ၁၀ နှစ် ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါလျက် ဘာကြောင့် ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာမတည်ဆောက်နိုင်ခင်မှာပဲ အခက်အခဲတွေ ရင်ဆိုင်နေကြရတာလဲဆိုတာ ဒီကနေ့ ပူပူနွေးနွေး အဖြေရှာနိုင်ပါတယ်။ အယူအဆလွဲနေလား၊ စနစ်လိုအပ်ချက်လား၊ အကောင်အထည်ဖော်တာ မှားတာလား၊ တစ်နည်းအားဖြင့် စနစ်လိုအပ်ချက်လား၊ လူလိုအပ်ချက်လား ဆိုတာပါပဲ။

မြန်မာနိုင်ငံလို မတူကွဲပြားမှုတွေများတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဒီမိုကရေစီစနစ်၊ ပြည်ထောင်စုစနစ်နဲ့ တည်ဆောက်ဖို့ လိုအပ်တယ်၊ ကိုက်ညီတယ်ဆိုတာ အားလုံးက လက်ခံထားပြီးဖြစ်ပါတယ်။ ဒါပေမယ့် ဒီမိုကရေစီဆိုတဲ့နေရာမှာ ပုံတူကူးဒီမိုကရေစီဆိုတာထက် ကိုယ့်နိုင်ငံနဲ့ကိုက်ညီတဲ့ လက်တွေ့အကောင်အထည်ဖော်နိုင်မှုတွေ၊ ဒီမိုကရေစီအခြေခံတန်ဖိုးတွေကို လေးစားလိုက်နာမှုတွေတော့ လိုအပ်ပါလိမ့်မယ်။ ဥပမာအနေနဲ့ ဒီမိုကရေစီဆိုပြီး အာဏာခွဲဝေမှုထက် အာဏာလက်ဝါးကြီးအုပ်ထားတာ၊ နိုင်ငံရဲ့ မဏ္ဍိုင်တွေ အားကောင်းအောင် တည်ဆောက်ဖို့ထက် မဏ္ဍိုင်တွေကို ချုပ်ကိုင်ထားတာတွေဟာ ပါလီမန်ဒီမိုကရေစီ ခေတ်မှာရော၊ ပါတီစုံဒီမိုကရေစီခေတ်မှာရော ကြုံခဲ့ရတဲ့သင်ခန်းစာတွေ ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ့်နိုင်ငံရဲ့တည်ငြိမ်မှုနဲ့ အသွင်ကူးပြောင်းရေး ဖြေလျှော့မှုတွေမှာ နိုင်ငံတကာစံနှုန်းတွေနဲ့ တိုင်းတာလုပ်ဆောင်ခြင်းဟာလည်း ဖြစ်ချင်တာလား၊ ဖြစ်သင့်တာလား သုံးသပ်ဖို့လိုပါလိမ့်မယ်။

အထက်မှာဆိုခဲ့သလို မြန်မာနိုင်ငံ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ခဲ့ပါလျက်နဲ့ အမှားသံသရာလည်နေရတဲ့အဖြေရှာရာမှာ စိတ်ကူးနဲ့ဖြစ်ချင်တာတွေ အကောင်အထည်ဖော်နေကြတာထက် အရင်းခံအကြောင်းတရားတွေကို အချင်းချင်းဝိုင်းဝန်းဖြေရှင်းကြခြင်းက လက်တွေ့ကျတဲ့နည်းလမ်းဖြစ်ပါလိမ့်မယ်။

**ပြည်ပအားကိုးမှုနဲ့**

ပြည်ပအားကိုးမှုလို့ဆိုလိုက်ရင် ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေကို ပစ်ပယ်လိုခြင်းသဘော မဆိုလိုပါဘူး။ အားကိုးမှုနဲ့ အကူအညီဆိုရာမှာ အတိုင်းအတာနဲ့ အချိန်အဆ ရှိပါတယ်။ အဲဒီအတိုင်းအတာနဲ့ အချိန်အဆဆိုတာ ကိုယ့်နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားနဲ့ တိုင်းတာချင့်ချိန်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ပစ်ပယ်ပြီး ပြည်ပနိုင်ငံကို အားကိုးလို့မရနိုင်သလို နိုင်ငံတကာကိုလည်း အားကိုးလို့မရနိုင်ပါဘူး။ နိုင်ငံတည်ဆောက်ဖို့ ယူသင့်ယူထိုက်တဲ့ အကူအညီယူတာ မဆန်းပေမယ့် နိုင်ငံတစ်နိုင်ငံတည်ဆောက်ဖို့ အလုံးစုံ အကူအညီယူလုပ်ဆောင်မယ်ဆိုတာကတော့ စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်။ ဒီစိတ်ကူးတွေကြောင့် ဖြစ်လာမယ့်အကျိုးဆက်တွေကို လေးလေးနက်နက်

*စာမျက်နှာ ၁၂ သို့*

> **ပြည်ပအားကိုးမှုလို့ဆိုလိုက်ရင် ပြည်ပနိုင်ငံတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေကို ပစ်ပယ်လိုခြင်းသဘော မဆိုလိုပါဘူး။ အားကိုးမှုနဲ့ အကူအညီဆိုရာမှာ အတိုင်းအတာနဲ့ အချိန်အဆရှိပါတယ်။ အဲဒီအတိုင်းအတာနဲ့ အချိန်အဆဆိုတာ ကိုယ့်နိုင်ငံရဲ့အမျိုးသားအကျိုးစီးပွားနဲ့ တိုင်းတာချင့်ချိန်ရမှာ ဖြစ်ပါတယ်။ နိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွားကို ပစ်ပယ်ပြီး ပြည်ပနိုင်ငံကို အားကိုးလို့မရနိုင်သလို နိုင်ငံတကာကိုလည်း အားကိုးလို့ မရနိုင်ပါဘူး။ နိုင်ငံတည်ဆောက်ဖို့ ယူသင့်ယူထိုက်တဲ့ အကူအညီယူတာ မဆန်းပေမယ့် နိုင်ငံတစ်နိုင်ငံတည်ဆောက်ဖို့ အလုံးစုံအကူအညီယူလုပ်ဆောင်မယ်ဆိုတာကတော့ စိတ်ကူးယဉ်ဆန်လွန်းလှပါတယ်။ ဒီစိတ်ကူးတွေကြောင့် ဖြစ်လာမယ့်အကျိုးဆက်တွေကို လေးလေးနက်နက်စဉ်းစားကြဖို့ ကောင်းပါတယ်**

◆ *ကျောဖုံးမှ*

ကိုယ်စားလှယ်များနှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးခြင်း၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများစစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုဖြစ်ပွားခဲ့သော မှားယွင်းခဲ့သည့် တစ်နိုင်ငံလုံး မဲဆန္ဒရှင်အရေအတွက် စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဦး ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဆန္ဒမဲလက်မှတ်များကို မြေပြင်ဖွင့်ဖောက်စစ်ဆေးရာတွင် မဲရုံတိုင်း၌ ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရှိနေခြင်းတို့ကို တွေ့ရှိရပြီး မဲရုံများသို့ မဲလက်မှတ်များ သတ်မှတ်အရေအတွက်ဖြင့် ထုတ်ပေးခဲ့ခြင်းဖြစ်ရာ ယင်းမဲလက်မှတ် လျော့နည်းပျောက်ဆုံးခြင်းနှင့် အပိုတွေ့ရှိမှုများသည် တရားမဝင်ဆောင်ရွက်မှုကြောင့်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဖြစ်ပွားခဲ့သော မဲစာရင်းနှင့် ဆန္ဒမဲလက်မှတ်များစာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ်ပေါင်း | မဲရုံပေါင်း | မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက် | | | | | | | ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | နိုင်ကတ်မရှိ | (၃) ကြိမ်အထက် | (၂) ကြိမ် | တိုင်း/ပြည်နယ် Cross Check | ၁၀၀ နှစ်အထက် | ၁၈ နှစ်အောက် | မဲမသမာမှု စုစုပေါင်း | ထုတ်ယူရရှိ | အသုံးပြုအရေအတွက် | ကျန်ရမည့်အရေအတွက် | မြေပြင်လက်ကျန် | ပျောက်ဆုံး | ပို |
| ၁ | ကချင် | ၁၈ | ၉၁၉ | ၉၂၄၅၂ | ၇၆၃၃ | ၁၀၂၈၇၆ | ၆၀၅၉၀ | ၆၇၉ | ၄၉၇ | ၂၆၄၇၂၇ | ၁၃၀၁၀၉၄ | ၇၆၁၃၂၄ | ၅၃၉၇၇၀ | ၅၃၆၈၈၉ | ၉၄၄၉ | ၆၅၆၈ |
| ၂ | ကယား | ၇ | ၂၃၃ | ၅၅၅၂ | ၉၃၀ | ၁၆၆၈၀ | ၅၉၁၂ | ၂၁၈ | ၄၄ | ၂၉၁၅၆ | ၂၁၈၈၀၅ | ၁၆၂၈၄၉ | ၇၅၉၅၆ | ၇၅၂၇၆ | ၂၄၆၈ | ၁၇၈၈ |
| ၃ | ကရင် | ၇ | ၈၅၂ | ၂၄၁၉၅၃ | ၁၅၂၅၈ | ၁၂၈၂၁၀ | ၁၅၂၉၄ | ၉၁၇ | ၈၂၂ | ၄၀၂၄၇၄ | ၁၃၆၆၂၂၂ | ၆၄၁၈၄၈ | ၇၂၄၁၇၄ | ၆၅၄၀၂၉ | ၇၂၂၇၂ | ၁၉၂၇ |
| ၄ | ချင်း | ၉ | ၉၅၇ | ၁၅၅၈၀ | ၂၉၈၁ | ၃၄၂၄၈ | ၁၉၅၄ | ၃၆၆ | ၁၈၅ | ၅၅၁၁၄ | ၄၂၇၆၅၅ | ၂၁၈၅၉၅ | ၂၀၈၈၆၀ | ၁၉၆၆၇၃ | ၁၆၇၄၆ | ၄၅၅၉ |
| ၅ | စစ်ကိုင်း | ၃၇ | ၄၁၀၇ | ၃၃၇၄၈၄ | ၃၉၂၂၀ | ၄၆၀၉၁၆ | ၇၁၈၇၂ | ၁၈၉၇ | ၁၄၆၆ | ၉၁၂၈၅၅ | ၄၈၃၄၀၅၂ | ၃၃၅၈၆၅၉ | ၁၄၇၅၃၉၃ | ၁၄၁၀၂၂၀ | ၁၂၉၅၄၅ | ၆၄၃၇၂ |
| ၆ | တနင်္သာရီ | ၁၀ | ၁၂၀၅ | ၁၉၃၉၉၁ | ၈၁၂၀ | ၁၁၂၇၅၆ | ၂၈၉၅၈ | ၇၀၈ | ၃၆၆ | ၃၄၄၈၉၉ | ၁၂၉၉၉၇၂ | ၇၈၇၉၇၆ | ၅၁၁၉၉၆ | ၄၉၅၂၁၉ | ၂၄၀၉၈ | ၇၃၂၁ |
| ၇ | ပဲခူး | ၂၈ | ၄၁၄၄ | ၈၅၈၆၁၁ | ၃၇၁၆၂ | ၃၈၂၀၅၈ | ၆၁၀၀၈ | ၁၉၈၅ | ၈၇၇ | ၁၃၄၁၇၀၁ | ၄၄၂၁၈၂၀ | ၂၈၀၁၈၈၃ | ၁၆၁၉၉၃၇ | ၁၅၃၆၁၃၂ | ၁၅၁၈၆၇ | ၆၈၀၆၂ |
| ၈ | မကွေး | ၂၅ | ၄၅၄၈ | ၁၇၂၉၇၆ | ၃၃၉၅၆ | ၃၉၇၅၀၄ | ၄၅၂၄၂ | ၁၅၆၇ | ၆၅၀ | ၆၅၁၈၉၅ | ၃၈၂၀၅၆၁ | ၂၅၅၁၆၈၁ | ၁၂၆၈၈၈၀ | ၁၁၉၀၅၃၃ | ၈၆၈၇၂ | ၈၅၂၅ |
| ၉ | မန္တလေး | ၂၈ | ၅၄၄၇ | ၃၈၈၂၈၂ | ၃၈၀၉၀ | ၅၁၆၇၇၆ | ၂၁၇၆၆၈ | ၃၁၅၁ | ၁၂၃၉ | ၁၁၆၅၂၀၆ | ၅၄၆၇၈၈၄ | ၃၇၉၂၄၄၇ | ၁၆၇၅၅၃၇ | ၁၅၀၇၇၇၈ | ၂၂၁၅၄၆ | ၅၃၇၈၇ |
| ၁၀ | မွန် | ၁၀ | ၉၇၃ | ၂၀၅၉၈၇ | ၁၃၀၀၂ | ၁၇၄၂၆၈ | ၂၆၈၂၈ | ၉၀၂ | ၄၈၅ | ၅၂၁၄၇၂ | ၂၀၂၃၇၇၆ | ၁၀၃၉၂၉၅ | ၉၈၄၄၈၁ | ၉၅၀၆၂၅ | ၄၅၅၆၈ | ၁၁၇၁၂ |
| ၁၁ | ရခိုင် | ၈ | ၇၈၄ | ၇၇၅၇၃ | ၄၁၀၁ | ၄၇၇၁၂ | ၃၅၉၈ | ၃၄၁ | ၂၂၃ | ၁၃၃၅၄၈ | ၈၅၇၃၂၁ | ၃၂၈၉၁၈ | ၅၂၈၄၀၃ | ၅၂၂၅၀၂ | ၉၇၁၈ | ၃၈၃၇ |
| ၁၂ | ရန်ကုန် | ၄၅ | ၅၈၀၉ | ၇၄၇၁၃၈ | ၁၁၀၇၀ | ၂၆၉၄၁၂ | ၄၀၅၃၆၆ | ၂၂၂၂ | ၁၉၀၉ | ၁၄၃၇၁၁၇ | ၆၆၈၉၂၇၀ | ၄၀၈၅၆၈၆ | ၂၆၀၃၅၈၄ | ၂၃၃၇၁၅၀ | ၃၅၇၉၃၇ | ၉၁၅၀၃ |
| ၁၃ | ရှမ်း | ၄၉ | ၃၅၉၁ | ၆၁၆၅၃၁ | ၂၂၆၉၇ | ၃၀၉၂၄၈ | ၆၉၀၅၄ | ၂၅၉၇ | ၁၉၉၆ | ၁၀၂၂၁၃၃ | ၄၀၂၁၁၉၄ | ၂၃၉၉၂၂၅ | ၁၆၂၁၉၆၉ | ၁၅၇၄၉၀၇ | ၉၆၆၆၆ | ၄၇၆၀၄ |
| ၁၄ | ဧရာဝတီ | ၂၆ | ၅၇၄၈ | ၇၀၆၉၈၄ | ၅၄၂၈၅ | ၅၆၇၃၀၀ | ၃၉၇၄၂ | ၂၇၀၇ | ၃၃၃၉ | ၁၃၇၄၃၅၇ | ၅၂၁၈၂၀၅ | ၃၄၇၉၈၆၉ | ၁၇၅၈၃၃၆ | ၁၆၄၁၃၄၁ | ၁၈၂၇၁၉ | ၆၅၇၂၄ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၈ | ၆၄၆ | ၁၀၈၃၃၃ | ၆၉၀၀ | ၇၆၂၂၂ | ၃၈၆၉၀ | ၂၈၉ | ၃၁၄ | ၂၃၀၇၄၈ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၆၁ |
| | ပေါင်း | ၃၁၅ | ၃၉၉၆၃ | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၁၀၉၁၇၇၆ | ၂၀၅၆၆ | ၁၄၄၁၂ | ၉၈၈၇၇၉၂ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၁ | ၄၃၈၈၅၀ |
| | တစ်နိုင်ငံလုံး Cross Check | | | | | | ၁၄၁၇၅၉၈ | | | ၁၄၁၇၅၉၈ | | | | | | |
| | စုစုပေါင်း | ၃၁၅ | ၃၉၉၆၃ | ၄၈၆၉၄၂၇ | ၂၉၅၄၀၅ | ၃၅၉၆၂၀၆ | ၂၅၀၉၃၇၄ | ၂၀၅၆၆ | ၁၄၄၁၂ | ၁၁၃၀၅၃၉၀ | ၄၃၀၀၄၃၈၂ | ၂၇၀၉၈၀၅၈ | ၁၅၉၀၆၃၂၄ | ၁၄၉၂၀၇၈၃ | ၁၄၂၄၃၉၁ | ၄၃၈၈၅၀ |

၃။ ထို့ပြင် သက်ဆိုင်ရာ မြို့နယ်အလိုက်မဲစာရင်းများ၊ ဆန္ဒမဲလက်မှတ် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာတွင် အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်–

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များမှ ခန့်အပ်လိုသူများအား ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်း၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်းအဖွဲ့ကြောင့်ပင် လူဦးရေစာရင်းများထပ်ကာ မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက်ပါဝင်မှုများဖြစ်ပွားခဲ့ခြင်း၊

(ဂ) မဲစာရင်းများတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက်ပါဝင်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့် အထက်ပါဝင်နေခြင်း၊

(ဃ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးရန် ရွေးကောက်ပွဲနေ့မတိုင်မီ ၂၉–၁၀–၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်နိုင်ကြောင်း ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သည့်အတွက် ကြိုတင်ဆန္ဒမဲများကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့ဝင်များပါဝင်၍ နေအိမ်များသို့ သွားရောက်ကာ ဆောင်ရွက်ခဲ့ခြင်း၊

(င) ကိုဗစ် – ၁၉ ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာညွှန်ကြားချက်အရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်မဲဆန္ဒပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ၈–၁၀–၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ညွှန်ကြားချက်ကို ၁၁–၁၀–၂၀၂၀ ရက်နေ့တွင်လည်းကောင်း ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခြင်းကြောင့် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းတွင်ထည့်သွင်း၍ မဲပေးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်း၊

(စ) မဲဆန္ဒရှင်များဆန္ဒမဲပေးသည့်အခါတွင် နိုင်ငံသားစိစစ်ရေးကတ်မရှိသူ မဲဆန္ဒရှင်များမဲပေးခွင့်ရရှိရေးအတွက် ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၉–၈–၂၀၂၀ ရက်နေ့တွင် ညွှန်ကြားချက်ထုတ်ပြန်ဆောင်ရွက်ခဲ့သဖြင့် မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသော နိုင်ငံသားစိစစ်ရေးကတ်မရှိသူများကို မဲပေးခွင့်ပြုခဲ့ခြင်း၊

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ အသုံးပြုခဲ့သည့် ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများနှင့် စပ်လျဉ်း၍ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံး ရိုက်နှိပ်ထားသော မဲလက်မှတ်များကို တွေ့ရှိပါက ခိုင်လုံမဲအဖြစ်သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်း၊

(ဇ) မဲရုံတိုင်း၌ မဲစာရင်းများအရေအတွက်များစွာ မှားယွင်းမှုဖြစ်ပေါ်ခြင်းသည် မတော်တဆဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ တမင်ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်း၊

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တွင် NLD ပါတီအနေဖြင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြု၍ ဝင်ရောက်စွက်ဖက် မလျော်ဩဇာသုံးကာ မသမာမှုများဆောင်ရွက်ခဲ့ခြင်း၊

(ည) NLD ပါတီမဟုတ်သည့် အခြားနိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင်ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုများအားလုံးအား အုပ်ချုပ်ရေးအာဏာကိုလည်းကောင်း၊ ကိုဗစ် – ၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကိုလည်းကောင်း အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်၍ နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည် ဆောင်ရွက်ခဲ့ခြင်း၊

(ဋ) ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယင်းအား တရားဝင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန် ဖောက်ဖျက်ဆောင်ရွက်ခဲ့ခြင်း။

၄။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ကြေညာလိုက်သည်။

(သိန်းစိုး)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့တွင် အောက်ဆီဂျင်လုံလောက်မှုရှိစေရန်အတွက် အောက်ဆီဂျင်စက်ရုံအသစ် စတင်လည်ပတ်၊ ထုတ်လုပ်ဖြန့်ချိ

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ကိုဗစ်-၁၉ လူနာများ အသုံးပြုရန်အတွက် အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ အသစ်တပ်ဆင်လျက်ရှိသော အောက်ဆီဂျင်စက်ရုံ စတင်လည်ပတ်ထုတ်လုပ်နေမှု၊ အခမဲ့ဖြန့်ချိပေးနေမှုကို ဇူလိုင် ၂၅ ရက်နှင့် ယနေ့တွင် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် လားရှိုးမြို့ရှိ ပရဟိတအဖွဲ့ဝင်များ သွားရောက်ကြည့်ရှုကြသည်။**(ယာပုံ)**

ထို့နောက် တိုင်းမှူးနှင့် စေတနာရှင်အလှူရှင်များက အောက်ဆီဂျင်စက်ရုံတွင် တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများ၊ ကိုဗစ်- ၁၉ ရောဂါလူနာများ ကူညီပေးနေသည့် လားရှိုးပရဟိတကွန်ရက်အသင်း၊ ကိုဗစ်- ၁၉ Operation Team နှင့် Freedom Volunteer Group တို့ကို ဂုဏ်ပြုငွေများ၊ PPE ဝတ်စုံ ၁၅၀၊ Mask ၁၀၀၀၀၊ ရေမလိုလက်သန့်ဆေးရည် ၂၄ ဘူး၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများကို ဂုဏ်ပြုပေးအပ်သည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံမှာ ငွေကျပ်သိန်း ၃၅၀၀ တန်ဖိုးရှိပြီး တစ်နေ့လျှင် အောက်ဆီဂျင် ၄၀ လီတာ အိုး ၂၀၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းနှင့် ထုတ်လုပ်ရရှိသော အောက်ဆီဂျင်များကို လားရှိုးပြည်သူ့ဆေးရုံ၊ ကိုဗစ်-၁၉ ကုသရေးစင်တာ (လားရှိုး)နှင့်ဒေသခံပြည်သူများသို့ အခမဲ့ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






ထိုင်းနိုင်ငံမှ ပို့ဆောင်သည့် လူနာခုတင်များ ကော့သောင်းနယ်စပ်ဂိတ်သို့ ရောက်ရှိလာစဉ်။

# ကိုဗစ်- ၁၉ ရောဂါ ကုသရေးစင်တာများသို့ လှူဒါန်းမည့် ခုတင်(ကတ္တူချပ်ဖာ)များ သယ်ယူပို့ဆောင်ပေး

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များ၊ စေတနာ့ ဝန်ထမ်းများက အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိပြီး စေတနာရှင်အလှူရှင်များကလည်း ကိုဗစ်-၁၉ လူနာများ ကုသရာတွင် အသုံးပြုရန်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ၊ အောက်ဆီဂျင်ထုတ်စက်များကို သက်ဆိုင်ရာ ဆေးရုံများသို့ ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့တွင် ကိုဗစ်- ၁၉ ရောဂါခံတွင်းခွဲအတည်ပြု ပိုးတွေ့လူနာများအား ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် ကော့သောင်းမြို့ရှိ စေတနာရှင်အလှူရှင်တစ်ဦး မှာယူထားသည့် လူနာခုတင်(ကတ္တူချပ်ဖာ)များကို ထိုင်းနိုင်ငံဘက်မှ ရေယာဉ်ဖြင့် ထိုင်း- မြန်မာ ကော့သောင်းနယ်စပ် ရွှေဝက်ဝံဆိပ်ကမ်းမှ တစ်ဆင့်ကော့သောင်းမြို့သို့ ခုတင်အလုံး ၅၀၀ ရောက်ရှိလာသည်။

အဆိုပါ ခုတင်များကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်- ၁၉ ရောဂါကုသရေးအတွက် ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ တပ်မတော်မော်တော်ယာဉ်များဖြင့် ဆက်လက်ကူညီပို့ဆောင် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

လက်ရှိအချိန်တွင် ကိုဗစ်- ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှု မြင့်တက်လျက်ရှိပြီး ခံတွင်းခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေရန်အတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများ၊ အောက်ဆီဂျင်အိုးများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို တပ်မတော်က သွားရောက်ထောက်ပံ့လှူဒါန်းပေးလျက် ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ပေးအပ်လှူဒါန်းလျက်ရှိရာ ဇူလိုင် ၁ ရက်မှ ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများ၊ ဘာသာရေးကျောင်းများ၊ စာသင်ကျောင်းများ၊ မြို့ဝင်/ မြို့ထွက် စစ်ဆေးရေးဂိတ်များနှင့် ဒေသခံပြည်သူလူထုများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အောက်ဆီဂျင်အိုး ၅၂၇၁ လုံး၊ Mask ၃၃၁၉၈၂ ခု၊ (PPE) ဝတ်စုံ ၁၈၂၀၊ Hand Gel ၇၀၃ ဘူး၊ Face Shield အခု၂၀၀၊ လက်ဆေးဆပ်ပြာရည် လေးပုံး၊ လက်အိတ် ၂၀၅၀၊ ခေါင်းစွပ် ၂၉၀၀၊ ဆေးပစ္စည်းများ၊ စက်သုံးဆီများ၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ အလှူငွေများကို သွားရောက်ပေးအပ်လှူဒါန်းနိုင်ခဲ့ပြီး ဆက်လက်ပေးအပ်လှူဒါန်းသွားမည် ဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**




*စာမျက်နှာ ၁၀ မှ*

စဉ်းစားကြဖို့ ကောင်းပါတယ်။

ကိုယ့်နိုင်ငံတည်ဆောက်ဖို့ဆိုပြီး နိုင်ငံတကာအကူအညီတွေနဲ့ လုပ်ဆောင်ဖို့ စိတ်ကူးကြံစည်နေကြတာတွေ၊ အကောင်အထည်ဖော်နေကြတာတွေဟာ အလွန်အန္တရာယ်များတဲ့ အကြံအစည်တွေဆိုတာ ကမ္ဘာမှာ နမူနာတွေရှိပါတယ်။ ပြည်ပနိုင်ငံတွေရဲ့ ဝင်ရောက်စွက်ဖက်မှုကြောင့် ပြည်တွင်းစစ်တွေနဲ့ ဒုက္ခပင်လယ်ဝေနေတဲ့နိုင်ငံတွေ ကမ္ဘာမှာ အခုထိရှိနေတုန်းပဲဆိုတာ သတိပေးလိုပါတယ်။ ဒုက္ခတွေသယ်ဆောင်လာမယ့် စိတ်ကူးယဉ်မှုတွေကို ရပ်တန်းက ရပ်သင့်ပါပြီ။ **အဲဒီယူဆချက်ဟာ ကိုယ့်နိုင်ငံမှာဖြစ်နေတဲ့ အကျပ်အတည်းတွေကို ဖြေရှင်းဖို့ မှန်ကန်တဲ့နည်းလမ်းမဟုတ်ပါဘူး။ သွေးထွက်သံယိုမှုတွေနဲ့ ကျရှုံးနိုင်ငံဖြစ်စေမယ့် နည်းလမ်းပဲဖြစ်ပါတယ်။**

အခုဆိုရင်လည်း ပြည်ပနိုင်ငံတွေရဲ့ကြိုးဆွဲမှုတွေနဲ့ နိုင်ငံတွင်းမှာ အကြမ်းဖက်တိုက်ခိုက်တာတွေလုပ်နေကြလို့ နိုင်ငံကောင်းလာသလား၊ ဆိုးသွားသလား လက်တွေ့ပါပဲ။ ဒါကို နိုင်ငံရေးလို့ မဆိုနိုင်ပါဘူး။ နိုင်ငံရေးဆိုတာ သွေးထွက်သံယိုမှုမရှိတဲ့ စစ်ပွဲဖြစ်ပြီး စစ်ပွဲဆိုတာ သွေးထွက်သံယိုမှုရှိတဲ့ နိုင်ငံရေးလို့ မော်စီတုန်းက ဆိုဖူးပါတယ်။ ချိန်ထိုးစဉ်းစားကြရမယ့်စကားပါပဲ။ နိုင်ငံတည်ဆောက်ဖို့၊ ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ဖို့အတွက် နိုင်ငံရေးကို လုပ်ဆောင်ကြတာပါ။ နိုင်ငံကို သူတစ်ပါးလက်ထဲထိုးအပ်ဖို့ လမ်းကြောင်းပေးနေတာ၊ နိုင်ငံပြိုကွဲဖို့ လုပ်ဆောင်နေတာကို နိုင်ငံရေးလို့ မဖွင့်ဆိုပါဘူး။

## စိတ်ကူးမယဉ်သင့်တော့

မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ်ကို နှစ်ကြိမ်တိတိကျင့်သုံးခဲ့ပြီးပါပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်ခဲ့ပြီးပါပြီ။ ဘာကြောင့် ဒီမိုကရေစီလမ်းကြောင်းကနေ လမ်းချော်နေကြသလဲ။ ကိုယ့်နိုင်ငံအခြေအနေနဲ့ ဖြစ်သင့်တာထက် ဘောင်ကျော် စဉ်းစားမှုတွေ၊ လုပ်ဆောင်မှုတွေကြောင့် ဒီမိုကရေစီလမ်းကြောင်းက လွဲချော်နေခြင်းပဲ ဖြစ်ပါတယ်။ ဒီတော့ ဒီမိုကရေစီလမ်းကြောင်းပေါ် မြန်မာနိုင်ငံ ဆက်လျှောက်လှမ်းဖို့ဆိုရင် ကိုယ်ဖြစ်ချင်တဲ့ စိတ်ကူးယဉ်တာတွေရပ်ပြီး ကိုယ့်နိုင်ငံ၊ ကိုယ့်ပြည်သူတွေအားလုံး အကျိုးစီးပွားကို ဖော်ဆောင်နိုင်မယ့် ရည်မှန်းချက်၊ အယူအဆ၊ ဘုံတူညီတဲ့ သဘောထားတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ဒီမိုကရေစီနဲ့ဖက်ဒရယ်ခရီးကို ဖြောင့်ဖြူးစေပါလိမ့်မယ်။ ။

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကန့်သတ်ချက်များအနက် တစ်စိတ်တစ်ပိုင်း ဖြေလျှော့ပေးမည်

**ဂျကာတာ ဇူလိုင် ၂၆**

မြို့တော်ဂျကာတာနှင့်အခြားသောနေရာများတွင် ထုတ်ပြန်ထားသည့်ကိုဗစ် -၁၉ကန့်သတ်ချက်များကို ဩဂုတ် ၂ ရက်အထိ တိုးမြှင့်လိုက်ကြောင်း အင်ဒိုနီးရှားသမ္မတကပြောသည်။ ကူးစက်မှုများဆက်လက်ရှိနေဆဲဖြစ်သော်လည်း အစိုးရအနေဖြင့် ကန့်သတ်ချက်တစ်စိတ်တစ်ပိုင်းကို ဖြေလျှော့ပေးတော့မည်ဟု သိရသည်။

သာမန်ဈေးများတွင် ပုံမှန်ဖွင့်လှစ်သည့်အချိန်အတိုင်း ရောင်းဝယ်ဖောက်ကားကြရန်နှင့် စားသောက်ဆိုင်တန်းများတွင် ပါဆယ်ထုပ်ခြင်းနှင့် ဆိုင်ပြင်စားသောက်ခြင်းတို့ကို ခွင့်ပြုပေးသွားမည်ဟု အင်ဒိုနီးရှားသမ္မတက ပြောကြားခဲ့သည်။

ကန့်သတ်ချက်များကြောင့် ထိခိုက်ခံစားရသည့် အသေးစားစီးပွားရေးလုပ်ငန်းများတွက် ရည်ရွယ်ကာ ယခုလို ထိန်းညှိမှုပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။ ဒယ်လ်တာကူးစက်မှု တွေ့ရှိပြီးနောက် ဇူလိုင် ၃ ရက်တွင် ဂျာဗားနှင့်ဘာလီကျွန်းတို့တွင် ကန့်သတ်ချက်များထုတ်ပြန်ခဲ့သည်။

ကန့်သတ်ချက်များကြောင့် ကဏ္ဍအသီးသီးမှ ဝန်ထမ်းများ နေအိမ်မှသာ အလုပ်လုပ်ကိုင်ရန် ဖြစ်လာခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုမှာ ဆက်လက်ပျံ့နှံ့ဆဲဖြစ်ပြီး နေ့စဉ်ကူးစက်မှုများမှာလည်း ၃၀၀၀၀ မှ ၅၀၀၀၀ ကြားတွင် ရှိသည်။

ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုများမှာလည်း ဆက်လက်များပြားနေဆဲဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ကပ်ရောဂါကြောင့် အကျပ်အတည်းကြားတွင် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**



ဂျကာတာမြို့ရထားပေါ်တွင်လိုက်ပါလာကြသည့် ခရီးသည်များကို တွေ့ရစဉ်။

# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လန်ဒန်မြို့လမ်းမများထက်တွင် ရေလွှမ်းမိုးမှုဖြစ်ပေါ်

**လန်ဒန် ဇူလိုင် ၂၆**

မိုးသက်မုန်တိုင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းပြီး လန်ဒန်မြို့လမ်းမများထက်တွင် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၂၅ ရက်တွင် လမ်းများထက်တွင် ရေလျှံမှု ဖြစ်ပွားပြီး ကားများနှင့် ဘတ်စ်ကားများ ပိတ်မိနေသည်ဟု သိရသည်။

အရေးပေါ် ဝန်ဆောင်မှုဌာနသည်လည်း လန်ဒန်မြို့တစ်လွှား ရေလွှမ်းမိုးမှုအတွက် ရင်ဆိုင် ဖြေရှင်းနေရသည်ဟု လန်ဒန်မြို့တော်ဝန် ဆာဒစ်ခန်က ပြောသည်။


လန်ဒန်မြို့လမ်းများတွင် ရေကြီးမှုကြောင့် ကားများပိတ်မိနေသည်ကို တွေ့ရစဉ်။

လူမှုကွန်ရက် မီဒီယာများပေါ်တွင်လည်း လမ်းများထက်တွင် ရေကြီးနေသည့်ပုံများနှင့် ပြည့်နေသည်။

လန်ဒန်မြို့ အနောက်တောင်ပိုင်းတွင် မော်တော်ယာဉ်များ ရေနစ်မြုပ်နေသည့် ပုံများလည်း လူမှုကွန်ရက် မီဒီယာများပေါ်တွင် တွေ့မြင်ရသည်။ လန်ဒန်မြို့ အရှေ့မြောက်ပိုင်းတွင်လည်း မိုးသည်းထန်စွာဆက်လက်ရွာသွန်းမှုကြောင့် မော်တော်ယာဉ်ပိုင်ရှင်များသည် ၎င်းတို့၏ယာဉ်များကိုစွန့်ခွာခဲ့ကြသည်။

လက်ရှိ အရှေ့ပိုင်းတွင် ရေလွှမ်းမှုကြောင့် လမ်းဆုံအဝိုင်းနှင့် လိုဏ်ခေါင်းများတွင် ရေများနှင့်ပြည့်နေသည်ဟု ရဲများက ပြောသည်။ **အေအက်ဖ်ပီ**

# အမေရိကန်နိုင်ငံ ဆီယက်တဲလ်မြို့အတွင်း ပစ်ခတ်မှုများကြောင့် သုံးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

**ဆန်ဖရန်စစ္စကို ဇူလိုင် ၂၆**

အမေရိကန်ပြည်ထောင်စု ဆီယက်တဲလ်မြို့တွင် ဇူလိုင် ၂၅ ရက်က ပစ်ခတ်မှုများဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဇူလိုင် ၂၅ ရက် နံနက် ၁ နာရီ ၄၈ မိနစ်တွင် ဘားအတွင်း အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်းတစ်ဦးက ရန်ပွဲတစ်ခုဖြစ်ပွားခဲ့သည်ဟု တိုင်ကြားခဲ့သည်။

အရွယ်ရောက် အမျိုးသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် လဲကျနေသည်ကို ရဲများကတွေ့ရှိခဲ့သည်။ ထို့နောက် နံနက် ၂ နာရီ ၃၂ မိနစ်တွင်လည်း အော်စီဒန်တယ် ရင်ပြင်တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး လူနှစ်ဦး သေနတ်ဒဏ်ရာရရှိခဲ့ကြောင်း တစ်ဦးမှာ ဆေးရုံပေါ်တွင်စိုးရိမ်ရသည့်အခြေအနေရှိပြီး နောက်တစ်ဦးမှာမူ ဒဏ်ရာဖြင့်သေဆုံးသွားခဲ့ရသည်။

ယင်းနေရာတွင်ပင် နောက်ထပ် ဒဏ်ရာရရှိသူသုံးဦးကိုလည်း ဆေးရုံသို့ ပို့ပေးခဲ့ရသည်။ အဆိုပါသုံးဦးအနက် တစ်ဦးမှာ ဆေးရုံပေါ် တွင် သေဆုံးသွားခဲ့ရသည်။ ထို့နောက် နံနက် ၃ နာရီ ၂၉ မိနစ်တွင် အမျိုးသမီးတစ်ဦး သေနတ်ဒဏ်ရာဖြင့်လဲကျနေသည်ကို တိုင်ကြားချက် ရရှိခဲ့သည်။

**ဆင်ဟွာ**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ် - ၁၉ ကူးစက်ခံရသူ တစ်သိန်းကျော်လွန်လာ

**ဟန္နိုင်း ဇူလိုင် ၂၆**

ဗီယက်နမ်နိုင်ငံတွင် ဇူလိုင် ၂၅ ရက် ည ၇ နာရီမှ ဇူလိုင် ၂၆ ရက် နံနက် ၆ နာရီအတွင်း နောက်ထပ် ကိုဗစ် -၁၉ ကူးစက်ခံရသူပေါင်း ၂၇၀၈ ဦးတွေ့ရှိခဲ့ရာ စုစုပေါင်း ကူးစက်ခံရသူ အရေအတွက်မှာ ၁၀၁၁၇၃ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ဟိုချီမင်းမြို့ တောင်ပိုင်းမှာ ကူးစက်မှု ဗဟိုချက်မနေရာဖြစ်နေဆဲဖြစ်ပြီး ၁၁ နာရီအတွင်း နောက်ထပ်ကူးစက်ခံရသူ ၁၇၁၄ ဦးတွေ့ရှိခဲ့သည်။ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံတစ်ဝန်း လူပေါင်း ၄ ဒသမ ၆ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ ကာကွယ်ဆေး နှစ်ကြိမ်ထိုးပြီးသူ ၃၈၉၈၆၃ ဦး ရှိသည်ဟု သိရသည်။

ကူးစက်မှု ပြင်းထန်နေသည့်အတွက် ဟိုချီမင်းမြို့တွင် ဇူလိုင် ၂၆ ရက်မှစတင်ကာ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် ထုတ်ပြန်ထားသည်။ ညနေ ၆နာရီမှ နံနက် ၆နာရီအထိ အပြင်ထွက် သွားလာမှုများကို ကန့်သတ်ထားသည်။ ဟန္နိုင်းမြို့တွင်လည်း တင်းကျပ်သည့် လူမှုဝေးကွာ အစီအစဉ်များ ချမှတ်ထားပြီး နေအိမ်၌သာနေရန် အမိန့်ထုတ်ထားသည်။ ထို့ပြင် လူနှစ်ဦးထက်ပို၍ စုဝေးခွင့်ကိုလည်း ကန့်သတ်ထားသည်။ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးကိုလည်း ရပ်နားထားသည်။

**ဆင်ဟွာ**



ဟန္နိုင်းမြို့ရှိ ဈေးဆိုင်အတွင်းမှထွက်လာသည့် ဝယ်သူတစ်ဦးကို တွေ့ရစဉ်။

# တောင်အာဖရိကတွင် ကိုဗစ် - ၁၉ စည်းကမ်းချက်များ ဖြေလျှော့ပေး

**ဂျိုဟန်နက်စ်ဘာ့ဂ် ဇူလိုင် ၂၆**

တောင်အာဖရိကတွင် ကိုဗစ် – ၁၉ နေ့စဉ်ကူးစက်မှုလျော့ကျလာသည့်အတွက် ကိုဗစ် – ၁၉ ကန့်သတ်ချက်အဆင့်လေးမှ အဆင့်သုံးသို့ လျှော့ချပေးခဲ့သည်ဟု သိရသည်။

အရက်သောက်သုံးမှုနှင့် လူစုလူဝေး ပြုလုပ်မှုတို့ကိုလည်း ဇူလိုင် ၂၅ ရက်တွင် ဖြေလျှော့ပေးခဲ့သည်ဟု သိရသည်။

ပြီးခဲ့သည့်နှစ်ပတ်တာကာလအတွင်း တတိယအကျော့ကူးစက်မှု ဗဟိုချက်မနေရာဖြစ်သည့် ဂေါက်တင်ပြည်နယ်တွင် ကူးစက်မှုများ သိသိသာသာ လျော့ကျလာသည်ဟု တောင်အာဖရိက သမ္မတ စီရယ် ရမ်မာဖိုဆာက ဇူလိုင် ၂၅ ရက်တွင် ပြောသည်။ သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကိုမူ ည ၁၀ နာရီမှ နံနက် ၄ နာရီအထိ ထားရှိဦးမည်ဖြစ်သည်။

လူစုလူဝေးပြုလုပ်ခွင့်ကို အဆောက်အအုံပြင်ပတွင် လူ ၁၀၀ အထိခွင့်ပြုပြီးအဆောက်အအုံအတွင်းပိုင်းတွင်မူ လူ ၅၀အထိ ခွင့်ပြုကြောင်း သိရသည်။

**ဆင်ဟွာ**

# အလုပ်သမားရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည့် ဥရောပဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းများ

— ကေကေစိုး —

ဥရောပ ခရီးသွားလာမှုလုပ်ငန်းမှာ ကိုဗစ်-၁၉ ကြောင့် များစွာဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ နာမည်ကြီး လာရောက်တည်းခိုသူများကို အကာအကွယ်ပေးရာတွင် စည်းကမ်းတင်းကျပ်သည်ဟု နာမည်ကြီးသည့် ဟိုတယ်တစ်ခုဖြစ်သော မာတီနက်ဇ်ဟိုတယ်တွင် ယခင်က အလုပ်လာရောက်လျှောက်ထားသူများနှင့် ပြည့်နှက်နေသော်လည်း ယခုအခါတွင်မူ အလုပ်သမားရှားပါးမှုပြဿနာနှင့် ကြုံတွေ့နေရသည်။



နာမည်ကြီး ဟိုတယ်တစ်ခုဖြစ်သော မာတီနက်ဇ်ဟိုတယ်။

### အလုပ်သမားရှားပါးမှုနှင့်ကြုံတွေ့

ယခုလို အချိန်ကာလမျိုးတွင် အစားအစာချက်ပြုတ်ရန်နှင့် အခန်းသန့်ရှင်းရေး ဝန်ဆောင်မှုပေးရန်အတွက် အလုပ်သမားရှာဖွေရန် မလွယ်ကူဟု ဟိုတယ်မန်နေဂျာ ယန်း ဂီလက်က ပြောသည်။ ယခင်က အလုပ်လျှောက်ထားသူများ ပေါများသော်လည်း ယခုအခါတွင်မူ ကိုဗစ်-၁၉ ကာလနှောင်းပိုင်း အလုပ်သမား ရှားပါးမှုပြဿနာနှင့် ကြုံတွေ့နေရသည်ဟု ၎င်းက ဆက်ပြောသည်။ နှစ်စဉ်နွေရာသီ အားလပ်ရက်ကာလ ရောက်ရှိလာသည်မှာ မှန်သော်လည်း စားသောက်ဆိုင်များနှင့် ဟိုတယ်များမှာ ဆက်လက်ပိတ်ထားဆဲဖြစ်သည့်အတွက် ခရီးသည်များအတွက် တည်းခိုစရာ ရှားပါးမည်ဖြစ်သည်။

### ဆေးလက်မှတ်ပြသရမည်

မြို့အတွင်း စားသောက်ဆိုင်များနှင့် ဟိုတယ်များ ပိတ်ထားဆဲဖြစ်သည့်အပြင် ဆိုင်ဖွင့်ချိန်ကိုလည်း အချိန်လျှော့ချထားရသည်။ အချို့သောဒေသများတွင် လာရောက်လည်ပတ်သူ ခရီးသည် ရှားပါးမှုနှင့် ကပ်ရောဂါကာလ ကန့်သတ်မှုများကြောင့် ယခုအခါ ဝန်ထမ်းရှားပါးမှုနှင့် ကြုံတွေ့နေရသည်။ ဩဂုတ်လမှစတင်ကာ ပြင်သစ်နိုင်ငံတွင် စားသောက်ဆိုင်များ၌ ဆိုင်ထိုင်၍ စားသောက်လိုပါက ကာကွယ်ဆေးထိုးပြီးကြောင်း လက်မှတ် ပြသရမည်ဖြစ်သည်၊ သို့မဟုတ် ကိုဗစ်-၁၉ ကင်းစင်ကြောင်း ဆေးစစ်ချက်လက်မှတ် ပြသရမည်ဖြစ်သည်။

### ဖိအားဖြစ်လာခဲ့ရ

ယင်းကန့်သတ်ချက်များကြောင့် ဝယ်သူများဆိုင်နှင့် ပိုမိုဝေးကွာသွားစေနိုင်သည်။ သို့သော်လည်း ပြည်တွင်းခရီးသွားများကို မျှော်လင့်ကာ စားသောက်ဆိုင်အများစုမှာ ပြန်လည်ဖွင့်လှစ်လာကြသည်။ ဝန်ထမ်းအင်အား မလုံလောက်မှုကြောင့် ဝယ်ယူသူများ၏ အမှာများကို အချိန်မီအောင် ကြိုးစားပြင်ဆင်ကြရသည်။ အမေရိကန် ဟိုတယ်နှင့် ဝန်ဆောင်မှု လုပ်ငန်းတွင်လည်း အလားတူ ပြဿနာမျိုးနှင့် ကြုံတွေ့နေရသည်။ အလုပ်သမားကို လုပ်ခလစာတိုးခြင်းနှင့် အခြားသော အခွင့်အရေးများပေးရန် အလုပ်ရှင်များအတွက် ဖိအားဖြစ်လာခဲ့ရသည်။

### ရှုန်းကန်ထားရ

ကပ်ရောဂါကာလအတွင်း ဝန်ထမ်းများ လုပ်ခလစာထောက်ပံ့ကြေးပေးခြင်းနှင့် ခွင့်ဖြင့် နားနေစေခြင်းဖြင့် စီးပွားရေးလုပ်ငန်း ဆက်လက်ရပ်တည်နိုင်အောင် ရုန်းကန်ထားရသည်။ အလုပ်သမားများကို အလုပ်ဖြုတ်ခြင်းထက် ခွင့်ဖြင့် နားနေစေခြင်းကိုလည်း ပြုလုပ်လာကြသည်။ သို့သော်လည်း အပန်းဖြေစခန်းများတွင် အလုပ် လုပ်ကိုင်ကြသည့် ယာယီအချိန်ပိုင်း လုပ်သားများမှာ အဆိုပါ အစီအစဉ်များထက် အလုပ်လက်မဲ့ အကျိုးခံစားခွင့် လျှောက်ထားမှုများ ပြုလုပ်လာကြသည်။

### ပြန်လည်ဝင်ရောက်လာခြင်း မရှိတော့

၁၆ လတာ ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ဟိုတယ်နှင့် အခြားသောဝန်ဆောင်မှု လုပ်ငန်းများကို ဖွင့်လိုက်၊ ပိတ်လိုက် လုပ်နေရသည့် ကာလအတွင်း အများစုမှာ နောက်ထပ် အလုပ်သစ်ရှာဖွေခြင်း၊ ရောင်းဝယ်ရေး လုပ်ငန်းများတွင် ပိုမို တည်ငြိမ်သည့် အလုပ်အကိုင်သစ် ရှာဖွေခြင်းနှင့် အခြားသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းတို့ ပြုလုပ်လာကြသည်။ အလုပ်သမားအများစုမှာ ဟိုတယ်ဧည့်ကြိုကောင်တာနှင့် စားသောက်ဆိုင် မီးဖိုခန်းအတွင်းသို့ ပြန်လည်ဝင်ရောက်လာခြင်း မရှိတော့ပေ။

> ၁၆ လတာ ကာလအတွင်း ကိုဗစ်-၁၉ ကူးစက်မှုများကြောင့် ဟိုတယ်နှင့် အခြားသောဝန်ဆောင်မှု လုပ်ငန်းများကို ဖွင့်လိုက်၊ ပိတ်လိုက်လုပ်နေရသည့် ကာလအတွင်း အများစုမှာ နောက်ထပ် အလုပ်သစ်ရှာဖွေခြင်း၊ ရောင်းဝယ်ရေး လုပ်ငန်းများတွင် ပိုမိုတည်ငြိမ်သည့် အလုပ်အကိုင်သစ်ရှာဖွေခြင်းနှင့် အခြားသော လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်းတို့ ပြုလုပ်လာကြသည်

### စွန့်ခွာသွားကြ

ပြင်သစ်နိုင်ငံ၏ ဟိုတယ်နှင့် ဝန်ဆောင်မှု လုပ်ငန်းတွင် ခန့်မှန်းခြေအားဖြင့် အလုပ်သမားပေါင်း ၁၅၀၀၀၀ မှာ လုပ်ငန်းကို စွန့်ခွာသွားကြသည်။ ဂျာမနီနိုင်ငံတွင်လည်း ပြီးခဲ့သည့်နှစ်အတွင်း လူပေါင်း ၃၀၀၀၀၀ နီးပါးမှာ အဆိုပါ လုပ်ငန်းကို စွန့်ခွာသွားကြသည်ဟု ခန့်မှန်းထားသည်။ ဗြိတိန်နိုင်ငံတွင်လည်း ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းများတွင် လစ်လပ်နေသည့် အလုပ်နေရာပေါင်း ၂၀၀၀၀၀ ရှိသည်။ ကပ်ရောဂါ၏ ရိုက်ခတ်မှုနှင့် ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်သွားခြင်းတို့ကြောင့်ဖြစ်သည်။ ပြင်သစ်နိုင်ငံတွင် အလုပ်လက်မဲ့အေဂျင်စီများမှာ လစ်လပ်နေသည့် အလုပ်နေရာများတွင် မျှော်လင့်ချက်မဲ့နေသော အလုပ်သမားများ အလုပ်လျှောက်ထားနိုင်ရေးအတွက် အစည်းအဝေးများ ပြုလုပ်လျက်ရှိသည်။

### အမြစ်တွယ်နေသည့် ပြဿနာ

ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်းများအတွက် အလုပ်သမားရှားပါးမှုအပေါ် အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ မည်သို့ကိုင်တွယ်ဖြေရှင်းမလဲဆိုသည်နှင့် များစွာဆက်စပ်မှုရှိကြောင်း အချို့သော ကျွမ်းကျင်သူများက ပြောသည်။ လုပ်ခလစာမှာ အဓိက ပြဿနာတစ်ခုဟု မထင်ကြောင်း ပြင်သစ်စီးပွားရေး တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ အန်ဒရီယက်စ်ကယ်မျူအန်ဇာက ပြောသည်။

ယင်းပြဿနာမှာ ယခင်ကတည်းက ဥရောပ ခရီးသွားလာမှုလုပ်ငန်းတွင် အမြစ်တွယ်နေသည့် ပြဿနာတစ်ခုဟု ၎င်းက ဆက်ပြောသည်။ အလုပ်ချိန်များပြားခြင်းက အလုပ်သမားတစ်ဦးအတွက်မိသားစုနှင့် အလုပ်အကိုင်ကြားကိုင်တွယ်ဖြေရှင်းရခက်သည့် ပြဿနာဖြစ်ပြီး ယာယီအလုပ်များဖြစ်သည့်အတွက် ရေရှည်လုပ်ကိုင်ရမည့် အလုပ်အကိုင် အခွင့်အလမ်းအတွက်လည်း ကန့်သတ်ထားသလို ဖြစ်နေသည်။

### ထွက်ခွာသွားကြ

ဩစတြေးလျနိုင်ငံတွင်လည်း အဆိုပါလုပ်ငန်းကဏ္ဍတွင် နှစ်စဉ် ဝန်ထမ်းအင်အား မတည်ငြိမ်မှုနှင့် ရင်ဆိုင်ရသည်ဟု ဟိုတယ်မန်နေဂျာတစ်ဦးဖြစ်သူ စတီဖန်ကို့ဘ်က ပြောသည်။ ဝန်ထမ်းအင်အား ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ လစ်ဟာမှုရှိသည်။ ကပ်ရောဂါ ကာလအတွင်း ၃၀ ရာခိုင်နှုန်းမှာ အဆိုပါ လုပ်ငန်းကဏ္ဍမှ ထွက်ခွာသွားကြသည်ဟု ၎င်းက ဆက်ပြောသည်။

### ထောက်ပံ့ပေးရန် လိုအပ်

ကပ်ရောဂါမှ ပေးလိုက်သည့် သင်ခန်းစာတစ်ခုဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ဟိုတယ်၊ စားသောက်ဆိုင်နှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အလုပ်သမားများအတွက် အလုပ်အကိုင်နှင့် ဘဝရေရှည် ရပ်တည်နိုင်ရေး အစီအစဉ်တို့ကို ထောက်ပံ့ပေးရန် လိုအပ်သည်ဟု ၎င်းက ထောက်ပြပြောဆိုခဲ့သည်။ ။

**ကိုးကား - သည်ဝါရှင်တန်ပို့စ်**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး



❑ *ကျော့ဖုံးမှ*

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂၆-၇-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၈၇၉) ခု | (၁၇၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၃၄) ခု | (၂၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၈၁) ခု | (၂၃၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၈) ခု | (၇၃) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၀၂) ခု | (၄၇) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၇၀) ခု | (၁၇၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၃၀) ခု | (၁,၁၀၅) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၃၈၁) ခု | (၂,၇၉၉) ဦး |
| စုစုပေါင်း | (၁၂,၀၃၅) ခု | (၄,၆၃၀) ဦး |

** ပြည်သူလူထုအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့် တစ်ဦးခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်း အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ၂၆-၇ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၅၁၉၉၄၆၅ | ၂၉၅၁၁၉၀၉ | ၆၂၆၇၆၂ |
| ၂။ | အိန္ဒိယ | ၃၁၄၁၁၂၆၂ | ၃၀၅၇၉၁၀၆ | ၄၂၀၉၉၆ |
| ၃။ | ဘရာဇီး | ၁၉၆၈၈၆၆၃ | ၁၈၃၄၉၄၃၆ | ၅၄၉၉၉၉ |
| ၄။ | ရုရှား | ၆၁၄၉၇၈၀ | ၅၅၀၆၈၃၄ | ၁၅၄၆၀၁ |
| ၅။ | ပြင်သစ် | ၅၉၉၃၉၃၇ | ၅၆၇၅၃၇၇ | ၁၁၁၆၂၂ |
| ၆။ | ဗြိတိန် | ၅၆၉၇၉၁၂ | ၄၄၅၀၂၀၄ | ၁၂၉၁၅၈ |
| ၇။ | တူရကီ | ၅၆၀၁၆၀၈ | ၅၄၂၁၁၄၈ | ၅၀၉၃၄ |
| ၈။ | အာဂျင်တီးနား | ၄၈၄၆၆၁၅ | ၄၄၉၃၉၈၄ | ၁၀၃၇၁၂ |
| ၉။ | ကိုလံဘီယာ | ၄၇၂၇၈၄၆ | ၄၄၈၇၉၇၃ | ၁၁၈၈၆၈ |
| ၁၀။ | အီတလီ | ၄၃၁၇၄၁၅ | ၄၁၂၃၂၀၉ | ၁၂၇၉၄၉ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၂၆ – ၇ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၁၉၄၇၃၃ | ၂၅၄၉၆၉၂ | ၈၄၇၆၆ |
| ဖိလစ်ပိုင် | ၁၅၅၅၃၉၆ | ၁၄၇၃၀၀၉ | ၂၇၂၄၇ |
| မလေးရှား | ၁၀၂၇၉၅၄ | ၈၅၃၉၁၃ | ၈၂၀၁ |
| ထိုင်း | ၅၁၂၆၇၈ | ၃၄၁၄၇၅ | ၄၁၄၆ |
| မြန်မာ | ၂၇၄၁၅၅ | ၁၈၉၇၂၉ | ၇၅၀၇ |
| ဗီယက်နမ် | ၁၀၁၁၇၃ | ၁၉၃၄၂ | ၅၂၄ |
| ကမ္ဘောဒီးယား | ၇၃၇၀၁ | ၆၅၉၅၀ | ၁၃၀၅ |
| စင်ကာပူ | ၆၄၃၁၄ | ၆၂၆၀၅ | ၃၇ |
| လာအို | ၄၉၈၅ | ၂၁၇၄ | ၅ |
| ဘရူနိုင်း | ၃၃၃ | ၂၇၀ | ၃ |



ကနီမြို့နယ်တွင် ဇူလိုင် ၂၆ ရက်က ဌာနဆိုင်ရာများ ပူးပေါင်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများ အသိပညာပေး ဆောင်ရွက်ကြစဉ်။

ဆလိုင်း(ပြန်/ဆက်)

သဃ်န်းကျွန်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်၊ ကာကွယ် ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်အတွင်း အသံချဲ့စက်ဖြင့် လိုက်လံ အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၂၆ ရက် ညနေပိုင်းက ဆောင်ရွက် ကြစဉ်။

ခရိုင်(ပြန်/ဆက်)





ကျောင်းကုန်းမြို့နယ်တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု နေ့စဉ် မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှု မခံရစေရေး အတွက် လိုက်နာရမည့်အချက်များအား ကိုဗစ်–၁၉ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ယနေ့နံနက် ပိုင်းတွင် လိုက်လံအသိပေး နှိုးဆော်ကြစဉ်။

ဝင်းကြိုင်(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ အခမဲ့ စမ်းသပ်စစ်ဆေးနိုင်မည့် Test Center လေးနေရာ ဖွင့်လှစ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေး





**ရန်ကုန် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဒေသခံမိဘပြည်သူများ ကိုဗစ်-၁၉ ရောဂါ အခမဲ့ စမ်းသပ်စစ်ဆေးနိုင်မည့် Test Center များ တိုးမြှင့်ဖွင့်လှစ်ဆောင်ရွက်မှုကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ ကောင်စီ အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ဝင်းတင့်၊ အဖွဲ့ဝင်(၄) ဦးဇော်ဝင်း၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများသည် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့ သာသနာ့ဗိမာန်၌ ဖွင့်လှစ်ထားသော (Test Center) သို့ ရောက်ရှိစဉ် မင်္ဂလာဒုံ တပ်မတော် ခုတင် (၅၀၀) ဆေးရုံမှ အရိုးရောဂါအထူးကု ဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ် လှအောင်၊ ပြည်သူ့ကျန်းမာရေးဦးစီး ဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်းနှင့် Test Center မှ တာဝန်ခံတို့က ရှင်းလင်းတင်ပြခဲ့ရာ လိုအပ်သည်များ မှာကြားသည်။

### စေတနာ့ဝန်ထမ်းများအား တွေ့ဆုံ

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၁၀၆) ရပ်ကွက် လှော်ကားလမ်းနှင့် ရိုးမရိပ်သာလမ်းရှိ အောင်မြင့်မိုရ် ဓမ္မာရုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့ဦးစေတီရှိ ဓမ္မာရုံတို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ပြည်သူလူထုအခြေပြု ကိုဗစ်-၁၉ ရောဂါရှာဖွေရေးဌာန (Test Center) ဖွင့်လှစ်ဆောင်ရွက်မည့်နေရာများသို့ သွားရောက်ကြည့်ရှုပြီး အဆိုပါ စင်တာများတွင် တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

### ဓာတ်ခွဲစမ်းသပ်မှု ရှင်းလင်းတင်ပြ

ဆက်လက်၍ သန်လျင်မြို့နယ်ရှိ မဟာအတုလ သဒ္ဓမ္မရံသီသာသနာ့ဗိမာန်တော်၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲနမူနာစမ်းသပ်စစ်ဆေးသည့် (Test Center) သို့ သွားရောက်ခဲ့ပြီး ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်ကျော်ထူးနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲနမူနာစမ်းသပ်စစ်ဆေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ လိုအပ်သည်များ မှာကြားသည်။

မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့သာသနာ့ဗိမာန်တော်နှင့် သန်လျင်မြို့နယ် မဟာအတုလ သဒ္ဓမ္မရံသီ သာသနာ့ဗိမာန်တော်တို့၌ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲနမူနာ တိုးမြှင့်စမ်းသပ်စစ်ဆေးနိုင်ရေးအတွက် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းတပ်ဖွဲ့မှ တာဝန်ယူဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်မြင့်မိုရ် ဓမ္မာရုံနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့ဦး စေတီ Test Center များတွင် ကျန်းမာရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ Test Center များအားလုံးတွင် လိုအပ်သော PPE နှင့် Test Kit များ ရရှိနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

### ထပ်မံတိုးမြှင့်ဖွင့်လှစ်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ အခက်အခဲများ လျှော့နည်းစေရေးအတွက် ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ အခမဲ့ ရှာဖွေစမ်းသပ်စစ်ဆေးပေးနိုင်မည့် Test Center လေးနေရာကို ထပ်မံ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်လင်းကျော်(ပြန်/ဆက်)

# ရှမ်းပြည်နယ် ကိုဗစ် - ၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**တောင်ကြီး ဇူလိုင် ၂၆**

ရှမ်းပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)



### အောက်ဆီဂျင် လိုအပ်မှုမရှိစေရ

အစည်းအဝေးတွင် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ယနေ့မှစ၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများကို စတင် ဖြန့်ဝေပေးနေကြောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး ၈၀၀၀၀၊ ရှမ်း(မြောက်)အတွက် ၆၈၀၀၀၊ ရှမ်း(အရှေ့)အတွက် ၃၂၀၀ အရေအတွက် ရရှိမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်အတွင်း ရောဂါပိုးတွေ့ရှိပြီး ပြင်းထန်နေသည့် လူနာများကို အောက်ဆီဂျင် သုံး၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးရာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ဆရာဝန်များ၏ ညွှန်ကြားမှုဖြင့် သုံးစွဲရန် မှာကြားလိုကြောင်း၊ လူဦးရေထူထပ်သည့် မြို့ကြီးများတွင် အောက်ဆီဂျင် လိုအပ်မှုမရှိစေရေး ဖြည့်ဆည်း ပေးနိုင်ရေးလုပ်ငန်း ကြိုတင် ပြင်ဆင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်း ပေးကြရန်လိုကြောင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အရ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်အပြင် လူနေထူထပ်သည့် မြို့ကြီးများကို ဂရုစိုက်ပေးရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေးတွင်လည်း ဝါတွင်းကာလ ဖြစ်သည့်အတွက် ဘုန်းကြီးကျောင်း၊ စာသင်တိုက်၊ သီလရှင်ကျောင်း၊ ဘိုးဘွားရိပ်သာ၊ ပုဂ္ဂလိကဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့ကို ဦးစားပေးထိုးပေးရန် မှာကြားကြောင်း၊ တက်ရောက်လာကြသည့်ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ရှေ့ဆက်လုပ်ငန်းများ လုပ်ကိုင်ရန်နှင့် ဝိုင်းဝန်းပူးပေါင်း ဆွေးနွေးပေးကြရန်လိုကြောင်း ပြောကြားသည်။

### ကာကွယ်ဆေးထိုးနှံမှု

ဆက်လက်၍ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိမှုနှင့် ဆေးထိုးနှံမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး လှဦး၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးနေလင်းတို့က ဆွေးနွေးတင်ပြ၍ အစည်းအဝေးတက်ရောက်လာသူများက ဆွေးနွေး တင်ပြကြကာ ရှမ်းပြည်နယ် တောင်ပိုင်း လမ်းဦးစီးဌာန၊ ကာယဉာဏ လုပ်သားများမှ လှူဒါန်းသည့် ကိုဗစ် - ၁၉ ကာကွယ်ရေး ပစ္စည်းများကို တောင်ကြီးမြို့ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသူရဇော်နှင့် လူမှုဝန်ထမ်းနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးတို့က ပေးအပ်ရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန် လေးမျိုး ထောက်ပံ့ပေးအပ်

**ပန်းတနော် ဇူလိုင် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဗိုလ်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ဇေယျာမြင့်က ပြည်သူ့ဆေးရုံဝန်ထမ်း ၄၇ ဦး အတွက် အခြေခံစားသောက်ကုန် လေးမျိုးကို ယနေ့နံနက်ပိုင်းက ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် အခြေခံစားသောက်ကုန် လေးမျိုးဖြစ်သော ဆန် ငါးအိတ်၊ ကြက်ဥ အလုံး ၃၀၀၊ ဆီ ၁၀ ပိဿာ၊ ကြက်သွန်နီ နှစ်အိတ်ပါဝင်ပြီး စုစုပေါင်း တန်ဖိုး လေးသိန်းခန့်ရှိကြောင်း၊ အဆိုပါလှူဒါန်းမှုကို ပြည်သူ့ဆေးရုံဝန်ထမ်းများကိုယ်စား မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ အေးမင်းသန်းက လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မုံရွာမြို့ မြို့ဝင်/မြို့ထွက်ဂိတ်များတွင် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး

**မုံရွာ ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းသည် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ မုံရွာခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၄ ရက်က လတ်တလောဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု လျော့နည်းစေရေးအတွက် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များမှ မုံရွာမြို့ မြို့ဝင်/မြို့ထွက်ဂိတ်များနှင့် မြို့တွင်းဈေးဝယ်ကတ်၊ ဆေးရုံ/ဆေးခန်းသွားလာခွင့်ကတ် စစ်ဆေးနေခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မုံရွာမြို့ ရုံးကြီးရပ်ကွက် ရွှေစည်းခုံစေတီတော်မြတ်ကြီး သာသနာ့ဗိမာန်အနီး စစ်ဆေးနေမှုကို လည်းကောင်း၊ မုံရွာတောင်ရပ်ကွက် ဘိုးဘွားရိပ်သာအနီး စစ်ဆေးနေမှုကိုလည်းကောင်း၊ မြဝတီရပ်ကွက် ကျောက္ကာလမ်းတွင် စစ်ဆေးနေမှုကိုလည်းကောင်း၊ ကန်သာဦးရပ်ကွက် ပြည်ထောင်စုလမ်းတွင် စစ်ဆေးနေမှုကိုလည်းကောင်း၊ အိုးဘိုတောင်ရပ်ကွက် ဗိုလ်ချုပ်လမ်း အောင်မင်္ဂလာအဝိုင်းတွင် စစ်ဆေးနေမှုကိုလည်းကောင်း၊ မုံရွာမြို့ဝင် အလုံရပ်ကွက် မင်းဒေါင့်စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များအား ပါးစပ်၊ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **တိုင်းဒေသကြီး (ပြန်/ဆက်)**






# ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီအစည်းအဝေး ကျင်းပ

**ဟားခါး ဇူလိုင် ၂၆**

ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး တက်ရောက်လာကြသူများက ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှု၊ ကူးစက်ခံရမှု၊ သေဆုံးမှုနှင့် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆောင်ရွက်မှုအခြေအနေနှင့် မိမိတို့ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များနှင့် ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် (၁) ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ကောင်စီဝင် (၃) ဦးကျော်ငြိမ်းနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်ဆန်းတို့က ပြန်လည် ဆွေးနွေးကြပြီး ပြည်နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ကုန်စည်စီးဆင်းမှု မပြတ်တောက်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊ ကုန်စည်ပို့ဆောင်ရေး မော်တော်ယာဉ်များ ခရီးဆုံးမြို့မရောက်မီ ရပ်နားခြင်း မရှိစေရေး ကြပ်မတ်ရန်လိုကြောင်း၊ စားသောက်ကုန်နှင့် ဆေးပစ္စည်းအရောင်းဆိုင်များ ကိုဗစ်-၁၉ ဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ရောင်းချရေး ကြပ်မတ်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ကူးစက်ခံရသူအချို့သည် ဆေးရုံများသို့ မသွားရောက်ဘဲ မိမိနေအိမ်အတွင်း၌တင် ကျိတ်၍ ကုသမှုများရှိသည်ကို သိရှိရကြောင်း၊ ထိုသို့ပြုလုပ်ခြင်းသည် ရောဂါအတိမ်အနက်ကို မသိရှိဘဲ အန္တရာယ်ဖြစ်ပေါ်လာနိုင်သည့်အတွက် သက်ဆိုင်ရာ ဆေးရုံများသို့ သွားရောက် ပြသရန်လိုကြောင်း မှာကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် စေတနာရှင်အလှူရှင်များ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များက စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီ မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဝန်ထမ်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြည်သူ့ဆေးရုံနှင့် လေးမျက်နှာမြို့နယ် အိုင်သပြုတိုက်နယ်ဆေးရုံတို့ရှိ ကျန်းမာရေး ဝန်ထမ်းများကိုလည်းကောင်း ဆန်၊ ဆီ၊ ဆား၊ ပဲ၊ စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို သက်ဆိုင်ရာ နေရာအသီးသီး၌ သွားရောက်ထောက်ပံ့ပေးအပ်သည်။

အလားတူ မွန်ပြည်နယ် ရေးမြို့နယ် ကုလားကုတ်ကျွန်းကျေးရွာရှိ ရေလုပ်သားမိသားစုများအနေဖြင့် ရေလုပ်ငန်းလုပ်ကိုင်နိုင်မှုမရှိဘဲ စားရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဇူလိုင် ၂၅ ရက် မွန်းလွဲပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် စေတနာရှင်အလှူရှင်များက ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် စားသောက်ဖွယ်ရာများကို စက်လှေများဖြင့် သွားရောက်ပေးပို့လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# ဒီရောဂါကို တစ်ဦးတစ်ယောက်တည်းက ကာကွယ်လို့မရပါဘူး။ ပြည်သူတွေအနေနဲ့ ဝိုင်းဝန်းပြီး ကာကွယ်ဖို့လိုပါတယ်

**ဒေါက်တာ စိုးထွဋ်ခေါင်**

**မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ဇူလိုင် ၄ ရက်မှ ၂၃ ရက်အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့လူနာပေါင်း ၆၅၆ ဦး ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်နိုင်ရန် ရမည်းသင်းခရိုင် ကုသရေးဦးစီးဌာန အထွေထွေရောဂါအထူးကု သမားတော် ဒေါက်တာ စိုးထွဋ်ခေါင်အား ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သိမ့်သိမ့်မျိုးက သွားရောက်တွေ့ဆုံမေးမြန်းထားပါသည်။**

မေး ။ ။ ရောဂါပိုးတွေ့ရှိသူများလာတော့ ဆေးရုံကြီးမှာထားဖို့ အခက်အခဲရှိလာတဲ့အတွက် အခု ဘယ်လိုများ စီမံဆောင်ရွက်ထားပါသလဲ။

ဖြေ ။ ။ သိပ်မပြင်းထန်တဲ့ ရောဂါပိုးတွေ့လူနာတွေကို ရမည်းသင်းမြို့က ကိုဗစ်- ၁၉ ရောဂါထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီရဲ့ ကြီးကြပ်မှုနဲ့ ရမည်းသင်းမြို့ (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ၊ နည်းပညာတက္ကသိုလ်(ရမည်းသင်း) နဲ့ သာသနာ့ဗိမာန် Quarantine Center တို့မှာ ထားရှိပြီး လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပါတယ်။



မေး ။ ။ ရောဂါပိုးတွေ့လူနာတွေကို အရေးပေါ်ကျန်းမာရေး စောင့်ရှောက်ပေးနေတာနဲ့ ပတ်သက်ပြီး ပြောပြပေးပါဦး။

ဖြေ ။ ။ ဆေးရုံမှာ အဓိက လိုအပ်တဲ့ဆေးဝါးတွေနဲ့ ကုသပေးနေပါတယ်။ တချို့ဆိုရင် ဆေး နှစ်ကြိမ်ထိုးဖို့ လိုပါမယ်။ ဥပမာ – ဆီးချိုလူနာတွေကို တစ်နာရီ တစ်ခါစောင့်ကြည့်ပြီး ဆေးသွင်းရတာလည်းရှိပါမယ်၊ အောက်ဆီဂျင်လိုအပ်ပါကလည်း အချိန်မီပေးသွင်း ကုသမှုတွေ လုပ်ပေးပါတယ်။

မေး ။ ။ ကိုဗစ်- ၁၉ ရောဂါနဲ့ ပတ်သက်ပြီး ဆေးရုံမှာ ဘယ်နှရက် နေရပါသလဲ။

ဖြေ ။ ။ ကိုဗစ်ဖြစ်ပွားတဲ့အပေါ် မူတည်ပါတယ်။ သိပ်ပြီး ရောဂါမပြင်းထန်သူတွေကျတော့ ဆေးရုံမှာ ၁၁ ရက် နေရပါတယ်။ ရောဂါပြင်းထန်သူ၊ အမြဲစောင့်ကြည့်နေရသူ၊ အသက်ရှူကျပ်ပြီး အောက်ဆီဂျင်ကျနေသူတွေကိုတော့ အနည်းဆုံး ဆေးရုံမှာ ၂၁ ရက်နေရပါတယ်။

မေး ။ ။ ရောဂါမကူးစက်အောင် ဘယ်လိုနေထိုင်ရမယ်ဆိုတာ ရှင်းပြပေးပါဦး ဆရာ။

ဖြေ ။ ။ ရောဂါမကူးစက်အောင် ကိုဗစ်ရောဂါစပေါ်တဲ့အချိန်ကတည်းက ပြောသလိုပါပဲ။ ကိုဗစ်ရောဂါအသစ်တွေ ပေါ်လာတယ်။ အခုရောဂါပိုးက ပိုပြီးကူးစက်မှုနှုန်းမြန်လာတယ်။ ဒါကြောင့် မလိုအပ်ဘဲ အပြင်မထွက်ပါနဲ့၊ လူစုလူဝေး ရှောင်ကြဉ်ရပါမယ်၊ နောက်ပြီး နေအိမ်ပြင်ပထွက်မယ်ဆိုရင်လည်း နှာခေါင်းစည်းတပ်ဖို့ လိုပါတယ်။ လူတိုင်း လူတိုင်း တပ်ဖို့လိုပါတယ်။ အရာဝတ္ထုတစ်ခုခုကို ကိုင်ပြီးတိုင်း လက်ကို စက္ကန့် ၂၀ ခန့်ကြာအောင် ဆပ်ပြာနဲ့ ဆေးရပါမယ်။ တစ်ယောက် နဲ့တစ်ယောက် ခပ်ခွာခွာနေဖို့လည်း လိုပါတယ်။ နောက်ပြီးကျန်းမာရေးနဲ့ ညီညွတ်မျှတတဲ့ အစားအသောက်တွေ စားရပါမယ်။ ကျန်းမာရေးထိခိုက်စေမယ့် အိပ်ရေးပျက်ခံတာတို့၊ ဆေးလိပ်၊ အရက်သောက်တာတို့ အပြင် မူးယစ်ဆေးသုံးစွဲခြင်းတို့ကို ရှောင်ကြဉ်ရပါမယ်။ နောက်ပြီး ကာကွယ်ဆေးထိုးထားသူတွေကလည်း လွတ်လွတ်လပ်လပ် သွားလာခြင်း မပြုလုပ်ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကိုယ်ပေါ်မှာ ကပ်ပါလာတဲ့ရောဂါပိုးက ကာကွယ်ဆေး မထိုးရသူတွေနဲ့ မိမိရဲ့မိသားစုဝင်တွေကို ကူးစက်နိုင်တာကြောင့် ဖြစ်ပါတယ်။

မေး ။ ။ ဖြည့်စွက်ပြောစရာရှိရင် ပြောပြပေးပါ ဆရာ။

ဖြေ ။ ။ကိုဗစ်ရောဂါကတော့ အခုတတိယလှိုင်းအနေနဲ့ ကူးစက်မှုနှုန်း များလာပါတယ်။ အဲဒါကြောင့် ဒီရောဂါကို တစ်ဦးတစ်ယောက်တည်းက ကာကွယ်လို့မရပါဘူး။ ပြည်သူတွေအနေနဲ့ ဝိုင်းဝန်းပြီး ကာကွယ်ဖို့ လိုပါတယ်။ ဥပမာ – နှာခေါင်းစည်း တပ်တယ်ဆိုရင် တစ်ဦးတစ်ယောက်တည်း တပ်ထားရုံနဲ့ အပြည့်အဝကာကွယ်နိုင်မှာ မဟုတ်ပါဘူး။ လူတိုင်းလူတိုင်းက နှာခေါင်းစည်းတပ်ထားမယ်ဆိုရင် ကာကွယ်ပြီးသားဖြစ်ပါတယ်။ ရောဂါပိုးက ဘယ်သူ့ထံမှာ ရှိနေသလဲဆိုတာ မသိနိုင်တော့ ရောဂါပိုးရှိသူအနေနဲ့လည်း နှာခေါင်းစည်းတပ်ထားခြင်းကြောင့် ပိုးကအပြင်ကို မထွက်တော့ဘဲ ရောဂါပိုးမရှိတဲ့သူကိုလည်း မကူးစက်နိုင်တော့ဘူး။ အဲဒီလိုနည်းနဲ့ ပြည်သူအားလုံး မိမိအသိစိတ်နဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်နဲ့ စည်းကမ်းသတ်မှတ်ချက်တွေကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ။

**ဖော်ဝင်းအောင် (ခရိုင် ပြန်/ဆက်)**

> **"ပြည်သူအားလုံး မိမိအသိစိတ်နဲ့ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်နဲ့ စည်းကမ်းသတ်မှတ်ချက်တွေကို တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်**

## ထားဝယ်ခရိုင်အတွင်း အောက်ဆီဂျင်အခက်အခဲမရှိအောင် ဆောင်ရွက်ပေးလျက်ရှိ

**ထားဝယ် ဇူလိုင် ၂၆**

တနင်္သာရီတိုင်း ဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်အား အောက်ဆီဂျင် အခက်အခဲ မရှိစေရေးအတွက် ထားဝယ်မြို့ အာယုဒါန ပါရမီမြောက်ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင် လှူဒါန်းရေး အဖွဲ့က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အာယုဒါန ပါရမီမြောက် ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင် လှူဒါန်းရေးအဖွဲ့ တာဝန်ခံ ဦးအောင်မြင့်က ပြောသည်။



"ထားဝယ် လေးမြို့နယ်အတွင်း အောက်ဆီဂျင်အခက်အခဲ ဖြစ်နေတဲ့ လူနာတွေကို အောက်ဆီဂျင် အလွယ်တကူ ရရှိနိုင်အောင် အောက်ဆီဂျင်စက်ရုံကို ၂၀၁၄ ခုနှစ်က တည်ထောင်ခဲ့ပြီး အာယုဒါန ပါရမီမြောက် ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင် လှူဒါန်းရေးအဖွဲ့ကိုတော့ ၂၀၀၈ ခုနှစ်မှာ ထားဝယ်မြို့ ဆီဆုံ ဆရာတော် ဦးတေဇဝံသ ဦးစီးပြီး ထားဝယ်ပြည်သူ့ဆေးရုံဝင်းအတွင်း ဆေးရုံတက်နေကြတဲ့ အောက်ဆီဂျင်အခက်အခဲရှိသော လူနာတွေ အဆင်ပြေစွာသုံးစွဲနိုင်ဖို့ ရည်ရွယ်ချက်နဲ့ တည်ထောင်ခဲ့တာ ဖြစ်ပါတယ် "ဟု အာယုဒါန ပါရမီမြောက် ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင်လှူဒါန်းရေးအဖွဲ့ တာဝန်ခံ ဦးအောင်မြင့်က ပြောသည်။

အာယုဒါန ပါရမီမြောက် ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင်လှူဒါန်းရေးအဖွဲ့ အနေဖြင့် အောက်ဆီဂျင်လိုအပ်နေသောဆေးရုံ၊ဆေးခန်းများနှင့် အိမ်မှာ နေသောလူနာ၊အရေးပေါ်လူနာတင်ကားများ စသည့်တို့ကို လှူဒါန်းပေးနေကြောင်း သိရသည်။ ထားဝယ် လေးမြို့နယ် အပြင် ပုလော၊ ပလောက်၊ ပလဆေးရုံ ဆေးခန်းအပါအဝင် ကံပေါက်ဆေးရုံ၊တပ်မတော်ဆေးရုံ အစရှိသည့် ဆေးရုံများကို လှူဒါန်းပေးနေကြောင်း၊ ယခု အရေးပေါ် ကာလအတွင်း ထားဝယ် ၊ သရက်ချောင်း၊ ရေဖြူ နှင့် ခုတင်(၁၀၀) ဆေးရုံများက လိုအပ်သည့် အောက်ဆီဂျင်များ လာရောက်ဖြည့်ကြောင်း၊ ပြင်ပက လာရောက်ဖြည့်သော လူနာများအတွက် အောက်ဆီဂျင်ကို အလှူညကျ ဖြည့်ပေးကြောင်း အာယုဒါနပါရမီမြောက် ကုသိုလ်ဖြစ် အရေးပေါ် အောက်ဆီဂျင် လှူဒါန်းရေးအဖွဲ့၊ အာယုဒါန အောက်ဆီဂျင်ထုတ် စက်ရုံ အနေဖြင့် ၂၄ နာရီအတွင်း ၄၀ လီတာဝင် အောက်ဆီဂျင်အိုး အလုံးရေ ၄၀ ထွက်ရှိကြောင်း သိရသည်။

ထားဝယ် ပြည်သူ့ဆေးရုံကြီးအတွက် အောက်ဆီဂျင် အပြည့်အဝ ထောက်ပံ့ပေးနေကြောင်း၊ လတ်တလော လိုအပ်ချက်အရ ဆေးရုံကြီး၏ လိုအပ်ချက်ပြည့်မီနိုင်ရေးအတွက် မြိတ်ဆေးရုံတွင် အောက်ဆီဂျင် ဖြည့်တင်းနေရပြီး ပထမအခေါက် အလုံးရေ ၁၀၀၊ ဒုတိယအခေါက် ၃၅ လုံး၊ တတိယအခေါက် အလုံး ၁၀၀ ၊ စတုတ္ထအခေါက် ၁၄၂ လုံး အောက်ဆီဂျင် ဖြည့်တင်းနေရကြောင်း၊ စက်ရုံက အောက်ဆီဂျင် မလုံလောက်သဖြင့် ပြည်သူအများ လုံလုံလောက်လောက် သုံးစွဲနိုင်ရေးအတွက် ၂၄ နာရီအတွင်း အလုံးရေ ၁၀၀ ထွက်ရှိသောစက်ကို မှာယူကာ စီစဉ်ဆောင်ရွက်ထားရှိကြောင်း အာယုဒါန ပါရမီမြောက် ကုသိုလ်ဖြစ်အရေးပေါ် အောက်ဆီဂျင် လှူဒါန်းရေးအဖွဲ့ တာဝန်ခံ ဦးအောင်မြင့်က ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပထမအကြိမ် ရောက်ရှိလာသည့် အောက်ဆီဂျင်အိုးများ စနစ်တကျထားရှိဆောင်ရွက်နေမှုနှင့် အောက်ဆီဂျင်စက်ရုံတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး



**မကွေး ဇူလိုင် ၂၆**

မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်သည် အဖွဲ့ဝင်(၁) ဗိုလ်မှူးကြီး ကျော်ကျော်လင်း၊ အဖွဲ့ဝင်(၅) ရဲမှူးကြီး လှိုင်တင့်၊ အတွင်းရေးမှူး ဦးဝင်းရှိန်တို့နှင့်အတူ ဇူလိုင် ၂၅ ရက်က မကွေးမြို့ အဝေးပြေးကုန်တင်ကုန်ချ ယာဉ်ရပ်နားစခန်းတွင် ပထမအကြိမ် ရောက်ရှိလာသည့် အောက်ဆီဂျင်အိုးများ စနစ်တကျထားရှိ ဆောင်ရွက်နေမှုနှင့် အောက်ဆီဂျင်စက်ရုံ တည်ဆောက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ မကွေးမြို့ အဝေးပြေး ကုန်တင်ကုန်ချယာဉ်ရပ်နားစခန်းတွင် အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိပြီး အဆိုပါ အောက်ဆီဂျင် စက်ရုံအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင် အိုး အလုံး ၁၀၀၀ မှာယူထားရာ ဇူလိုင် ၂၅ ရက် ညနေပိုင်းက လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၂၀၀ ပထမအကြိမ် စတင်ရောက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် အောက်ဆီဂျင်အိုးများအား မကွေးမြို့ အဝေးပြေးကုန်တင် ကုန်ချယာဉ်ရပ်နားစခန်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီနှင့် လူမှုရေးအသင်းအဖွဲ့များက စနစ်တကျထားရှိ ဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်ပြီး အဆိုပါဝင်းအတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဆောင်ရွက်ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

---

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၆ - ၇ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၈၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၈၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၅၉၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၉၆၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၀၀ | ကျပ် | ၁၀၂၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၁၅ | ကျပ် | ၁၀၃၀ | ကျပ် |
| အောက်တိန်း ၉၂ | ၁၀၂၀ | ကျပ် | ၁၀၅၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၄၀ | ကျပ် | ၁၁၃၀ | ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၆၃၅ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၆ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၀ . ၀၆၁ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၈၉ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၈၉ . ၁၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၅၃ . ၀၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၉၃၆ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၇ | ၉၅၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၄၅၀၀ | ၁၁၄၄ | ၃၉၅၂၆၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၀၀၀၀ | ၂၀၀၀၀ | ၅၀၀ | ၁၀၀၀၀၀၀၀ |
| TMH | ၂၈၀၀ | ၂၇၀၀ | ၂၉ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၁၆ | ၇၈၄၀၀ |

ညီညီ - စုစည်းသည်

---

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၇-၇-၂၀၂၁ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ မောရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ သီးနှံသစ်တောရောနှောစိုက်ပျိုး တိုင်းပြည်ဝင်ငွေတိုး
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**သမိုင်းဘာသာရပ်**'
- ၁၆:၃၅ ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ
- ၁၇:၀၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး '**အုံ့ပခန်းဖွယ်ရာပန်းတဉ်းပညာ**'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များအကြောင်း သိကောင်းစရာ
- ၁၉:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားခေါ်ဆောင်ရာ**' (အပိုင်း-၃၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**အိမ်ထောင်ရေးပညတ်ချက်များ**' (အပိုင်း-၁၂)
- ၂၂:၁၀ ပြည်သူ့နီတိ '**ဘဝလမ်းကိုရွေးချယ်ခြင်း**'

### mitv

- 07:01 News
- 07:27 Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:33 The Richly Blessed Gem Land
- 08:01 Clay Toy Pots Festiva
- 08:18 TBetween the Beaches: Chaung Tha Vs Ngwe Saung
- 08:29 Yoga & Health
- 08:49 Myanmar Childhood Games (Episode-3)
- 09:01 Traveling in Kayah State
- 09:10 Myanmar Handicrafts
- 09:41 Inle Traditional Dance
- 09:48 Myanmar Masterclass: Artist Pann Kyi
- 10:13 The Largest Nunnery In Myanmar
- 10:43 Myanma Thanakha
- 11:24 Trend of Kachin Dress

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
မနောအလှမယ်(အပိုင်း-၃)

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးဆိုင်ရာဗဟုသုတ

**ဝကြောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်ပြုမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှငေါ်ရန်ဂျီကျွန်း (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
မေမေလုပ်ကျွေးတဲ့ဟင်းထုပ်

**ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀)**
သင်မယ်၊ ရေးမယ်၊ ဒို့ချင်းစာ(အပိုင်း-၃၄)

**ချင်း (ချိုး) ၁၄:၀၀ မှ ၁၅:၀၀)**
မဒါးအိမ်နီးသို့အလည်တစ်ခေါက်

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ဓာတ်တော်ချိုင့်ရေတံခွန်သို့အလည်တစ်ခေါက်

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဝက်နံရိုးချဉ်စပ်ချက်စားကြရအောင်

### MRTV Parliament

- ၀၉:၀၀ အဖွင့်၊ အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို '**လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်**'
- ၁၁:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၂)

### MRTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ဇာတ်တော်ကြီးဆယ်ဘွဲ့

# ဘူရိဒတ်ဇာတ်တော်

**မြတ်မင်းလိုင်**

*(ယမန်နေ့မှအဆက်)*

နေသာဒပုဏ္ဏား၏ အိမ်၌ ရွှေအချိန်တစ်ကျပ်သားမျှပင် မရှိသော်လည်း ထိုပတ္တမြားသည် အလိုကို ပေးတတ်သောကြောင့် ဦးခေါင်းကိုဆေးလျက် ပတ္တမြားကို ရေနှင့်ဖျန်းပြီး ရွှေအချိန်တစ်ရာပေးလော့ဟု ဆိုလျှင် ပတ္တမြားကပေးမည့် ရွှေအချိန်တစ်ရာဖြင့် ထိုဆင်းရဲသားပုဏ္ဏားအား ပေးရန် ကြံရွယ်ပြောဆိုလိုက်ခြင်းဖြစ်သည်။ ထိုဆင်းရဲသားပုဏ္ဏားသည် အကြောင်းစုံကို မသိရှိသော်လည်း ပတ္တမြားရတနာသည် မြတ်သောလက္ခဏာနှင့် ပြည့်စုံ၍မရောင်းနိုင်ဟု ငြင်းဆိုလေသည်။ သို့သော် ထူးသောတန်ခိုးရှိသော နဂါးကိုပြနိုင်ခဲ့လျှင် ထိုပတ္တမြားကို ပေးမည်ဟု ဆိုလေသည်။

ထိုအခါ နေသာဒပုဏ္ဏားသည် ဆင်းရဲသားပုဏ္ဏားအား နဂါးကို အစာအလို့ငှာ ရှာဖွေနေသော ပုဏ္ဏားအသွင်ဆောင်ထားသော ဂဠုန်ဟု ထင်မှတ်မေးမြန်းသောအခါတွင် ပုဏ္ဏားသည် ဂဠုန်မဟုတ် အလမ္ပာယ်သာဖြစ်ကြောင်း ဖြေကြားလေသည်။ နေသာဒပုဏ္ဏားလည်း ပတ္တမြားကို တပ်မက်စိတ်ကြောင့် ဘူရိဒတ်နဂါးမင်း ဥပုသ်စောင့်သော သုံးနေရာကို ညွှန်ပြရန်အတွက် သားသောမဒတ်နှင့် တိုင်ပင်လေသည်။ သားသောမဒတ်က ကျေးဇူးရှင်ဖြစ်သော ဘူရိဒတ်နဂါးမင်းအား မပြစ်မှားသင့်ကြောင်း ဥစ္စာရွှေငွေအလိုရှိက ဘူရိဒတ်နဂါးမင်းထံ သွားတောင်းလျှင် ရနိုင်၍ မပြစ်မှားသင့်ကြောင်း ပြောကြားလေသည်။

နေသာဒပုဏ္ဏားက မိမိရှေ့တွင် ရောက်ရှိနေသောအစာကို စားခြင်းကလျောက်ပတ်၍ အဝေး၌ရှိသော ဥစ္စာကို မျှော်မှန်းခြင်း မပြုနိုင်ကြောင်း ပြောဆိုလေ၏။ သားပုဏ္ဏားသောမဒတ်က အကျိုးစီးပွားကိုဆောင်သောအဆွေခင်ပွန်းအား ပြစ်မှားပါက ကြီးစွာသောငရဲ၌ ခံရတတ်ကြောင်း ဥစ္စာလိုလျှင် ဘူရိဒတ်နဂါးမင်းထံသို့သာ သွားသင့်ကြောင်း ယခုကဲ့သို့ပြစ်မှားခြင်းသည် မကြာမြင့်မီ အပြစ်ရမည်ဟု ထင်ကြောင်း ပြောကြားလေသည်။ နေသာဒပုဏ္ဏားက ပုဏ္ဏားတို့မည်သည်မကောင်းမှုကို ပြုမိသည်ရှိသော် ကြီးစွာသော ယဇ်ပူဇော်ခြင်းကို ပြုပါကပြုပြီးသော ထိုအပြစ်တို့မှလွတ်၏ဟု ပြောကြားလေသည်။ သားသောမဒတ်သည်လည်း နတ်များကို တိုင်တည်ကြွေးကြော်ကာ ဟိမဝန္တာတောသို့ ဝင်ပြီးလျှင် ရဟန်းပြု၍အဘိညာဉ်သမာပတ်တို့ကို ပွားများသဖြင့် အသက်ဆုံးလျှင် ဗြဟ္မပြည်သို့ရောက်လေသည်။

နေသာဒပုဏ္ဏားသည် အလမ္ပာယ်အား ခေါ်၍ နဂါးမင်းဘူရိဒတ် ဥပုသ်စောင့်သုံးသောနေရာသို့ သွားကြလေသည်။ ထိုအခါ တောင်ပို့ထက်၌ တရားကျင့်နေသော ဘူရိဒတ်နဂါးမင်းကိုမြင်လျှင် အလမ္ပာယ်ပုဏ္ဏားအား ဖမ်းယူရန် ပြောကြားလေသည်။ ဘူရိဒတ်နဂါးမင်းသည် ထိုအသံကိုကြား၍ မျက်စိဖွင့်ကြည့်သော် နေသာဒပုဏ္ဏားကိုမြင်၏။ သို့သော်လည်း မိမိတည်ဆောက်သည့် သီလကို အပျက်မခံလိုသဖြင့် မျက်စိကိုမှိတ်၍ အဓိဋ္ဌာန်ပါရမီကိုသွင်း၍ မတုန်မလှုပ်နေလေသည်။ အလမ္ပာယ်ပုဏ္ဏားသည် နဂါးမင်းကို အလွန်နှစ်သက်၍ အဖိုးများစွာ ထိုက်သောပတ္တမြားကို နေသာဒပုဏ္ဏားလက်သို့ ပစ်ပေး၏။ ပတ္တမြားသည် နေသာဒပုဏ္ဏားလက်မှလျှောကျ၍ မြေတွင်းသို့ ဝင်ပြီးလျှင် နဂါးပြည်သို့ ငုပ်လျှိုးသွားလေသည်။

အလမ္ပာယ်ပုဏ္ဏားသည် နတ်၏ ဆေးမြစ်ဖြင့် မိမိတစ်ကိုယ်လုံးကို လိမ်းကျံရုံတားထားလျက် မန္တန်စီမံပြီးလျှင် ဘူရိဒတ်နဂါးမင်းအား ဖမ်းယူရိုက်ပုတ်လေသည်။ ဘူရိဒတ်နဂါးမင်းသည် ဥပုသ်မပျက်စေဘဲ သည်းခံနေတော်မူ၏။ အလမ္ပာယ်ပုဏ္ဏားသည် လှည့်လည်၍ ဘူရိဒတ်နဂါးမင်းဖြင့် အလမ္ပာယ်ပြ၏။ အလမ္ပာယ်ပုဏ္ဏားသည် ဥစ္စာတစ်ထောင်ရက ပြန်လွှတ်မည်ဟူသော စကားကိုယုံကြည်ကာ နဂါးမင်းသည် ပုဏ္ဏားစေခိုင်းသမျှကို သည်းခံ၍ လုပ်ဆောင်ပြသ၏။

အလမ္ပာယ်ပုဏ္ဏားသည် ဥစ္စာတစ်ထောင်ပြည့်မြောက်ရရှိခဲ့သော်လည်း ဘူရိဒတ်နဂါးမင်းအား မလွှတ်ဘဲ ရတနာပခြုပ်ကို ရက်လုပ်ကာ ထိုပခြုပ်၌နဂါးမင်းကို ထည့်လျက်ရွာစဉ်တစ်လျှောက်ကပြစေခဲ့ရာ ဗာရာဏသီပြည်သို့ ရောက်ရှိလာလေသည်။ ထိုမှတစ်ဆယ့်ငါးရက်မြောက်သော ဥပုသ်နေ့တွင် ဗာရာဏသီမင်းရင်ပြင်၌ အလမ္ပာယ်ပြရန် စီစဉ်လေသည်။

အလမ္ပာယ်ပုဏ္ဏားသည် ဘုရားလောင်းကို ဖမ်းသောနေ့၌ မယ်တော်သမုဒ္ဒဇာမိဖုရားသည် အိပ်မက်မြင်မက်၏။ အိပ်မက်ကား နီသောမျက်စိရှိသည့် ယောကျ်ားတစ်ယောက်သည် သန်လျက်ဖြင့် လက်ယာလက်ရုံးကို ဖြတ်၍သွေးယိုစီးသည်ဟု မြင်မက်၏။ ထိုအိပ်မက်သည် မိမိနှင့်တကွ သားလေးယောက်၊ ဓတရဋ္ဌ နဂါးမင်းတို့အား ဘေးရန်ကျရောက်မည့် အတိတ်နိမိတ်အဖြစ် တွေးမိကာ များစွာ ပူဆွေးသောကရောက်ရှာ၏။ အထူးသဖြင့် လူ့ပြည်၌ သွားရောက် ဥပုသ်သီတင်းဆောက်တည်နေသော ဘူရိဒတ်နဂါးမင်းသည် တစ်လခွဲရှိသော်လည်း မယ်တော်ထံလာရောက်ခစားခြင်းမရှိ၍ စိုးရိမ်ပူပန်ကာ နေ့စဉ်ရက်ဆက် မျက်ရည်ယိုစီး ငိုကြွေးရ၍ မျက်လုံးများ ကျိန်းစပ်နေရှာသည်။

ထိုအချိန်တွင် သားတော်ကြီးဖြစ်သော သုဒဿနသည် မယ်တော်ထံပါး ခစားဝင်ရောက်လာရာ မယ်တော်နှလုံးမသာသည်ကို သိ၍ မေးမြန်းလေသည်။ မယ်တော်က အိပ်မက်အကြောင်းကို ပြောပြသဖြင့် သုဒဿနမင်းသားနှင့်တကွ ပရိသတ်အပေါင်းခြံရံလျက် မယ်တော်

❍ **နေသာဒပုဏ္ဏားသည် အလမ္ပာယ်အား ခေါ်၍ နဂါးမင်းဘူရိဒတ် ဥပုသ်စောင့်သုံးသောနေရာသို့ သွားကြလေသည်။ ထိုအခါ တောင်ပို့ထက်၌ တရားကျင့်နေသော ဘူရိဒတ် နဂါးမင်းကိုမြင်လျှင် အလမ္ပာယ်ပုဏ္ဏားအား ဖမ်းယူရန် ပြောကြားလေသည်။ ဘူရိဒတ်နဂါးမင်းသည် ထိုအသံကိုကြား၍ မျက်စိဖွင့်ကြည့်သော် နေသာဒပုဏ္ဏားကို မြင်၏။ သို့သော်လည်း မိမိတည်ဆောက်သည့် သီလကို အပျက်မခံလိုသဖြင့် မျက်စိကိုမှိတ်၍ အဓိဋ္ဌာန်ပါရမီကိုသွင်း၍ မတုန်မလှုပ်နေလေသည်**

သမုဒ္ဒဇာသည် ဘူရိဒတ်အိမ်သို့ သွားလေ၏။ ဘူရိဒတ်နဂါးမင်းအား အိမ်၌ မတွေ့ကြရဘဲ ပျောက်နေသည်မှာ တစ်လကျော်ပြီဖြစ်ကြောင်း သိရှိရ၍ ဘူရိဒတ်နေရာ ပြာသာဒ်ထက်သို့ တက်၍ ငိုကြွေးကြလေသည်။ ထိုအခိုက်မှာ သုဘောဂ၊ ကာဏာရိဋ္ဌ မင်းသားညီနောင် နှစ်ယောက်တို့သည် ရောက်ရှိလာကြရာ ထိုသို့ငိုကြွေးသံကိုကြား၍ ဘူရိဒတ်နဂါးမင်းအိမ်သို့ သွားကြလျက် မယ်တော်ကို နှစ်သိမ့်စေ၏။

ထို့နောက် ကာဏာရိဋ္ဌသည် နတ်ပြည်သို့လည်းကောင်း၊ သုဘောဂသည် ဟိမဝန္တာသို့လည်းကောင်း၊ သုဒဿနသည် လူ့ပြည်သို့လည်းကောင်း သွားရောက်၍ ဘူရိဒတ်အား ရှာဖွေရန် တာဝန်ခွဲဝေကြသည်။

သုဒဿနမင်းသားသည် ရသေ့အသွင်ဆောင်၍ မယ်တော်ကိုရှိခိုးပြီး လူ့ပြည်သို့ ထွက်ခဲ့၏။ ထိုအခါဘုရားလောင်း ဘူရိဒတ်နဂါးမင်းကို အလွန်ချစ်ခင်သော ဘုရားလောင်း၏မိထွေးသမီးဖြစ်သော အဇာမုခီနဂါးမသည် ဖားမငယ်ဟန်ဆောင်၍ သုဒဿန၏ ဆံကျစ်ကြား၌ လိုက်ပါလေသည်။ သုဒဿနသည် ဘုရားလောင်း ဘူရိဒတ်ဥပုသ်စောင့်ရာ အရပ်သို့ရောက်လျှင် အလမ္ပာယ်သည် ဘူရိဒတ်အား ဖမ်းသည့်နေရာ၌ သွေးများကို တွေ့မြင်ရသည့်အပြင် ဝါးကြိမ်နွယ်တို့ဖြင့် ပခြုပ်သွားထားသည့် နေရာတို့ကိုပါတွေ့ရှိရလေသည်။ ထိုအခါ သုဒဿနသည် ဘူရိဒတ်အား မြွေသမားဖမ်းယူသွားသည်ကို သိ၍စိုးရိမ်ခြင်း နှိပ်စက်သဖြင့် ငိုကြွေးလျက် အလမ္ပာယ်သွားရာခရီးကို ခြေရာခံလိုက်ခဲ့သည်။ ဘူရိဒတ်အား ကပြစေခဲ့သော ရွာစဉ်အလိုက် ဆက်လက်စုံစမ်းခဲ့ရာ ဗာရာဏသီမင်း၏ နန်းအိမ်တော်သို့ ရောက်ရှိခဲ့လေသည်။

ထိုအခိုက် အလမ္ပာယ်ပုဏ္ဏားသည် ဆန်းကြယ်သော အခင်း၌ ရတနာပခြုပ်ကို ထား၍ဖွင့်လှစ်ပြီးလျှင် ဘူရိဒတ်နဂါးမင်းကို ထွက်၍ကပြစေသည်။ ထိုအခါ သုဒဿနသည် ပရိသတ်အကြား၌ ရှိနေ၏။ ဘူရိဒတ်နဂါးမင်းသည် ဦးခေါင်းကိုမော့၍ ဂဠုန်ရှိမရှိနှင့် ဆွေမျိုး ရှိ မရှိကိုကြည့်ရာ ပရိသတ်အကြား၌ ရသေ့အသွင်ဖြင့် အစ်ကို သုဒဿနကို မြင်လေ၏။ ဘုရားလောင်းနဂါးမင်းသည် မျက်စိနှစ်ဖက်မှ မျက်ရည် အသွယ်သွယ်ယိုစီးလျက် ပခြုပ်မှထွက်၍ အစ်ကိုရှိရာသို့ ရှေးရှုသွားလေသည်။ လူအများတို့သည် နဂါးလာသည်ကိုမြင်လျှင် ကြောက်လန့်တကြား ရှောင်လွှဲ၍ပြေးကြ၏။ သုဒဿနတစ်ယောက်သာ ရပ်လျက်နေ၏။ နဂါးမင်းသည် သုဒဿန၏ ခြေဖမိုးပေါ် ခေါင်းတင်၍ငို၏။ သုဒဿနလည်းငို၏။ ထို့နောက် နဂါးမင်းသည် ပခြုပ်သို့ ပြန်ဝင်လေသည်။ ထိုအခါ အလမ္ပာယ်ပုဏ္ဏားသည် ရှင်ရသေ့အား နဂါးကိုက်သည်ဟု ထင်မှတ်ကာ မကြောက်ရန်နှင့် ကုသပေးမည်ဖြစ်ကြောင်း ပြောကြားလေသည်။ထိုအခါ သုဒဿနက ကြောက်ရွံ့ခြင်းမရှိသည့်အပြင် မိမိထက်တတ်သော မြွေသမားမရှိဟုဆိုသဖြင့် အလမ္ပာယ်ပုဏ္ဏားသည် ဒေါသထွက်လေသည်။

မြွေအလမ္ပာယ်ပုဏ္ဏား အမျက်ထွက်နေသည်ကို သုဒဿနသိသဖြင့် ၎င်း၏မြွေဖြင့် မိမိကိုတိုက်ရန်၊ မိမိက ဖားငယ်ဖြင့်တိုက်မည်၊ ရှုံးလျှင် အသပြာငါးထောင် လောင်းကြေးတင်ရန် ပြောလိုက်သည်။ မြွေအလမ္ပာယ်ပုဏ္ဏားက သုဒဿနသည် ဆင်းရဲသူဖြစ်ပါလျက် မည်သို့လောင်းကြေးငွေကို တင်နိုင်ပါမည်နည်း၊ မည်သူက တာဝန်ခံမည်လဲဟုမေးမြန်းသဖြင့် သုဒဿနသည် မကြောက်မရွံ့ မင်းအိမ်ပေါ်သို့ တက်၍ အသပြာငါးထောင် အလှူခံလေသည်။ မင်းကြီးလည်း မြွေအလမ္ပာယ်ပုဏ္ဏားဖြင့် လောင်းတမ်းကစားရန်ဖြစ်သည်ကို သိရှိ၍ ရသေ့နှင့်အတူ လိုက်ပါသွားလေသည်။ ထိုအခါ ပုဏ္ဏားက မင်းဆရာအဖြစ် ထင်မှတ်ကာ မိမိက ရသေ့အား မလေးမစားမပြု၊ ရသေ့ကသာ အဆိပ်ထန်သောနဂါးကို မလေးမစားပြုသည်ဟု ဆိုလေသည်။ ထိုအခါ ရသေ့က ပုဏ္ဏားကို အဆိပ်မရှိသောနဂါးဖြင့် လူအများကို လှည့်ဖြားနေသည်ကို သိရှိကြလျှင် ဥစ္စာကိုမဆိုထား၊ ဖွဲတစ်ဆုပ်ကိုမျှ ပေးကြလိမ့်မည်မဟုတ်ဟု ပြောဆိုလေသည်။ ထိုအခါ အလမ္ပာယ်ပုဏ္ဏားလည်း အမျက်ထွက်ပြီး ရသေ့အား နဂါးအဆိပ်ဖြင့် သေစေမည်ဟု ခြိမ်းခြောက်ပြောဆို၏။ ရသေ့က ၎င်းကိုဖားမငယ်ဖြင့် တိုက်မည်ဟုဆိုကာ နှမငယ်ဖားမငယ်အဇာမုခီကို လက်ဝါးပေါ်သို့ ခေါ်ယူလိုက်၏။ အဇမုခီလည်း ထိုအသံကိုကြားလျှင် ဆံကျစ်ကြားမှ အသံသုံးကြိမ်ပြု၍ ပခုံးပေါ်တွင် ဆွေ့ဆွေ့ခုန်လျက် လက်ဝါးပြင်၌ သုံးခုသော အဆိပ်ပေါက်တို့ကို ချခဲ့၍ ဆံကျစ်ကြားသို့ပြန်လေ၏။ သုဒဿနသည် အဆိပ်ကိုယူ၍ ရပ်လျက် ဤဗာရာဏသီပြည်သည် ပျက်စီးတော့မည်ဟု ဟစ်အော်သည့် အသံမှာ တစ်ဆယ့်နှစ်ယူဇနာရှိသော ဗာရာဏသီပြည်ကို လွှမ်း၍သွားလေသည်။

ထိုအသံကို မင်းကြီးကြား၍ ရှင်ရသေ့အဘယ်ကြောင့် ဗာရာဏသီပျက်မည်နည်းဟု မေးရာ ဖားမငယ်ချခဲ့သော အဆိပ်သွန်ရန် အရပ်မရှိ၍ဟု ဖြေကြားလေသည်။ ဤအဆိပ်သည် မြေ၌သွန်လျှင် နွယ်မြက်ဆေးပင်တို့သည် ခြောက်သွေ့ကုန်မည်၊ ကောင်းကင်သို့ပစ်လျှင် မိုးခုနစ်နှစ်ခေါင်ပြီး နှင်းတစ်ပေါက်မျှမကျ၊ ရေ၌သွန်လျှင် ရေ၌ကျက်စားနေသော ရေသတ္တဝါများစွာ သေကျေကြလိမ့်မည်ဟု သုဒဿနရသေ့က ရှင်းလင်းပြောကြားလေသည်။ ထိုစကားကို မင်းကြီးကြားလျှင် ဗာရာဏသီမပျက်အောင် ကြံဆောင်ပေးရန် တောင်းပန်သဖြင့် ရသေ့က အစဉ်အတိုင်း တွင်းသုံးခုတူးစေသည်။ ပထမတွင်း၌ အထူးထူးသောဆေးများပြည့်စေ၏။ အလယ်တွင်း၌ နွားချေးတို့နှင့်ပြည့်စေ၏။ အဆုံးအတွင်း၌ နတ်၏ ဆေးဖြင့်ပြည့်စေ၏။

ထိုသို့စီရင်ပြီးမှ ရှေးဦးစွာသောတွင်း၌ အဆိပ်ပေါက်သုံးခုတို့ကို ချလေသည်။ ထိုခဏ၌ အခိုးထွက်၍ လျှံတက်၏။ ထိုအလျှံသည် နွားချေးတွင်း၌ စွဲ၏။ နွားချေးတွင်းမှ အလျှံပြန်၍ နတ်ဆေးတွင်းသို့ ဝင်ပြီးလျှင် ကျေပျောက်စေလေသည်။ ထိုအချိန်တွင် တွင်းနား၌ရှိနေသော အလမ္ပာယ်သည် အဆိပ်ခိုးငွေ့သင့်ကာ တစ်ကိုယ်လုံးအဖြူကွက်များထွက်၍ ထိတ်လန့်ပြီး ဘူရိဒတ်နဂါးမင်းကို လွှတ်လိုက်လေသည်။

ဘုရားလောင်း ဘူရိဒတ်နဂါးမင်းသည် ရတနာပခြုပ်မှထွက်၍ တန်ဆာဆင်အပ်သော ကိုယ်ကိုဖန်ဆင်းလျက် သိကြားမင်း၏ တင့်တယ်ခြင်းဖြင့် ရပ်နေ၏။ သုဒဿနနှင့် အဇာမုခီတို့လည်း အလားတူဖန်ဆင်း၍ နေကြသည်။ ထို့နောက် သုဒဿနက ၎င်းတို့သည် မင်းကြီး၏ နှမတော် သမုဒ္ဒဇာ၏ သားတော်များဖြစ်ကြောင်း၊ မင်းကြီးသည် ၎င်းတို့၏ ဦးရီးတော်ဖြစ်ကြောင်း ပြောပြ၍ မင်းကြီးလည်း သုဒဿနနှင့် ဘူရိဒတ်နဂါးမင်းတို့၏ ခေါင်းကိုနမ်းလျက် ငိုကြွေးလေသည်။ ထို့နောက် ပြာသာဒ်ထက်သို့တင်ပြီး ဘူရိဒတ်နဂါးမင်းအား ဘုန်းတန်ခိုးနှင့် ပြည့်စုံပါလျက် အလမ္ပာယ်ဖမ်းခြင်းကို အဘယ်ကြောင့် ခံရသည်ကို မေးမြန်းလေသည်။ ဘုရားလောင်း ဘူရိဒတ်နဂါးမင်းလည်း သီလမပျက်လို၍ အလမ္ပာယ်ဖမ်းခံရသည့် အကြောင်းကုန်စင်ကို ပြောပြပြီးမှ ဦးရီးတော်မင်းကြီးကို မင်းကျင့်တရားကို ပြည့ွှန်ဟောပြောလေသည်။

မင်းကြီးက မိမိ၏နှမ သမုဒ္ဒဇာကို ဓတရဋ္ဌနဂါးမင်း ဆောင်ယူသွားစဉ်က ဖခမည်းတော်သည် ထီးနန်းကိုမိမိထံ အပ်နှံကာ ရဟန်းပြုသွားကြောင်း ရှင်းပြ၏။ ဘူရိဒတ်တို့လည်း ဦးရီးတော်နှင့် ဘိုးတော်ကို မယ်တော်နှင့်အတူ လာရောက်ဖူးမြော်ရန် နေ့ရက်ချိန်းဆို၍ နဂါးပြည်သို့ ပြန်လေသည်။ *(ဆက်လက်ဖော်ပြပါမည်)*

# ကချင်ပြည်နယ်အတွင်း အောက်ဆီဂျင်ပြတ်လပ်မှုမရှိစေရေး ညှိနှိုင်းဆွေးနွေး



မြစ်ကြီးနား ဇူလိုင် ၂၆

**ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင်လိုအပ်ချက် မြင့်တက်မှုရှိလာသည်နှင့်အမျှ ပြည်နယ်အတွင်း အောက်ဆီဂျင်ပြတ်လပ်မှု မရှိစေရေးအတွက် ဇူလိုင် ၂၄ ရက်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး မလိခခန်းမ၌ ညှိနှိုင်းဆွေးနွေး သည်။** (ယာပုံ)

အစည်းအဝေးတွင် ပြည်နယ်ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က ပြည်နယ်အတွင်း အောက်ဆီဂျင် လုံလောက်မှုရှိရေးနှင့် ပြတ်လပ်မှုမဖြစ်ပေါ်စေရေး လိုအပ်ချက်များနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် မဖြစ်မနေဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း လိုအပ်ချက်များကို ပံ့ပိုးကူညီပေးနိုင်ရေးအတွက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ကျော်လင်းအောင်က ပြည်နယ်အတွင်း အောက်ဆီဂျင် စုဆောင်းထားရှိမှု၊ လျှာဒါန်းလက်ခံရရှိမှုနှင့် ပြည်နယ်အတွင်းရှိ စက်ရုံ သုံးခုတွင် လည်ပတ်ထုတ်လုပ်ပေးနိုင်မှု အခြေအနေများ၊ စက်ရုံများတိုးချဲ့ဆောက်လုပ်နိုင်ရန်နှင့် အောက်ဆီဂျင် လိုအပ်ချက်ပြည့်မီစွာ ဖြည့်ဆည်းနိုင်ရေး တရုတ်နိုင်ငံနှင့် ချိတ်ဆက်မှာယူဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် မြစ်ကြီးနားပြည်သူ့ဆေးရုံအုပ်ကြီး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ မြစ်ကြီးနားမြို့ရှိ စိန်ကမ္ဘာအောက်ဆီဂျင်စက်ရုံပိုင်ရှင်၊ ပေးဆပ်သူလူမှုကူညီရေးအသင်းတာဝန်ရှိသူများက ပြည်နယ်အတွင်းရှိ ပြည်သူ့ဆေးရုံများအတွင်း တက်ရောက်ကုသမှု ခံယူနေသည့်အခြေအနေ၊ လူနာများအား အောက်ဆီဂျင်ပေးနေမှုနှင့် လိုအပ်ချက်ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ လူမှုကူညီရေးအသင်းနှင့် စက်ရုံများရှိ အောက်ဆီဂျင် ထုတ်လုပ်ဖြန့်ဖြူးနိုင်မှုနှင့် တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးမှုများအပေါ် ပြည်နယ်ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လေးက မြို့နယ်များအလိုက် ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေများ၊ အောက်ဆီဂျင်လိုအပ်ချက်အတွက် စက်ရုံများဆောက်လုပ်နိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် ပြည်နယ်ကော်မတီ အတွင်းရေးမှူးက အောက်ဆီဂျင်စက် နှစ်လုံး မကြာမီရရှိနိုင်တော့မည် ဖြစ်သည့်အတွက် လတ်တလော စက်ရုံသုံးခုမှ ထွက်ရှိမှုကို ဖြန့်ဝေသုံးစွဲသွားနိုင်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဆီဂျင်ပြတ်လပ်မှု မဖြစ်ပေါ်စေရေး ဖြည့်ဆည်းနိုင်ရန်အတွက် အဖွဲ့အစည်းအသီးသီးနှင့် ချိတ်ဆက်ဆောင်ရွက်သွားရေး၊ စက်ရုံများ အမြန်ဆုံးတိုးချဲ့ဆောက်လုပ်နိုင်ရေးအတွက် လိုအပ်သည့်ကိစ္စရပ်များကို ပံ့ပိုးဆောင်ရွက်ရေးတို့အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# လားရှိုးမြို့နယ်တွင် ကိုဗစ် - ၁၉ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

**ရှမ်းပြည်နယ် မြောက်ပိုင်း ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ရဲအောင်ထွန်းအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာချိုက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပတ်သက်၍ ဇူလိုင် ၁၈ ရက်တွင် တွေ့ဆုံမေးမြန်းထားပါသည်။**

မေး ။ ။ လားရှိုးမြို့နယ်မှာ လက်ရှိကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ပြောပြပေးစေလိုပါတယ်။

ဖြေ ။ ။ လားရှိုးမြို့နယ်မှာ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ခရိုင်နဲ့မြို့နယ်တွေမှာ Team တွေ ဖွဲ့စည်းထားရှိပြီး Team အလိုက် နေ့စဉ်ရပ်ကွက်တွေအတွင်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒ့ါအပြင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ Stay at Home စည်းကမ်းချက်တွေကိုလည်း လိုက်နာဖို့ နေ့စဉ်နှိုးဆော်လျက်ရှိပါတယ်။ မြို့ဝင်မြို့ထွက်ဂိတ်များဖြစ်တဲ့ မယ်ဟန်ဂိတ်နဲ့ နမ္မတူဂိတ်တွေကိုလည်း စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့ပေါ်မှာလည်း ပြည်သူတွေ နေအိမ်ပြင်ပသွားလာခွင့်ကတ် ပါရှိမှသာ သွားလာနိုင်ပါတယ်။ ပြည်နယ်၊ ခရိုင်နဲ့ မြို့နယ် ကိုဗစ်-၁၉ ကြီးကြပ်ရေးအဖွဲ့တွေကလည်း လမ်းတွေမှာ စိစစ်ဆောင်ရွက်နေပါတယ်။ ကိုဗစ်-၁၉ ထိတွေ့လူနာများ ထားရှိဖို့နေရာတွေလည်း စီစဉ်ဆောင်ရွက်ထားပါတယ်။

မေး ။ ။ လားရှိုးမြို့နယ်အတွင်း Quarantine Center တွေ ဖွင့်လှစ်ထားရှိမှုကိုလည်း သိချင်ပါတယ်။



ဖြေ ။ ။ ပိုးတွေ့လူနာတွေထားရှိဖို့ Quarantine Centre တွေကတော့ ပြည်ထောင်စုအားကစားကွင်း၊ မိုးလုံလေလုံမှာ လူ ၁၀၀ ထားနိုင်ပါတယ်။ လားရှိုးမြို့ စက်မှုလက်မှု အထက်တန်းကျောင်းမှာ လူ ၃၀၀ ကျော် ထားရှိနိုင်ပါတယ်။ Quarantine Center ထပ်မံတိုးချဲ့ဖို့ ခရိုင်နဲ့ မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နဲ့လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။

မေး ။ ။ ကိုဗစ် - ၁၉ လူနာတွေကို ကုသစောင့်ရှောက်မှုပေးနေတဲ့ အခြေအနေကိုလည်း ရှင်းပြပေးပါ။

ဖြေ ။ ။ အခြားမြို့နယ်ကနေ လားရှိုးမြို့နယ်အတွင်း ကိုဗစ် - ၁၉ ရောဂါ ဝင်ရောက်ပျံ့နှံ့မှုမရှိစေဖို့ ဝင်ထွက်ဂိတ်နှစ်ခုမှာ လူနဲ့ ယာဉ်တွေကို စနစ်တကျ စိစစ်လျက်ရှိပါတယ်။ လားရှိုးမြို့မှာ လူ ၆၀၀ ထားနိုင်မယ့် ကုသရေးစီစဉ်ဆောင်ရွက်လျက်ရှိပြီး အောက်ဆီဂျင် ခုတင်ခွဲခန်းစင်တာကို လားရှိုးမြို့က ပညာရေးကောလိပ်မှာ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒ့ါအပြင် လူနာနဲ့ လူနာစောင့်တစ်ဦးနေထိုင်နိုင်မယ့် အခန်း ၈၀ စာ နေရာကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအခန်း ၈၀ မှာရှိတဲ့ ပိုးတွေ့လူနာတွေကို ကုသပေးရာမှာလည်း လူနာရဲ့ အခြေအနေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ စီစီတီဗွီကင်မရာတွေကိုလည်း တပ်ဆင်ထားရှိပါတယ်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများကလည်း ပေါင်းစပ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှာ ပိုးတွေ့လူနာ ၁၅၀ ထားရှိဖို့ ဖျားနာဆောင်နဲ့ သူနာပြုသင်တန်းကျောင်း အဆောင် (၁) မှာလည်း ပြင်ဆင်ထားရှိပါတယ်။

မေး ။ ။ ကိုဗစ် ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေကိုလည်း ရှင်းလင်း ပြောကြားပေးပါ။

ဖြေ ။ ။ ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေကတော့ ကိုဗစ်-၁၉ ပထမလှိုင်းမှာ လူဦးရေ ၉၈၁၅၀၊ ဒုတိယလှိုင်းမှာ လူဦးရေ ၈၆၃၂၈ ဦး ထိုးနှံပေးနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ဆီနိုဖမ်းကို ပထမအကြိမ် ၃၃၉၉ ဦး ထိုးနှံပေးထားပါတယ်။ မနက်ဖြန်မှာလည်း ဆက်လက်ထိုးနှံပေးဖို့ ဆောင်ရွက်နေပါတယ်။

မေး ။ ။ ကိုဗစ် – ၁၉ လူနာတွေ ကုသပေးရာမှာ အောက်ဆီဂျင် ရရှိရေး ဆောင်ရွက်ထားရှိမှုကိုလည်း သိပါရစေ။

ဖြေ ။ ။ လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှာ Oxygen Plant တစ်လုံးတပ်ဆင်လျက်ရှိပြီး အဲဒီ Oxygen Plant ကနေ ပိုးတွေ့လူနာတွေရဲ့ အောက်ဆီဂျင် လိုအပ်ချက်ကို ဆောင်ရွက် ပေးနိုင်မှာဖြစ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနဲ့ ပေါင်းစပ်ခြင်း၊ တိုင်းစစ်ဌာနချုပ်နဲ့ ပေါင်းစပ်ခြင်းများဖြင့်လည်း အောက်ဆီဂျင် ရရှိရေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အခုအချိန်ထိတော့ အောက်ဆီဂျင် ပြတ်လပ်မှုမရှိသေးပါဘူး။ ဆေးရုံရှိ လူနာ ၆၀ ကိုလည်း အောက်ဆီဂျင် လုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ပြင်ဦးလွင်မြို့ အောက်ဆီဂျင်စက်ရုံတွေကနေလည်း ရယူလျက်ရှိပါတယ်။

မေး ။ ။ အခြားဖြည့်စွက် ပြောကြားလိုတာများ ရှိပါက ပြောကြားပေးပါ။

ဖြေ ။ ။ ကျွန်တော်တို့အနေနဲ့ ပုံမှန်လုပ်ငန်းတွေဖြစ်တဲ့ မိခင်နဲ့ကလေးစောင့်ရှောက်ရေးလုပ်ငန်း၊ ကိုယ်ဝန်ဆောင်သည် စောင့်ရှောက်ရေးလုပ်ငန်းတွေအပြင် ကိုဗစ်-၁၉ ကုသရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားလိုပါတယ်။

**မြို့နယ် (ပြန် / ဆက်)**

**လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးမှာ Oxygen Plant တစ်လုံး တပ်ဆင်လျက်ရှိပြီး အဲဒီ Oxygen Plant ကနေ ပိုးတွေ့လူနာတွေရဲ့ အောက်ဆီဂျင်လိုအပ်ချက်ကို ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနဲ့ ပေါင်းစပ်ခြင်း၊ တိုင်းစစ်ဌာနချုပ်နဲ့ ပေါင်းစပ်ခြင်းများဖြင့်လည်း အောက်ဆီဂျင် ရရှိရေး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်**

# တောင်ဇလပ်မြေအတွက် ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ဆောင်ရွက်ချက်များ

ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

**တိုင်းပြည်တစ်ခု (သို့) ပြည်နယ်/တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်စည်ပင်ဝပြောရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အရေးအပါဆုံးသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ ဤကဏ္ဍ ဆောလျင်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့အပြင် နယ်စပ်ဒေသများတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဆောင်ရွက်ပေးလျက်ရှိကြရာ ချင်းပြည်နယ်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။**

ချင်းပြည်နယ်သည် တောင်ကုန်းတောင်တန်းများ လွှန်စွာထူထပ်ပြီး ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှုအရ ထိုတောင်တန်းများပေါ်တွင် ပြန့်ကျဲ၍ နေထိုင်လေ့ရှိကြပါသည်။ မြို့ပေါ်နေထိုင်သူဦးရေ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကျေးလက်ဒေသတွင် နေထိုင်သူဦးရေ ၇၀ ရာခိုင်နှုန်းခန့် ရှိကြပါသည်။ ကျေးလက်နေပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက် ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို ၂၀၁၇ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤသို့ဖွဲ့စည်းမှုမတိုင်ခင် ယခင်က ချင်းပြည်နယ်အတွင်း ကျေးလက်လမ်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့က နယ်မြေဒေသပိုင်းခြား၍ ဆောင်ရွက်ခဲ့ကြရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်ခဲ့သည့် လမ်းများကို လွှဲပြောင်းရယူ၍ ဆောင်ရွက်ခဲ့ပါသည်။

ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လက်ရှိတွင် ဟားခါးခရိုင်၊ ဖလမ်းခရိုင်၊ မင်းတပ်ခရိုင်ဟူ၍ ခရိုင်သုံးခုနှင့် မြို့နယ်ကိုးမြို့နယ်ရှိပြီး မကြာမီ မတူပီခရိုင်ဟူ၍ တိုးချဲ့ဖွဲ့စည်းသွားရန် ရှိပါသည်။



ဖလမ်းခရိုင် တီးတိန်မြို့နယ်ရှိ လဲင်နူးပါး(ခေါ်) ဘွလ်နဲလ်(ခေါ်) ရှုခင်းသာတောင်အား တွေ့ရစဉ်။

ချင်းပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ချင်းပြည်နယ်အတွင်း နေထိုင်ကြသော ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်အတွက် ဆိုင်ကယ်လမ်းသာရှိသော အခြေအနေမှ ကားလမ်းအဖြစ်လည်းကောင်း၊ မြေသားလမ်းအခြေအနေမှ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်းအဖြစ်သို့ လည်းကောင်း၊ ဒေသဆောက် ဝါးတံတား၊ သစ်သားတံတား၊ ကြိုးတံတားများအား သဘာဝဘေးဒဏ်ခံနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ်သို့ လည်းကောင်း ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

**အဆင့်မြှင့်တင်ဆောင်ရွက်မှုအခြေအနေ**

ကျေးလက်နှင့် မြို့ပြလူနေမှုဘဝ ကွာဟမှုနည်းပြီး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများကို အဆင့်မြှင့်ရာတွင် ချင်းပြည်နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကတ္တရာလမ်း (၅၀/၆)မိုင်၊ ကွန်ကရစ်လမ်း (၁/၀)မိုင်၊ ကျောက်လမ်း(၁၆၈/၄) မိုင်၊ ဆိုင်ကယ်လမ်း (၁၅၇၃/၃)မိုင်၊ ရှစ်ပေနှင့်အထက် မြေသားလမ်း (၂၉၄၇/၃)မိုင်တို့ကို ချင်းပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ ကွန်ကရစ်လမ်း (၀/၁.၂၈၈)မိုင်၊ ကတ္တရာလမ်း(၂၉/၀)မိုင်၊ ကျောက်ချောလမ်း (၁၁၂/၃)မိုင်၊ မြေသားလမ်းသစ်(၄၁၄/၄)မိုင်နှင့် လမ်းတာချဲ့ (၆၂၁/၃)မိုင်တို့ကို ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ကြိုးပမ်းပေးနိုင်ခဲ့ပါသည်။

ထို့အတူ ကျေးလက်တံတားများ အနေဖြင့် ကွန်ကရစ်တံတား ၃၃ စင်း၊ သစ်သား/ကြိုးတံတား ၁၀ စင်း၊ ဘေလီတံတားတစ်စင်း၊ Box Culvert ၅၄၁ စင်း စုစုပေါင်း ၅၈၅ စင်းတို့ကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

**ချင်းပြည်နယ်တောင်ပိုင်းတွင် ဖောက်လုပ်ပေးနိုင်ခဲ့သောလမ်းများ အနက် အရေးပါသည့်လမ်းများ**

ကန်ပက်လက်မြို့နယ်တွင် ကျင်ဒွေး-ဖုန်းတွီကျင်း-ရှင်ဘောင်-မြောင်-ရန်စဲ-ခါနန်း-မကြာအိမ်နူး လမ်း(၄၄/၀)မိုင်ကို ဖောက်လုပ်ခဲ့ပြီး ဆက်လက်၍ ကန်ပက်လက်မြို့နယ် မကြာအိမ်နူးမှ မင်းတပ်မြို့နယ် မကွီအိမ်နူးလမ်း (၉/၀)မိုင်သည်လည်း ဖောက်လုပ်ပြီးဖြစ်၍ မြို့နယ်ချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်သဖြင့် ကန်ပက်လက်မြို့နယ်မှ မင်းတပ်မြို့နယ်သို့ ကျေးလက်လမ်းကွန်ရက်ကို အသုံးပြု၍ လွယ်ကူစွာ ကူးလူးသွားလာနိုင်ပြီ ဖြစ်ပါသည်။ ထို့အပြင် မင်းတပ်မြို့နယ် မင်းတပ်-မတူပီလမ်း ၁၆ မိုင်လမ်းခွဲမှ ပန်းစခန်း-ကင်းလို-မထားအိမ်နူး-မကွီအိမ်နူးလမ်း (၅၇/၀) မိုင်နှင့် မတူပီမြို့နယ် မတူပီ-ပလက်ဝလမ်း (၉)မိုင်လမ်းခွဲမှ အမ်ဆွေး-မားဒူ-ဝေလူးလမ်း (၂၆/၄)မိုင် တို့ကိုလည်း ဖောက်လုပ်ပေးထားပြီး ယင်းမှ ပလက်ဝမြို့နယ် ထိန်ခေါင်း-လုံဒူး-ကန်ပက်လက်မြို့နယ် မကြာအိမ်နူးတို့နှင့် ချိတ်ဆက်ကာ လေးမြို့နယ်ချင်းဆက်လမ်းအဖြစ် အသုံးပြုနိုင်ပါသည်။ ပလက်ဝမြို့နယ်တွင် ဆမီး-ဘားဝ-ဝါတိန်-ဒရယ်ချောင်း-ဆောင်ဝ-ဝါတဲ-ဟာထုန်ကုန်းလမ်း (၃၀/၂)မိုင်သည် ဆမီးမြို့ မြောက်ဘက်ဒေသရှိ ကျေးရွာများအား အဓိကချိတ်ဆက်သည့်လမ်းဖြစ်ပြီး ကျေးရွာ ၈၁ ရွာ၊ အိမ်ခြေ ၃၃၄၃ အိမ်နှင့်၊ လူဦးရေ ၁၇၁၂၀ တို့ကို အကျိုးပြုမည်ဖြစ်ပါသည်။

*စာမျက်နှာ ၂၃ သို့*

■ **ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်း အပေါ် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းအဖြစ် အသုံးပြုနိုင်ရန် ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**



ဟားခါးခရိုင် ထန်တလန်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ဟရိခန်း-သီကိရ်-မွှန်ဟာရ်-ဘုန်တလန် ကျေးလက်ကတ္တရာလမ်းအား တွေ့ရစဉ်။

*စာမျက်နှာ ၂၂ မှ*

**ချင်းပြည်နယ်မြောက်ပိုင်းတွင် ဖောက်လုပ်ပေးနိုင်ခဲ့သော လမ်းများအနက် အရေးပါသည့်လမ်းများ**

ဟားခါးမြို့နယ်တွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဟားခါး-အိုင်ဗဲ-ဗန်ဟား-ရွှန်း-တောင်ခရမ်းလမ်းသည် (၅၃/၀) မိုင်ရှိပြီး ဟားခါးမြို့နယ်နှင့် ဂန့်ဂေါမြို့နယ် တောင်ခရမ်းသို့ ဆက်သွယ်ထားသော မြို့နယ်ချင်းဆက်ကျေးလက်လမ်းဖြစ်ပါသည်။ ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေပေါင်း ၄၇၂ အိမ်၊ လူဦးရေပေါင်း ၂၁၂၅ ဦးတို့ကို အကျိုးပြုလျက်ရှိသည်။

ထန်တလန်မြို့နယ်တွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဟရိန်ခန်း-သီကိရ်-မွှန်ဟာရ်- ဘုန်တလန်လမ်းသည် (၃၃/၀)မိုင်ရှည်ပြီး အိန္ဒိယနယ်စပ်ဂိတ်ဖွင့်လှစ်ရန်လျာထားသည့် ဆာဆီချောက်နှင့် ဆက်စပ်လျက်ရှိသော လမ်းဖြစ်ပါသည်။ ကျေးရွာပေါင်း ၁၀ ရွာ၊ အိမ်ခြေပေါင်း ၈၂၆ အိမ်၊ လူဦးရေပေါင်း ၄၂၀၄ ဦးတို့ကို အကျိုးပြုလျက်ရှိသည်။

ဖလမ်းမြို့နယ်တွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဆအက်-သီးကျိုရ်-မွှန်လွှ-ကြော့သဲ- လျှန်နှာ- ရိဒ်လမ်း (၂၁/၆) မိုင်သည် လဲင်နူးပါး(ခေါ်)ဘွလ် နဲလ်(ခေါ်) ရှုခင်းသာတောင်ရှိသည့် လမ်းဖြစ်ပြီး မွှန်လွှရွာမှ (၅/၀) မိုင် အကွာတွင် တည်ရှိပါသည်။ မွှန်လွှရွာမှ (၄/၀) မိုင်အထိ ၁၈ ပေအကျယ် ကားလမ်းဖောက်လုပ်ပြီး (၁/၀) မိုင်သည် သစ်တောမပြုန်းတီးရန်နှင့် ခရီးသွားပြည်သူများ သဘာဝရှုခင်းခံစားရင်း လမ်းလျှောက်တက်နိုင်ရန် သဘာဝလမ်းအဖြစ် ချန်လှပ်ထားခြင်းဖြစ်ပါသည်။ ဤလမ်းမကြီး ဝန်းကျင်ရှိကျေးရွာများမှ စိုက်ပျိုးရေးထွက်ကုန်များအား ရိဒ်မြို့မှတစ်ဆင့် အိန္ဒိယနိုင်ငံ ကျန်ဖိုင်းသို့ ရောင်းဝယ်ဖောက်ကားနိုင်သကဲ့သို့ အိန္ဒိယဘက်ရှိ ကျန်ဖိုင်း၊ အိုက်ဇောလ်းအရပ်ဒေသမှ ခရီးသွားများလည်း လဲင်နူးပါးရှုခင်းသာသို့ လာရောက်လည်ပတ်ရန် အထူးစိတ်ဝင်စားသော နေရာဒေသဖြစ်ကြောင်း သိရှိရပါသည်။ လဲင်နူးပါး (ခေါ်) ဘွလ်နဲလ် (ခေါ်) ရှုခင်းသာတောင်သည် တောင်ကုန်းငယ်လေးများစွာရှိပြီး စမ်းချောင်းငယ်လေးများ၊ အကွေ့အကောက်ဖြင့် စီးဆင်းပြီး ရာသီအလိုက် သဘာဝပန်းမျိုးစုံ ဖူးပွင့်ကြပါသည်။ သဘာဝသစ်ပင်ကြီးများ၊ တောင်ဇလပ်၊ ချယ်ရီ၊ သစ်ခွမျိုးစုံဖူးပွင့်ပြီး အလွန်သာယာလှပသောနေရာ ဖြစ်ပါသည်။ ထို့အပြင် တောကောင်များဖြစ်သော သမင်၊ တောဝက်၊ ချေ၊ တောကြက်များလည်း ကျက်စားသောနေရာဖြစ်ပြီး အလွန်သာယာလှပသည့် အထင်ကရနေရာတစ်ခုလည်း ဖြစ်သည့်အတွက် ယင်းဒေသသို့ နှစ်စဉ်နိုဝင်ဘာလမှ ဇွန်လအထိ ခရီးသွားပြည်သူများ လေ့လာရေးနှင့် အပန်းဖြေအနားယူသူများ အဆက်မပြတ်သွားလာသော လှပသောနေရာတစ်ခု ဖြစ်ပါသည်။ ကျေးရွာပေါင်း ရှစ်ရွာ၊ အိမ်ခြေပေါင်း ၃၂၇ အိမ်၊ လူဦးရေပေါင်း ၁၅၅၄ ဦးတို့ကို အကျိုးပြုလျက်ရှိပါသည်။

တီးတိန်မြို့နယ်တွင် ဆောင်ရွက်ပေးလျက်ရှိသည့် ဇောင်ကောင်-လေးဒွဲ-မွှာလ်ဘင်းလမ်းသည် (၂၆/၀)မိုင်ရှိပြီး ယင်းလမ်းသည် နယ်ချဲ့ဗြိတိသျှတို့အား ချင်းအမျိုးသားတို့၏ ခုခံတွန်းလှန်သည့် ရှာလုံခံတပ်ရှိသည့်လမ်း ဖြစ်သည်။ ကျေးရွာပေါင်းကိုးရွာ၊ အိမ်ခြေပေါင်း ၉၈၂ အိမ်၊ လူဦးရေ ၇၂၁၇ ဦးတို့ကို အကျိုးပြုလျက်ရှိသည်။

တွန်းဇံမြို့နယ်တွင် ဆောင်ရွက်ပေးလျက်ရှိသည့် တွန်းဇံ-ကျီခါးလမ်းခွဲမှ ဇမ်းပီး-လွှောင်အဲလ်-တွီးမန်-ဗိုင်ဗက်-လိန်ထုတ်-ဟိုင်ကျင်းလမ်း(၃၆/၄)မိုင်ရှိပြီး ကျေးရွာပေါင်း ၂၅ ရွာ၊ အိမ်ခြေပေါင်း ၁၅၇၃ အိမ်၊ လူဦးရေပေါင်း ၁၀၀၀၁ ဦးတို့ကို အကျိုးပြုလျက်ရှိသည်။



ဖလမ်းခရိုင် ဖလမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် ဆအက်- သီးကျိုရ်-မွှန်လွှ-ကြော့သဲ- လျှန်နှာ-ရိဒ် ကျေးလက်ကျောက်ခင်းလမ်းကို တွေ့ရစဉ်။

**ချင်းပြည်နယ်တောင်ပိုင်းတွင် တည်ဆောက်ပေးနိုင်ခဲ့သောတံတားများအနက် အရေးပါသည့် တံတားများ**

ချင်းပြည်နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသည့် အဓိက မြစ်၊ ချောင်းများမှာ တောင်ပိုင်းတွင် မုန်းချောင်း၊ မြစ်သာမြစ်တို့ဖြစ်ပြီး မြောက်ပိုင်းတွင် မဏိပူရ်မြစ်၊ ဘွေနူးမြစ်၊ တီအိုချောင်း၊ ပလာတာချောင်း၊ မုန်လုံချောင်းတို့ဖြစ်ကြပြီး ယင်းမြစ်ချောင်းတို့နေရာတွင် လမ်းပန်းဆက်သွယ်ရေး ဟန့်တားမှုကို ဒေသခံပြည်သူများ ကျော်လွှားနိုင်စေရန် အတွက် မြစ်ကူး၊ ချောင်းကူးတံတားများလည်း တည်ဆောက်ပေးလျက်ရှိပါသည်။

မင်းတပ်မြို့နယ်တွင် အုံ နှင့် ကင်းလိုကြား (မုန်းချောင်း) ကွန်ကရစ်တံတား ပေ ၂၆၀ အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည် ဖြစ်သည်။

ဒုတိယတစ်စင်းသည် ကန်ပက်လက်မြို့နယ် ကျင်ဒွေး-ဖုန်တွီကျင်းကြား (မုန်းချောင်း) ချောင်းကူးကွန်ကရစ်တံတား ပေ ၃၅၀ ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

တတိယတစ်စင်းသည်လည်း မရှိ-ချောင်းရိုင်းကြား(မုန်းချောင်း) ချောင်းကူးကွန်ကရစ်တံတား ပေ ၃၉၀ ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။ ယင်းတံတားသည် ကန်ပက်လက်- ဆမီး- ပလက်ဝလမ်းပေါ်ရှိ တံတားဖြစ်ပါသည်။

မတူပီမြို့နယ် တိန်ဆီး-ရေဆော-ထယ်ဆီး- စန်စက်- ခွါဘွေ- ဒါရ်ကြုံး-ရမ်စီးလမ်းပေါ်ရှိ (ဒါရ်ကြုံးနှင့်ရမ်စီးကြား) မြစ်သာကွန်ကရစ်တံတား ပေ ၂၄၀ ဖြစ်ကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည် ဖြစ်ပါသည်။ မတူပီမြို့နယ်နှင့် ဂန့်ဂေါမြို့နယ်တို့ကို ချိတ်ဆက်ပေးနိုင်သည့် တံတားဖြစ်ပါသည်။

အဆိုပါတံတားများ တည်ဆောက်ပြီးစီးသွားမည်ဆိုပါက ကန်ပက်လက်မြို့နယ်နှင့် မင်းတပ်မြို့နယ်ရှိ ပြည်သူများသာမက မတူပီမြို့နယ်နှင့် ပလက်ဝမြို့နယ်ရှိ ပြည်သူများပါ လူမှုစီးပွားဘဝများ များစွာဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပါသည်။

**ချင်းပြည်နယ်မြောက်ပိုင်းတွင် တည်ဆောက်ပေးနိုင်ခဲ့သောတံတားများအနက် အရေးပါသည့် တံတားများ**

ဟားခါးမြို့နယ် လောက်လုံ-လီချားကြား ဘွေနူးမြစ်ကူး ကွန်ကရစ်တံတား ပေ ၁၇၀ အား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးနိုင်ခဲ့ပါသည်။

တီးတိန်မြို့နယ် တီးတိန်-သိုင်းငင်းလမ်း ၂၅ ကီလိုမီတာ-၂၆ ကီလိုမီတာမှ တွီးဆောက်-တွီးဖျဲလ်း- ဆွောင်းဒွဲ-ဒေါ်လွင်-မွှာလ်ဇန်-ထန်ဆန်-မွှာလ်နွမ်း (ဒီ)လမ်း ဇိုဇန်အဝင်ရှိ ပလာတာချောင်းကူးကွန်ကရစ်တံတား ပေ ၃၆၀ သည်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ပေးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက်ပေးသွားမည် ဖြစ်သည်။ ယင်းတံတားသည် တီးတိန်မြို့နယ်နှင့် ကလေးမြို့နယ်ကို ဆက်သွယ်ပေးမည့် တံတားဖြစ်သည်။

တွန်းဇံမြို့နယ် တွန်းဇံ-ဖိုင်တူ-လုံတပ်-တွီးခိန်ဇန်-ရာဇဖြိုဟ်လမ်း မုန်လုံချောင်းကူး ကွန်ကရစ်တံတား ပေ ၄၂၀ သည်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ပေးနိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အပြီးတည်ဆောက် ပေးသွားမည် ဖြစ်သည်။ ယင်းတံတားသည် တွန်းဇံမြို့နယ်နှင့် ကလေးမြို့နယ်ကို ဆက်သွယ်ပေးမည့်တံတားဖြစ်သည်။

ချင်းပြည်နယ်အတွင်းရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နယ်နိမိတ်တွင် ပါဝင်သော စုစုပေါင်းကျေးရွာ ၇၈၄ ရွာရှိသည့်အနက် လက်ရှိတွင် ကျေးရွာ ၆၅ ရွာသည် ရာသီမရွေးသွားလာနိုင်ပြီး ကျေးရွာ ၇၁၉ ရွာသည် ခြောက်သွေ့ရာသီ၌သာ သွားလာနိုင်ပါသည်။ ထိုအခြေအနေကိုကျော်လွှန်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ မဟာဗျူဟာရည်မှန်းချက်ဖြစ်သော ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံတွင်းရှိ ကျေးလက်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းအပေါ် ရာသီမရွေး သွားလာနိုင်သော ကျေးလက်လမ်းအဖြစ် အသုံးပြုနိုင်ရန် ချင်းပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြလိုက်ပါသည်။ ။



ဟားခါးခရိုင် ဟားခါးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်သည့် လောက်လုံ-လီချားလမ်းပေါ်ရှိ ဘွေနူးဗားမြစ်ကူး ကွန်ကရစ်တံတားကို တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး၊ ဆေးရုံနှင့် စင်တာများ၊ ပရဟိတအဖွဲ့များအား အောက်ဆီဂျင်ထောက်ပံ့ပေးရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရေး၊ ဆေးရုံနှင့် စင်တာများ၊ ပရဟိတအဖွဲ့များအား အောက်ဆီဂျင်ထောက်ပံ့ပေးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ထွန်းမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တက်ရောက်လာကြသူများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါများ ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရေး၊ ဆေးရုံနှင့် စင်တာများ၊ ပရဟိတအဖွဲ့များအား အောက်ဆီဂျင်ထောက်ပံ့ပေးရေးနှင့် အခြားလိုအပ်ချက်များ ကူညီထောက်ပံ့ပေးနိုင်ရေး၊ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရေးအတွက် ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ ဖြန့်ဝေလှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါခံတ်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)သို့ အောက်ဆီဂျင်အိုး ၅၀ ကို နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၁၅ လုံး၊ အောက်ဆီဂျင် Regulator ငါးလုံး၊ တန့်ယန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့သို့ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ငါးလုံး၊ တပ်မတော်ဆေးရုံ (ခုတင်-၂၅) သို့ အောက်ဆီဂျင် လီတာ ၄၀ ဆံ့ ၁၀ လုံးတို့ကို နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များက လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး လီတာ ၄၀ ဆံ့ အလုံး ၂၀၀ ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများကလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုး ၅၀ ကို တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လည်းကောင်း သွားရောက်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

**သတင်းစဉ်**



## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၆**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျောင်းသစ်ကျောင်းတိုက်**(အပေါ်ပုံ)**၊ ပျဉ်းမနားမြို့နယ်ရှိ အုန်းတောကျောင်းတိုက်၊ လယ်ဝေးမြို့နယ်ရှိ ထန်းတစ်ပင်ကျောင်းတိုက်၊ ညောင်ကုန်းကျောင်းတိုက်နှင့် ဥတ္တရသီရိ မြို့နယ်ရှိ ရာဇဌာနီသာမဏေကျော်ကျောင်းတိုက်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်၊ သိန်းနီမြို့နယ် ကျောင်းခမ်းကျေးရွာရှိ ကျောင်းခမ်းပရိယတ္တိစာသင်တိုက်နှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မဟာနန္ဒိသေနာရာမကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များကို ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ ဆေးပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂၆**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည်ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ၂၆-၇-၂၀၂၁ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကုမ္ပဏီ ၈၀ မှ Oxygen Generator / Oxygen Concentrator ၃၁၈၂ ခု၊ Oximeter ၂၃၅၅၇ ခု၊ Oxygen Regulator ၁၀၃၂၊ Thermometer ၁၀၂၀၊ Test Kit ၅၀၀၀၊ Remdesivir For Injection 100 mg ၁၀၃၂ ခု၊ Favipiravir Tablets ၆၀၀၀၊ Flow Meter ၅၀၊ PPE ၅၂၄၀၊ Oxygen Mask ၅၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ ကိုဗစ်-၁၉ ကာကွယ်ကုသဆေးနှင့် အခြားဆေးမျိုးစုံ ငါးမျိုး ၅၂၂၇၈.၂၉ kg၊ နယ်စပ် (မူဆယ်၊ ချင်းရွှေဟော်၊ ကော့သောင်း၊ မြဝတီ၊ တာချီလိတ်) တွင် ကုမ္ပဏီ ၃၁ ခုမှ Disposable Surgical Mask ၁၇၈၃၈ kg၊ Liquid Oxygen / Oxygen Gas ၁၅၄၀၀.၈၈ $m^3$၊ Oxygen Cylinder ၂၃၁၆ ခု၊ Oxygen Concentrator ၁၀၂၁ ခု၊ Flow Meter ၁၅၆၀၊ Oxygen Regulator ၈၀၃ ခု၊ Oximeter ၃၁၀၊ PPE ၄၀၀၀ တို့အား ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြုပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ ည ၇ နာရီအထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၁၉ ဦးနှင့် အမျိုးသမီး ၉၀ စုစုပေါင်း ၂၀၉ ဦးကိုလည်းကောင်း၊ ဥတ္တရသီရိမြို့နယ်ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၂၀၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၃၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၇၁ ဦးနှင့် အမျိုးသမီး ၁၆၀ စုစုပေါင်း ၃၃၁ ဦးကိုလည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာအမျိုးသား ၄၉ ဦးနှင့် အမျိုးသမီး ၂၂ ဦး စုစုပေါင်း ၇၁ ဦးကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ နယ်မြေခံသင်တန်းကျောင်းနှင့် တပ်နယ်အားကစားခန်းမတို့၌ ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၆ ဦး စုစုပေါင်း ၃၂ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရှိရသည်။

အထက်ပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ကိုဗစ်ကုသရေးစင်တာကို ယနေ့ဖွင့်လှစ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် အဆိုပါကိုဗစ်ကုသရေးစင်တာ၌ လူနာဆောင်များပြင်ဆင်ထားရှိမှု၊ အောက်ဆီဂျင် Plant များ တပ်ဆင်ထားရှိမှု၊ ရေချိုးခန်းများ၊ CCTV Control Room၊ ကျန်းမာရေးဝန်ထမ်းများနှင့် Volunteer များထားရှိရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်ပြီး တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ကုသရေးစင်တာ ပြုလုပ်မည့် (ခုတင်-၃၀၀)ဆံ့ သင်ကြားရေးဆေးရုံသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးကြီးနိုင်မည့် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြီးနိုင်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာ အနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်သည်။

မိုး/ဇလ

## ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများ သတိပြုနေထိုင်ရန်

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေပါသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နေအိမ်များ ရေကြီးနစ်မြုပ်

မော်လမြိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့၍ တောင်ကျရေ စီးဆင်းမှုများကြောင့် မြို့ပေါ်ရပ်ကွက်အချို့၌ ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက နေအိမ်အတွင်းရေဝင်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီး ရေဝင်ရောက်မှုများကြောင့် ဈေးကြိုရပ်ကွက် တောင်ဝိုင်း ဥယျာဉ်လမ်း အိမ်ခြေ ၄၁ လုံး၊ အိမ်ထောင်စု ၁၅၃ စုတို့ကို တောင်ဝိုင်းဓမ္မာရုံနှင့် လှိုင်ရပ်ကွက်အေးသာယာ ခွာညိုလမ်း နေအိမ် ၅၀ မှ ပြည်သူများအား အေးသာယာစာသင်ကျောင်းတို့ ရေဘေးလွတ်ရာများသို့ ပို့ဆောင်ပေးပြီးဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသည့် ရေဘေးသင့်ပြည်သူများအတွက် နေထိုင်ရေးအဆင်ပြေစေရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူများ၊ ပရဟိတကူညီကယ်ဆယ်ရေး အဖွဲ့များနှင့် ရပ်ကွက်တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပေါင်

မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် တောင်ကျရေ စီးဆင်းလာမှုတို့ကြောင့် မွန်ပြည်နယ် ပေါင်မြို့ပေါ်ရပ်ကွက်တချို့ ဇူလိုင် ၂၆ ရက် နံနက်ပိုင်းမှ စတင်ကာ ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

အလားတူ ဇင်းကျိုက်မြို့ ရန်ကုန်- မော်လမြိုင် အဝေးပြေးကားလမ်းပေါ်တွင် ယနေ့ နံနက်၅ နာရီခန့်က ရေအမြင့်တစ်ပေခန့် ကျော်ခဲ့ပြီး လက်ရှိတွင် ရေအနည်းငယ် ကျန်ရှိနေသေးသဖြင့် ယာဉ်သွားလာမှု လွယ်ကူစေရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

လက်ရှိတွင် ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကရင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေ ကျဆင်းမှုများကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၆



ကရင်ပြည်နယ်အတွင်း ဇူလိုင် ၂၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ ကျဆင်းလာမှုကြောင့် မြို့နယ်အချို့တွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး အများပြည်သူအသုံးပြုသော ကားလမ်းများနှင့် ကျေးရွာအဝင်များတွင် ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာများက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးလျက်ရှိသည်။ (ယာပုံ)

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ဇမိမြစ်ရေနှင့် ဟောင်သရောမြစ်ရေ မြင့်တက်လာမှုကြောင့် ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၆) ရပ်ကွက်မှ အိမ်ထောင်စု ၂၇ စု လူဦးရေ ၁၀၇ ဦးကို Cyclone Shelter သို့ လည်းကောင်း၊ အိမ်ထောင်စု ၁၈ စု လူဦးရေ ၇၈ ဦးကို ဘိုတဲကုန်း အဆောက်အအုံသို့လည်းကောင်း၊ အိမ်ထောင်စု ၉၇ စု လူဦးရေ ၃၇၃ ဦးကို ၎င်းတို့၏ ဆွေမျိုးများအိမ်သို့ လည်းကောင်း၊ အမှတ် (၂) ရပ်ကွက်ရှိ အိမ်ထောင်စု ခြောက်စု လူဦးရေ ၃၅ ဦးကို အမှတ် (၄) အခြေခံပညာမူလတန်းကျောင်းသို့လည်းကောင်း၊ အမှတ် (၅) ရပ်ကွက်ရှိ အိမ်ထောင်စု ခြောက်စု လူဦးရေ ၂၃ ဦးကို ၎င်းတို့၏ ဆွေမျိုးများအိမ်သို့လည်းကောင်း၊ ကျိုက်ဒုံမြို့ အမှတ်(၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၃၉ စု လူဦးရေ ၁၂၁ ဦးတို့ကို တိဿရာမ တောင်ပေါ် ကျောင်းတိုက်သို့ လည်းကောင်း၊ ဘုရားသုံးဆူမြို့နယ် ချောင်းဆုံကျေးရွာရှိ အိမ်ထောင်စု ၃၆ စု လူဦးရေ ၁၃၃ ဦးတို့ကို အခြေခံပညာအလယ်တန်းကျောင်းခွဲ (ချောင်းဆုံ) သို့ လည်းကောင်း အသီးသီး ပြောင်းရွှေ့နေရာချထားပေးပြီး ဆန်၊ ဆီ၊ ပဲနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း နီးပဒေါင်းချောင်း တောင်ကျရေ ရေလျှံမှုကြောင့် နီးပဒါးကျေးရွာအနီး သံဖြူဇရပ်- မုဒုံသွား ကားလမ်းမကြီး၌ ရေကျော်ဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ မော်တော်ယာဉ်များ သွားလာမှု အဆင်ပြေစေရေးအတွက် နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဝန်းသိုမြို့နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ မိုးစပါးစိုက်ကေ ၁၀၀၀ ကျော် ရေကြီးနစ်မြုပ်

ဝန်းသို ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် အထက်ပိုင်းဒေသများတွင် ဇူလိုင် ၂၅ ရက် ညက မိုးများစွာ ရွာသွန်းမှုကြောင့် ဒေါင်းမြူးချောင်း ရေကြီးရေလျှံမှုဖြစ်ပေါ်၍ မိုးစပါးစိုက်ကေ ၁၀၀၀ ကျော် ရေကြီးနစ်မြုပ်ကြောင်း သိရသည်။

“ဝန်းသိုမြို့နယ် ဒေါင်းမြူးချောင်းရေ များနေတဲ့အတွက် ဇူလိုင် ၂၆ ရက် နံနက် ၈ နာရီလောက်ကစပြီး မကျည်းကုန်း၊ ဇီးဖြူပင်၊ ဝွေ့ကြီး၊ ချယာကုန်း၊ လက်ပံကြီးတော၊ အုပ်ဖို၊ သရက်အိုက်၊ ရှမ်းစု၊ စိန်လည်၊ သပြေသာ၊ အောင်းကုန်း စသည့်ကျေးရွာများတွင် မိုးစပါးစိုက်ပျိုးထားသောလယ်ကေ ၁၀၀၀ ကျော် ရေကြီးနစ်မြုပ်ခဲ့ပါတယ်၊ စပါးပင်တွေက စိုက်ပျိုးပြီးခါစဆိုတော့ ရေနစ်ဒဏ်တော့ နည်းနည်းခံရမယ်။ ဒီနေ့ မနက်ပိုင်းကတည်းက နစ်မြုပ်နေတဲ့အတွက် ပျက်စီးမယ်၊ မပျက်စီးဘူးဆိုတာကတော့ ရေနစ်မြုပ်နေပြီး မိုးဆက်လက်ရွာမယ်ဆိုရင် ရေကမကျတော့တဲ့အတွက် ပျက်စီးဖို့ များပါတယ်။

မိုးဆက်မရွာဘဲ ညနေလောက် ကျသွားရင်တော့ အနိမ့်ပိုင်းလယ်ကေများသာ ပျက်စီးနိုင်ပါတယ်” ဟု အုပ်ဖိုကျေးရွာမှ ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။



ရေကြီး၊ ရေလျှံမှုကြောင့် ဒေါင်းမြူးချောင်းနံဘေး ကျေးရွာများသို့ ရေဝင်ရောက်ပေမယ့် လူနှင့် တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း ဒေသခံတစ်ဦး၏ ပြောပြချက်အရ သိရသည်။

မြင့်ထွန်းမင်း (ကောလင်း)

## ပင်လည်ဘူးမြို့နယ် မံစီလေးကျေးရွာအနီးရှိ တယောချောင်းကူးတံတား မိုးများသဖြင့် ရေထဲမျောပါ

ပင်လည်ဘူး ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်တွင် ဇူလိုင် ၂၅ ရက် ညက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပင်လည်ဘူးမြို့နယ်နှင့် ဗန်းမောက်မြို့နယ်သွား ကားလမ်း မံစီလေးကျေးရွာအနီးရှိ လူနှင့် ဆိုင်ကယ်များသာ သွားလာနိုင်သည့် တယောချောင်းကူးတံတား အရှည်ပေ ၁၈၀၊ အကျယ် ၅ ပေရှိ သစ်သားတံတားသည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ရေကြီးရေတိုက်စားသဖြင့် မျောပါခဲ့ရာ ယခုအခါ လမ်းပန်းဆက်သွယ်ရေး ယာယီပြတ်တောက်လျက်ရှိသည်။ အဆိုပါ တယောချောင်းမှာ တောင်ကျချောင်းဖြစ်သည့်အတွက် မကြာမီရေများ ပြန်လည်ကျဆင်းမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ လှအောင်(ကသာ)



# လှိုင်းဘွဲ၊ ပြင်ဦးလွင်၊ ရပ်စောက်နှင့် ကွမ်းလုံမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၆**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၅ ရက် ညနေ ၃ နာရီခွဲတွင် လှိုင်းဘွဲမြို့နယ် ထီလုံကျေးရွာအုပ်စု ထီလုံကျေးရွာ အောင်သုခလမ်းနှင့် ကုန်ထုတ်လမ်းထောင့်ရှိ ကိုရခိုင် (ခ) ကျော်လွင်ဦး၏ နေအိမ်ကို ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ ဇနီးဖြစ်သူ မသန်းသန်းဌေး ကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၄၂၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ် (၁၅) ရပ်ကွက်ကြီး မြို့ရှောင်လမ်း ဖောင်းတောကျေးရွာအနီးတွင် အောင်မိုး မောင်းနှင်ပြီး မအိချိုထွေး လိုက်ပါသည့် WISH အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ



စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား အကြွေမှုန့် ၀ ဒသမ ၇၂ ကီလိုကိုလည်းကောင်း၊ **(အပေါ်ပုံ)** ထို့အတူ ဇူလိုင် ၂၄ ရက် ညနေ ၃ နာရီခွဲတွင် ရပ်စောက်မြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ပင်ဖြစ်–ဝါးပြားသွားကားလမ်း ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု မြေနီကုန်းကျေးရွာ တံတားအနီးတွင် ဇင်သူမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွမ်းလုံမြို့နယ် ပြိန်းရဲကျေးရွာအုပ်စု တုံကျက်ကျေးရွာအနီးတွင် ကွမ်စိန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၂၂ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အိတ်ဖွင့်တင်ဒါအမှတ်စဉ် ၃/၂၀၂၁ ဖြင့် တင်ဒါခေါ်ယူခြင်းအတွက် တင်ဒါဖွင့်လှစ်မည့်ရက် ပြင်ဆင်သတ်မှတ်ခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်း ဦးစီးဌာနမှ ကတ်သုတ်ကြေးနီ( ၅၀၀၈.၅၇၄) မက်ထရစ်တန် (21)Lot အား အမေရိကန်ဒေါ်လာဖြင့် ရောင်းချလိုကြောင်းကို နိုင်ငံပိုင်သတင်းစာများတွင်ထည့်သွင်း၍ ၂၁-၇-၂၀၂၁ရက်၌ အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည်ဖြစ်ကြောင်း ကြော်ငြာထည့်သွင်းခဲ့ပါသည်။ သို့ရာတွင် ၂၁-၇-၂၀၂၁ရက်သည် အများပြည်သူ အလုပ်ပိတ်ရက်များတွင်ပါဝင်ခဲ့သဖြင့် တင်ဒါဖွင့်လှစ်မည့်ရက်အား ၃၀-၇-၂၀၂၁ရက်သို့ ရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ကြောင်းကို ၁၆-၇-၂၀၂၁ ရက် မှ ၁၈-၇-၂၀၂၁ရက်အထိ နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံအသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ တင်ဒါဖွင့်လှစ်မည့် ၃၀-၇-၂၀၂၁ရက်သည် တိုးမြှင့်သတ်မှတ်ထားသော အများပြည်သူ အလုပ်ပိတ်ရက်များတွင် ပါဝင်နေပါသဖြင့် တင်ဒါဖွင့်လှစ်ခြင်းကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ရွှေ့ဆိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်–

(က) **တင်ဒါပိတ်မည့်ရက်နှင့် အချိန်** – ၂၀-၈-၂၀၂၁ရက် (၁၄:၀၀)နာရီ

(ခ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** – ၂၀-၈-၂၀၂၁ရက်( ၁၅:၀၀)နာရီ

၃။ အသေးစိတ် သိရှိလိုပါက ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ၊ သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ၀၆၇-၃၄၀၉၃၇၈ နှင့် ၀၆၇-၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပခြင်းရှိ မရှိ AFF ဆုံးဖြတ်ပြီးမှသာ မြန်မာအသင်း ပြင်ဆင်မည်

**ရန်ကုန် ဇူလိုင် ၂၆**

အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုနှုန်း မြင့်တက်နေသဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ် (AFF) သည် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပခြင်းရှိ မရှိ ပြန်လည်ဆုံးဖြတ်မည်ဖြစ်ပြီး အတည်ပြုဆုံးဖြတ်ပြီးမှသာ မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ပြင်ဆင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကပ်ရောဂါကြောင့် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် ပြိုင်ပွဲအများစုကို ဖျက်သိမ်းရန် စီစဉ်ထားသော်လည်း အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ကျင်းပနိုင်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။၂၀၂၀ အာဆီယံ ဆူဇူကီး ဖလားပြိုင်ပွဲကို ပုံမှန်အရ ပြီးခဲ့သည့်နှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်း ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်တွင် ပြုလုပ်ရန် စီစဉ်ထားသော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်တက်နေသဖြင့် အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပြိုင်ပွဲကျင်းပရန်အတွက် အဖွဲ့ဝင်နိုင်ငံများနှင့် ပြန်လည်ညှိနှိုင်းလျက်ရှိသည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲပုံစံဖြစ်သည့် ပြိုင်ပွဲဝင်အသင်း တစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ၊ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊အဝေးကွင်းနှစ်ကျော့ကျင်းပရန် ဦးစားပေး စဉ်းစားထားသော်လည်း ကပ်ရောဂါကူးစက်မှု အခြေအနေကြောင့် ပြိုင်ပွဲကျင်းပဖြစ်ပါကလည်း Centralized Venues ပုံစံဖြင့် အိမ်ရှင်တစ်နိုင်ငံသို့မဟုတ် နှစ်နိုင်ငံ ရွေးချယ်၍ ကျင်းပရမည်ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကျင်းပခြင်းရှိမရှိ ဩဂုတ်ပထမပတ်တွင် ဆုံးဖြတ်ဖွယ်ရှိပြီး ပြိုင်ပွဲကျင်းပဖြစ်ပါက အုပ်စုမဲခွဲမည့်ရက်တွင် ပြိုင်ပွဲကျင်းပမည့် ပုံစံကိုပါ အတည်ပြုမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် နှစ်လယ်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး ပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုပြီးမှသာ လေ့ကျင့်မည့်ရက် သတ်မှတ်သွားဖွယ်ရှိနေသည်။ မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား အန်တွမ်နီဟေးကသာ တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ အနည်းဆုံး တစ်လနှင့် နှစ်လဝန်းကျင် အချိန်ယူ ပြင်ဆင်သွားဖွယ်ရှိနေသည်။

**ရဲရင့်လွင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ-ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့
## လေလံကြော်ငြာအမှတ်(၂/၂၀၁၉-၂၀၂၀)

၁။ ယင်းမာပင်ခရိုင်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့သော ကနီမြို့နယ်၊ သစ်တောဦးစီးဌာန၏ပုံစံ(၈)ဝင် နွားထီး ၅၄ ကောင်အား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ယူ ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

(က) **လေလံအစီအစဉ်**

| | | | |
|---|---|---|---|
| (၁) | **နေ့ရက်** | – | ၁၂-၈-၂၀၂၁ ရက်(ကြာသပတေးနေ့) |
| (၂) | **အချိန်** | – | နံနက် (၁၀:၀၀)နာရီ |
| (၃) | **နေရာ** | – | အုပ်ချုပ်ရေးမှူးရုံး၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ယင်းမာပင်မြို့။ |

၂။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် လေလံစည်းကမ်းချက်တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)နှုန်းဖြင့် ၂၂-၇-၂၀၂၁ ရက်မှ ၄-၈-၂၀၂၁ ရက်ထိ ရုံးချိန်အတွင်း ယင်းမာပင်မြို့၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ အုပ်ချုပ်ရေးမှူးရုံးတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန Website www.forestdepartment.gov.mm သို့ ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ အုပ်ချုပ်ရေးမှူးရုံး၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်၊ ယင်းမာပင်မြို့၊ ဖုန်း-၀၉-၇၇၃၄၀၈၆၄၉၊ ၀၉-၂၆၁၃၇၆၂၆၀၊ ၀၉-၇၇၃၅၄၈၇၉၁ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ယင်းမာပင်ခရိုင်**

# ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အသိပေးနှိုးဆော်

**နေပြည်တော် ဇူလိုင် ၂၆**

ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း ဖြစ်ပွားလျက်ရှိပြီး ရောဂါကူးစက်ပြန့်ပွားမှုမှာ နေ့စဉ်မြင့်တက်လျက်ရှိသောကြောင့် ရောဂါကူးစက်မှု မခံရစေရေးအတွက် ယနေ့တွင် နေပြည်တော်ကောင်စီ နယ်မြေနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းတို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက အပြင်ထွက်တိုင်း Mask တပ်ရန်၊ လူစုလူဝေးများ ရှောင်ရှားရန်နှင့် မပြုလုပ်ရန်၊ လက်ကို ဆပ်ပြာနှင့် မကြာခဏ ဆေးကြောခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ကို သန့်စင်ခြင်းများ ပြုလုပ်ကြရန်၊ မလိုအပ်ဘဲ အိမ်အပြင်သို့ သွားရောက်ခြင်း မပြုလုပ်ရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးပန်ကြားချက်များကို တိကျစွာ လိုက်နာရန် စသည့်အသိပေးနှိုးဆော်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် (၃) အဖြစ် အုပ်စု (F) မှ ဘရာဇီးနှင့် ဇမ်ဘီယာ၊ နယ်သာလန်နှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်

တိုကျိုအိုလံပစ်ပြိုင်ပွဲ အမျိုးသမီးဘောလုံးပွဲစဉ် (၃) အဖြစ် ဘရာဇီးအသင်းနှင့် ဇမ်ဘီယာအသင်း၊ နယ်သာလန်အသင်းနှင့် တရုတ်အသင်းတို့ပွဲစဉ်ကို ဇူလိုင် ၂၇ ရက် ည ၆ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရာဇီးအသင်းသည် တိုကျိုအိုလံပစ်ပြိုင်ပွဲ အုပ်စု (F) တွင် နယ်သာလန်၊ တရုတ်၊ ဇမ်ဘီယာအသင်းတို့နှင့်အတူ ကျရောက်နေသည်။

ပွဲစဉ် နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် အဆိုပါ အုပ်စုကို နယ်သာလန်အသင်းက ဘရာဇီးအသင်းနှင့် ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် ဦးဆောင်ထားသည်။ အဆိုပါ အုပ်စုတွင် တရုတ်၊ ဇမ်ဘီယာအသင်းက နှစ်ပွဲကစားပြီးချိန်တွင် တစ်မှတ်စီသာ ရရှိထားသောကြောင့် နယ်သာလန်၊ ဘရာဇီးအသင်းတို့အနေဖြင့် အိုလံပစ်ပြိုင်ပွဲ နောက်တစ်ဆင့်သို့ တက်ရောက်ရန် အခြေအနေကောင်း ပိုင်ဆိုင်ထားသည်။ သို့သော်လည်း တရုတ်၊ ဇမ်ဘီယာအသင်းတို့သည် အကောင်းဆုံးအုပ်စုတတိယဖြင့် နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေးရှိနေသည့်အတွက် လာမည့်ပွဲစဉ် (၃) က အရေးကြီးသည့် အနေအထားတွင် ရှိနေသည်။

ဘရာဇီးအသင်းသည် ပွဲစဉ် (၁) တွင် တရုတ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ငါးဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိထားသည်။ ပွဲစဉ် (၂) တွင် နယ်သာလန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ကာ တစ်ဖက်သုံးဂိုးစီ သရေကျခဲ့သည်။ ဘရာဇီးအသင်းသည် ယနေ့ပွဲစဉ်တွင် သရေကျရုံဖြင့် နောက်တစ်ဆင့်သို့ တက်ရောက် နိုင်ဖွယ်ရှိနေသည်။ ပြိုင်ဘက် ဇမ်ဘီယာအသင်းကလည်း ယနေ့ပွဲစဉ်တွင် ဘရာဇီးအသင်းကို အနိုင်ရရှိခဲ့ပါက နောက်တစ်ဆင့် တက်ရောက်ရန် အခွင့်အရေး ရှိနေသည့်အတွက် အသင်းကို အကောင်းဆုံးပြင်ဆင် လာဖွယ်ရှိနေသည်။ ဘရာဇီးအသင်းမှ ဝါရင့်တိုက်စစ်ကစားသမား မာတာသည် ပြီးခဲ့သည့်နှစ်ပွဲတွင် သုံးဂိုးအထိ သွင်းယူပေးထားနိုင်သည်။ ထို့ပြင် ဇမ်ဘီယာအသင်းမှ ဘန်ဒါကလည်း ပြီးခဲ့သည့် နှစ်ပွဲတွင် ခြောက်ဂိုးအထိ သွင်းယူပြီး ခြေစွမ်းပြသထားနိုင်သည်။

နယ်သာလန်အသင်းသည် အုပ်စု (F) တွင် ခြေစွမ်းပြသထားနိုင်သည့် အသင်းဖြစ်ပြီး ပြီးခဲ့သည့် နှစ်ပွဲတွင် ရဂိုး ၁၃ ဂိုးအထိရှိပြီး ပေးဂိုး ခြောက်ဂိုးသာရှိသည်။ ထို့အပြင် နယ်သာလန်အသင်းသည် ယနေ့ ပွဲစဉ်တွင် သရေတစ်မှတ်ရရုံဖြင့်




ဘရာဇီး အမျိုးသမီး အသင်း။

နောက်တစ်ဆင့် တက်ရောက်နိုင်မည်ဖြစ်သည်။ ပြိုင်ဘက် တရုတ်အသင်းက ယနေ့ပွဲစဉ်ကို အနိုင်ရရှိမှသာလျှင် နောက်တစ်ဆင့် တက်ရောက်ရန် မျှော်လင့်ချက် ရှင်သန်လာဖွယ် ရှိနေသည့်အတွက် အသင်းကို အကောင်းဆုံး ပြင်ဆင်လာဖွယ် ရှိနေသည်။

နယ်သာလန်အသင်းမှ တိုက်စစ်ကစားသမား မိုင်ဒီမာသည် ပြီးခဲ့သည့် ပွဲစဉ်နှစ်ပွဲတွင် ခြောက်ဂိုးအထိ သွင်းယူထားနိုင်သောကြောင့် အိုလံပစ်ပြိုင်ပွဲ အမျိုးသမီး ဘောလုံးအသင်းတွင် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ဇမ်ဘီယာအသင်းမှ ဘန်ဒါနှင့် ပူးတွဲရပ်တည်နေသည်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၅၅၆. ၉၂ | ၆ လုံး | ၆ လုံး | - |
| ၂။ | သုခမ္မာဇရပ်(မီး(၁)လုံး) | ၄၁ | ၆ လုံး | ၆ လုံး | - |
| ၃။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ (အဆောက်အဦ၊ မီး) | ၉၂၄. ၉၀ | ၁ လုံး | ၁ လုံး | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၂၃. ၂၀ | ၁ လုံး | ၁ လုံး | - |
| ၅။ | ဂေါပကရုံး(မီး/ရေ (၁)လုံး) | ၁၁၀ | ၁ လုံး | ၁ လုံး | - |
| ၆။ | အဝင်မုခ်ဦး(၁၀၀×၄၀×၇)ပေ | ၈၂၀ | ၁ ခု | ၁ ခု | - |
| ၇။ | အဝင်မုခ်ဦးငယ်(၇၅×၄၀×၅)ပေ | ၆၇၆ | ၃ ခု | ၃ ခု | - |
| ၈။ | အရှေ့၊ အနောက်နှင့်တောင်ဘက်မုခ်လှေကား (စကျင်မြန်မာမှုပါ) | ၄၉၀ | ၃ စင်း | ၃ စင်း | - |
| ၉။ | မြောက်ဘက်မုခ်လှေကား(စကျင်မြန်မာမှုပါ) (၆၀ ပေ × ၄၀ ပေ) | ၁၉၁၄ | ၁ စင်း | ၁ စင်း | - |
| ၁၀။ | တံခွန်တိုင်လုံးပတ် (၃)ပေ၊ အမြင့်(၄၅)ပေ | ၄၁၉. ၀၈ | ၁ တိုင် | ၁ တိုင် | - |
| ၁၁။ | ခေါင်းလောင်းထိပ်ဝ(၅ ပေ× ၇ ပေ) | ၉၀ | ၁ လုံး | ၁ လုံး | - |
| ၁၂။ | ဂန္ဓကုဋိတိုက်(၅၄×၂၇×၁၈)ပေ (အဆောက်အဦ ဇာတ်နိပါတ်တော်စကျင်ကျောက်ထွင်းပန်းချီ၊ ဆိုလာ) | ၁၅၉၈ | ၂၄ လုံး | ၂၄ လုံး | - |
| ၁၃။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၈ ခန်း | ၄၄၇ ခန်း |
| ၁၄။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၇ တိုင် | ၄၃ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၂ ခု | ၆၁၀ ခု |
| ၁၆။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၂ တိုင် | ၁၆၈ တိုင် |
| ၁၇။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၂ တိုင် | ၇၈ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၈။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး |
| ၁၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၂၀။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) (၁ ခု) | ၄၃၂၀ | |
| | (က) ရေပန်းအကြီးတည်ဆောက်ခြင်း | ၇၄၀ | ၁ ခု |
| | (ခ) စကျင်ဆင်ရုပ်(အမြင့် ၅ ပေ)(၁ ရုပ်လျှင် ၁၉၈ သိန်း) | ၁၇၈၂ | ၉ ရုပ် |
| | (ဂ) စကျင်မြန်မာမှုလုပ်ငန်း | ၁၀၉၉ | ၁ ခု |
| | (ဃ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၇၀၀ | ၁ ခု |
| ၂၁။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) (၁၈ ခု ၁ ခုလျှင်) | ၈၀၅ | |
| | (က) ရေပန်းအသေးတည်ဆောက်ခြင်း | ၂၇၉ | ၁ ခု |
| | (ခ) စကျင်မြန်မာမှုလုပ်ငန်း | ၂၂၆ | ၁ ခု |
| | (ဂ) ရေပန်းနှင့်မော်တာပန့်များတပ်ဆင်ခြင်းလုပ်ငန်း | ၃၀၀ | ၁ ခု |
| ၂၂။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၂၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၂၄။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄ | ၂၁၈. ၁၄ ခု |
| ၂၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၂၆။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က)ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ)ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါဖျက်သိမ်းခြင်း

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း လက်အောက်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)နှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)တို့မှ တစ်ကြိမ်လျှင် ယူရီးယားဓာတ်မြေသြဇာ ၃,၀၀၀ တန်စီအား ၂၉-၇-၂၀၂၂နှင့် ၅-၈-၂၀၂၂ ရက်တို့တွင် ဖွင့်လှစ်ရောင်းချမည့် အိတ်ဖွင့်တင်ဒါများကို စက်ရုံ၏ ထုတ်လုပ်မှုနှင့် လက်ကျန်အခြေအနေများအရ တင်ဒါဖျက်သိမ်းကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်**
**စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ တနင်္သာရီမြို့၊ ချောင်းကြီးရပ်ကွက်၊ ကွင်းအမှတ်(၄၈၇-ခ)၊ချောင်းကြီး (၂)ကွင်း၊ ဦးပိုင်အမှတ်(၃၇ဃ/၆၁)၊ မြေရေိယာ (၀ဒသမ၀၅၇)ဧကရှိ မြေကွက်အား မြေငှားဂရန်အမှုတွဲအမှတ်(၈၂/၂၀၁၃-၂၀၁၄) အရ ဒေါ်စုစုခင်အမည်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ၎င်းအမည်ပေါက်သူထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁/၂၀၂၀)ဖြင့် ဦးကျော်ဇင်ဝင်း၊ ဒေါ်ဝေဝေထိုက်တို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးကျော်ဇင်ဝင်း ၆/မမန(နိုင်)၁၅၈၈၆၆၊ ဒေါ်ဝေဝေထိုက် ၆/တသရ(နိုင်) ၀၄၁၉၈၁တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆၇၉/လှေကူးကွေ့ကြီး)၊ ဦးပိုင်အမှတ်(၈-က/၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၅) ဧကရှိမြေအား အမှုတွဲအမှတ် ၄၀၄/၁၉၉၈ အရ(၁၃-၃-၁၉၉၈)မှ (၁၂-၃-၂၀၂၈) ထိ ဦးနေဝင်း အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန် ရရှိထားသော ဝင်းမြေအား ဦးမြင့်ဝင်း အမည်ဖြင့် မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်းကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(ခွဲစိတ်အမည်ပြောင်း) ခွင့်ပြုမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မုံရွာမြို့**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်နော်အယ်ဖော
## အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃) ရပ်ကွက်၊ ဖိုးရာဇာ (၃) လမ်း၊ အမှတ် (၁၆၀၇) နေ ဒေါ်နော်အယ်ဖော အသက် (၆၇)နှစ် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာချေးငွေ သတင်းအချက်အလက်ဌာန (MMCB) နှင့် အုပ်ချုပ်မှုဒါရိုက်တာ၊ CB Bank) သည် ၂၆-၇-၂၀၂၂ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာချေးငွေသတင်းအချက်အလက်ဌာန (MMCB)**
**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဝန်ထမ်းများ**

## အထူးကျေးဇူးတင်ရှိပါကြောင်း
## ဦးတင်မောင်အေး အသက်(၈၆)နှစ်
## ညွှန်ကြားရေးမှူး(ငြိမ်း) ရှေ့နေချုပ်ရုံး

၁၂-၇-၂၀၂၂ရက်(တနင်္လာနေ့) မွန်းလွဲ ၂:၃၅နာရီတွင် ကွယ်လွန်သွားသော **ဦးတင်မောင်အေး** မမာမကျန်းစဉ်ကာလတလျှောက်လုံးနှင့် ကွယ်လွန်ချိန်ထိ မေတ္တာစေတနာအပြည့်ဖြင့် ပြုစုစောင့်ရှောက်ကုသပေးခဲ့သော Dr.ဇေယျာအေး (Royal Parami Hospital)၊ Dr. ရတနာကျော်(SSC Hospital)၊ မြေးလေး Dr.မြတ်ကေခိုင်၊ မိဘသဖွယ်ကူညီစောင့်ရှောက်ပေးပါသော ဝဏ္ဏကျော်ထင် ဦးခင်မောင်အေး (ဒု-ရှေ့နေချုပ်၊ ငြိမ်း) ဇနီး ဒေါ်ခင်နီ(အ.ထ-ပြ၊ ငြိမ်း)မိသားစု၊ ရှေ့နေချုပ်ရုံး အငြိမ်းစားမိသားစုများ၊ တပည့်ရင်းဖြစ်သော ဦးခင်မောင်တင့် နှင့်ဇနီး ဒေါ်ခင်မျိုးမြင့်၊ နာရေးကိစ္စအဝဝကို အစအဆုံး တာဝန်ယူပေးပါသော Dr. ဦးစိုးသိန်းနှင့်ဇနီး ဒေါ်ခင်ချိုအုန်း၊ Covid ကာလအတွင်း နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ပေးပါသော Golden Myanmar Airlines မှ CEO, DY CEO, CFO, GM, AGM နှင့်ဝန်ထမ်းများ၊ ရွှေခနေအောင်ကုမ္ပဏီဝန်ထမ်းများ၊ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများ၊ ရပ်ဝေးရပ်နီး၊ နိုင်ငံရပ်ခြားမှ တူ၊ တူမ၊ မိတ်ဆွေများ၊ ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဝင်းဝင်းကြည်
### လ/ထ ညွှန်ကြားရေးမှူး(ငြိမ်း)
### စည်ပင်သာယာရေးအဖွဲ့(ပဲခူးတိုင်း)
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ ဆင်ကန်ရပ်နေ (ဦးမောင်သန်း-ဒေါ်ခင်စိန်)တို့၏သမီး၊ ပန်းတောင်းမြို့နေ ဦးမောင်မောင်-ဒေါ်အေးဘီတို့၏ သမီးချွေးမ၊ ဒေါ်စန်းရီ၊ ဒေါ်အေးမြင့်၊ ဒေါ်သိန်းသိန်းမြင့်၊ ဦးဇော်ဝင်း-ဒေါ်စန်းမြင့်မြင့်၊ (ဒေါ်စန်းစန်းငွေ) တို့၏ညီမ၊ (ဦးတင်ထွန်းအောင်)-ဒေါ်တင်တင်နွဲ့၊ ဦးမြင့်ကိုကို၊ ဒေါ်တင်ထွေးသန်းတို့၏အစ်မ၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ မြို့ပတ်ကွက်(၁၀)လမ်းနေ ဦးတင်ဝမ်း၏ ချစ်လှစွာသောဇနီး၊ ကိုမင်းနေထွဋ်(ခေတ္တ-ဂျပန်)၏ချစ်လှစွာသောမိခင်သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၄:၃၀နာရီတွင် ပြည်မြို့၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမောင်
### အသက်(၈၇)နှစ်
### လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
### ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်(၁၆)နေ (ဦးစစ်ဟန်-ဒေါ်သူတော်)တို့၏သား၊ ဦးထွန်းရွှေ-ဒေါ်နှင်းမြတို့၏ သားသမက်၊ (ဒေါ်သန်းသန်းနွယ်)၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်သီတာဦး(လက်ထောက်ညွှန်ကြားရေးမှူး၊ MTO 1၊ ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးမင်းမင်း-ဒေါ်နီလာ၊ ဒေါ်မာလာ(ဆန်းမြန်မာကုမ္ပဏီ)၊ ဦးဝဏ္ဏကျော်တို့၏ ဖခင် ကိုဖြိုးမင်းထက်(ခေတ္တဂျပန်၊ မမှူးပြည့်ကျော်(Empire Inc Holdings)၊ မယွန်းရတီထက်(Grade 10 အထက-၄၊ တာမွေ)၊ မစုလဲ့ပြည့် (Grade 7 အထက-၂၊စမ်းချောင်း)တို့၏ အဘိုးသည် ၂၆-၇-၂၀၂၂ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဦးဘသိန်း
### (ရှမ်းတဲကြီး/ ပုဇွန်တောင်-ကြက်တန်း/ မြောက်ဥက္ကလာပ)
### အသက် (၈၆)နှစ်

(ဦးစံဖေ-ဒေါ်ငွေအောင်)တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၉)ရပ်ကွက်၊ ပြည်လမ်း၊ ဝန်ထမ်းအိမ်ရာ၊ အခန်း အမှတ် ၄၂၆၊ အခန်း ၉နေ ဒေါ်သိန်းရီ(ဆင်ဖုန်ရွာ)၏ခင်ပွန်း၊ ဦးစံညွန့်(ခ)ဦးစန်းလွင်-ဒေါ်စန်းမြင့်၊ အုပ်ခွဲတပ်ကြပ်ကြီး သန်းလွင် (မင်္ဂလာဒုံလေတပ်စခန်းဌာန ချုပ်)-ဒေါ်ချိုချိုလွင်၊(ဒေါ်လှလှသိန်း)၊ဦးညွန့်လွင်(ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာန၊ ရန်ကုန်ရုံးခွဲ)-ဒေါ်ခင်ဝင်းကြည်၊ ဦးကျော်ဆွေဦး- ဒေါ်ခင်အုန်းမြင့်(အလပြ-အမက-၁၅၊ မ/ဥ)၊ဦးအောင်နိုင်(ဒုတိယညွှန်ကြား ရေးမှူး-စာတတ်မြောက်ရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန)-ဒေါ်နန်းထွေးထွေးလှိုင်တို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂၄-၇-၂၀၂၂ ရက် (စနေနေ့) ည ၈ နာရီတွင် OSCဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၂၂ရက် (တနင်္ဂနွေနေ့) ညနေပိုင်းတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဆန်းမင်း
### ကာသစ်ဦးကုမ္ပဏီ (မန်နေးဂျင်းဒါရိုက်တာ)
### အသက် (၄၉)နှစ်

မလှိုင်မြို့နယ်၊ ဝါးနွယ်ကျေးရွာနေ (ဦးမောင်ချို)-ဒေါ်အေးသိန်းတို့၏သား၊ မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးမောင်ငွေ-ဒေါ်စန်းစန်းဝေတို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ သစ်ခ(၈)လမ်း၊ အမှတ်(၂၇၄)နေ အဂ္ဂမဟာသီရိသုဓမ္မဓဇ ဒေါ်စိုးသန္တာ၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ကောင်းစည်သူ၊ မောင်ဝဏ္ဏစည်သူ၊ မဖူးပြည့်စုန် တို့၏ ဖခင်သည် ၂၃-၇-၂၀၂၂ရက်(သောကြာနေ့) ညနေ ၅:၀၀ နာရီအချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
### လေ ၁၂၆၄ ဗိုလ်မှူးချုပ် မောင်မောင် (လေ)(ငြိမ်း)
### စစ်တက္ကသိုလ် အမှတ်စဉ်(၁)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဒေါ်ခင်သန်းနွဲ့၏ခင်ပွန်း ဗိုလ်မှူးချုပ်မောင်မောင် (လေ)(ငြိမ်း)သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ)မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်မိသားစုများ**

## ဦးခင်မောင်သိန်း
### (လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)
### အသက်(၆၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နေ (ဦးသိမ်းမောင်-ဒေါ်အေးချစ်)တို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးအောင်မြင့်-ဒေါ်မြဝယ်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ ခ/၇လမ်း၊ အမှတ်(၂၂၇/B)နေ ဒေါ်ညိုညိုမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးဖေခင်(ငြိမ်း)-ဒေါ်ခင်မာလာဆွေ၊ (ဦးမျိုးမြင့်အောင်)-ဒေါ်စိုးစိုး၊ ဦးအောင်ရှိန်-(ဒေါ်သိန်းသိန်းမိုး)၊ (ဦးခင်မောင်ငြိမ်း)-ဒေါ်မြင့်မြင့်သန်း၊ (ဦးခင်မောင်လေး)၊ ဦးဆန်းထွေး-ဒေါ်မာလာအေးတို့၏ညီ/အစ်ကို/မောင်၊ ဗိုလ်မှူးအောင်ဇေယျာသိမ်း (စကခ-၉၊ ကျောက်တော်)၊ ဗိုလ်ကြီးညီညီဆွေသိန်း(လ/ထ ကထိက၊ မှော်ဆေးပညာဌာန၊ တပ်မတော်ဆေးတက္ကသိုလ်)၊ ဗိုလ်အောင်ဖြိုးသိမ်း (အထက်တန်းသူနာပြု၊ တဆရ ၁၄/၁၀၀)တို့၏ချစ်လှစွာသောဖခင်သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့)နံနက် ၉:၄၀နာရီတွင် တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး(ခုတင်-၃၀၀)မင်္ဂလာဒုံ၌ကွယ်လွန်သွားပါသဖြင့် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးမြင့်
## အသက်(၈၁)နှစ်

ဦးမျိုးမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တည်ဆောက်ရေးအဆောက်အဦဦးစီးဌာန)-ဒေါ်မြင့်မြင့်စိန်တို့၏ ဖခင်ဖြစ်သူ ရန်ကုန်မြို့နေ ဦးအေးမြင့် အသက်(၈၁)နှစ်သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက်၁၁:၂၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရဲမင်းဇော်၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအေးမြင့်
## အသက်(၈၁)နှစ်

ဦးမျိုးမြင့် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တည်ဆောက်ရေးအဆောက်အဦဦးစီးဌာန)-ဒေါ်မြင့်မြင့်စိန်တို့၏ ဖခင်ဖြစ်သူ ရန်ကုန်မြို့နေ ဦးအေးမြင့် အသက်(၈၁)နှစ်သည် ၂၆-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက်၁၁:၂၀နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

